# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိမိကိုယ်ကို ယဉ်ကျေးအောင်ဆုံးမ**

မြောင်းတူးရေယူသမားတို့သည် အလိုရှိရာရေကို ဆောင်ယူကြကုန်၏။ လေးသမားတို့သည် မြားကို ဖြောင့်ကုန်၏။ သစ်သမားတို့သည် သစ်ကိုလိုတိုင်း ရအောင်ရွေကုန်၏။ ကောင်းသောအကျင့်ရှိသော သူတော်ကောင်းတို့သည် မိမိကိုယ်ကို ယဉ်ကျေးအောင် ဆုံးမကုန်၏။

ဒဏ္ဍဝဂ် (ဓမ္မပဒ – ၁၄၅)


၁၃၈၁ ခုနှစ်၊ တပေါင်းလဆန်း ၁၂ ရက် ၂၀၂၀ ပြည့်နှစ်၊ မတ် ၅ ရက်၊ ကြာသပတေးနေ့ အတွဲ (၅၉)၊ အမှတ် (၁၅၇)




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ထိုင်းနိုင်ငံ ဗန်ကောက်အခြေစိုက် International Union for Conservation of Nature (IUCN) ၏ အာရှဆိုင်ရာ ဒေသတွင်းညွှန်ကြားရေးမှူးနှင့် အာရှ–သမုဒ္ဒရာဒေသများဆိုင်ရာ ညွှန်ကြားရေးမှူး Ms. Aban Marker Kabraji အား လက်ခံတွေ့ဆုံစဉ်။ သတင်းစဉ်

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်

## IUCN ၏ အာရှဆိုင်ရာ ဒေသတွင်းညွှန်ကြားရေးမှူးနှင့် အာရှ-သမုဒ္ဒရာဒေသများဆိုင်ရာ ညွှန်ကြားရေးမှူးအား လက်ခံတွေ့ဆုံ

**နေပြည်တော် မတ် ၄**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ထိုင်းနိုင်ငံ ဗန်ကောက်အခြေစိုက် International Union for Conservation of Nature (IUCN) ၏ အာရှဆိုင်ရာ ဒေသတွင်းညွှန်ကြားရေးမှူးနှင့် အာရှ–သမုဒ္ဒရာဒေသများဆိုင်ရာ ညွှန်ကြားရေးမှူး Ms. Aban Marker Kabraji အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ ဂေဟစနစ် ထိန်းသိမ်းစောင့်ရှောက်ရေး၊ ပတ်ဝန်းကျင်နှင့် ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေး လုပ်ငန်းများအတွက် IUCN နှင့် ပူးပေါင်းဆောင်ရွက်နေမှုများကို ဆွေးနွေးခဲ့ကြသည်။

အဆိုပါ တွေ့ဆုံပွဲသို့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

**သတင်းစဉ်**

## မြန်မာ့ရုပ်ရှင်ထူးချွန်ဆုပေးပွဲအခမ်းအနား ကျင်းပမှုအား ခေတ္တဆိုင်းငံ့ထား

**ရန်ကုန် မတ် ၄**

၂၀၁၉ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုပေးပွဲအခမ်းအနားကို မတ် ၂၉ ရက်တွင် ရန်ကုန်မြို့ရှိ ပြည်သူ့ရင်ပြင်၌ ကျင်းပရန် စီစဉ်ထားရှိမှုအား ခေတ္တဆိုင်းငံ့ထားကြောင်း မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးညီညီထွန်းလွင်က ပြောကြားသည်။

“ မြန်မာ့ရုပ်ရှင်ထူးချွန်ဆုပေးပွဲကို မတ်လမှာ မလုပ်တော့ဘဲ သင်္ကြန်အပြီး မေလ လဆန်းပိုင်းလောက်မှပဲ စီစဉ်သွားဖို့များတယ်” ဟု မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးညီညီထွန်းလွင်က ပြောသည်။

COVID – 19 ရောဂါနှင့် ပတ်သက်၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် မြန်မာနိုင်ငံ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတို့၏ အသိပေးနှိုးဆော်ပန်ကြားချက်များအရ ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပပြုလုပ်သည့် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၏ အစည်းအဝေးမှ ထိုသို့ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

“ကျွန်တော်တို့ ရုပ်ရှင်အစည်းအရုံးနာယကကြီးများ၊ အမှုဆောင်များ၊ ပွဲတော်ကျင်းပရေးအတွက် ပံ့ပိုးကူညီပေးမယ့် Bella ကုမ္ပဏီမှ တာဝန်ရှိသူများ၊ ကျင်းပရေးတာဝန်ခံများ အစည်းအဝေးမှာ အဘက်ဘက်ကသုံးသပ်ပြီး ဆုံးဖြတ်လိုက်တာပါ ” ဟု မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး အတွင်းရေးမှူး ဦးဇော်မြင့်ဦးက ပြောသည်။

အဆိုပါ မြန်မာ့ရုပ်ရှင်ထူးချွန်ဆုပေးပွဲ ကျင်းပမည့် အချိန်နှင့် နေရာကို မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ ထပ်မံအသိပေးကြေညာသွားမည်ဖြစ်ကြောင်း သိရသည်။

**ခင်သူဇာမင်း (FDC)**




မြန်မာ့အလင်း

# ရောဂါဘ္ဘရဘေး ကင်းဝေးကြရလေအောင်

လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ(COVID-19) နှင့်စပ်လျဉ်း၍ ကမ္ဘာတစ်ဝန်း ရောဂါကူးစက်ဖြစ်ပွားသည့် နိုင်ငံများ တစ်နိုင်ငံပြီး တစ်နိုင်ငံဆိုသလို ဆက်တိုက်များပြားလာနေသည်။ နိုင်ငံပြင်ပမှ ရောဂါကူးစက်ဝင်ရောက်လာခြင်း၊ နိုင်ငံအတွင်း၌လည်း ဆက်လက်ကူးစက်ပြန့်ပွားခြင်း နည်းလမ်းများဖြင့် ရောဂါကူးစက်ပြန့်ပွားမှုအခြေအနေများ ဖြစ်ပေါ်နေရာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ကူးစက်ပြန့်ပွားနိုင်မှု (Risk Assessment) အလွန်မြင့်မားသည့်အဆင့်(Very High)အဖြစ် တိုးမြှင့်သတ်မှတ်ထားပြီဖြစ်သည်။

COVID-19 ရောဂါမှာ ယမန်နေ့ ညပိုင်းအထိ ကမ္ဘာ့နိုင်ငံပေါင်း ၇၃ နိုင်ငံတွင် ရောဂါဖြစ်ပွားနေပြီး သေဆုံးသူဦးရေ စုစုပေါင်းမှာလည်း ၃၁၁၂ ဦးထိ ရှိနေပြီဖြစ်သည်။ နိုင်ငံတွင်း ရောဂါကူးစက်မှုဖြစ်ပွားနေသည့် နိုင်ငံများ၏ အရေအတွက်မှာလည်း တစ်ရက်ပြီးတစ်ရက် တိုးလျက်ရှိနေသည်။

COVID-19 ရောဂါဖြစ်ပွားနေသူများ၊ ရောဂါလက္ခဏာမပြသေးသော်လည်း ရောဂါရှိနေသူများထံမှ အခြားသူများသို့ ရောဂါကူးစက်မှုသည် လူစုလူဝေးများသည့် နေရာများတွင် ပြန့်ပွားနိုင်သည့်အတွက် ယခုကာလအတွင်း လူစုလူဝေးများသည့်နေရာများ၊ ပွဲလမ်းသဘင်များကို အတတ်နိုင်ဆုံး ရှောင်ကြဉ်ကြရန်၊ လူစုလူဝေးများနှင့် ပွဲလမ်းသဘင်များကို မဖြစ်မနေကျင်းပရပါကလည်း လူနည်းနည်းနှင့် ကျင်းပပြီး ဖျားနာနေသူများ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါရှိနေသူများ မလာရောက်စေရန် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက တိုက်တွန်းနှိုးဆော်ထားသည်။ မကြာမီကျင်းပတော့မည့် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနား၊ ရုပ်ရှင်အကယ်ဒမီဆုချီးမြှင့်ပွဲအခမ်းအနား၊ ရန်ကုန်တက္ကသိုလ်ရာပြည့်မွေ့သဘင်အခမ်းအနား စသည်တို့အပါအဝင် လူစုလူဝေးပွဲလမ်းသဘင်များစွာ ဆိုင်းငံ့လိုက်ကြသော်လည်း အချို့ပွဲလမ်းသဘင်များကျင်းပမည့်သတင်းများကို တွေ့ရှိနေရသေးသည်။ အထူးသဖြင့် ယခုလသည် မြန်မာပြက္ခဒိန်အရ တပေါင်းလဖြစ်သည့်အလျောက် မြန်မာနိုင်ငံအနှံ့အပြားတွင် ဘုရားပွဲများ ကျင်းပလေ့ရှိသည့်ကာလဖြစ်ရာ နှစ်စဉ်ကျင်းပမြဲဖြစ်သည့်အတိုင်း ကျင်းပရန်ပြင်ဆင်နေကြခြင်းဖြစ်သည်။ COVID-19 ရောဂါနှင့်ပတ်သက်၍ စိုးရိမ်လွန်၊ အကြောက်တရားလွန်ကဲခြင်းမျိုး မဖြစ်သင့်သလို လုံးဝအလေးဂရုမပြုခြင်း၊ ကံယုံ၍ ဆူးပုံနင်းခြင်းကဲ့သို့သော အစွန်းတစ်ဖက်သို့လည်း ရောက်သွားသင့်သည် မဟုတ်ပေ။

ဖျားနာနေသူ၊ နှာစေးချောင်းဆိုးနေသူ၊ နှာချေနေသူ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါတစ်ခုခုဖြစ်နေသူတစ်ဦးအနေဖြင့် ပါးစပ် နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ထားရန် (ကျန်းမာနေသူများမှာ ပါးစပ် နှာခေါင်းစည်းတပ်ရန်မလိုပါ။)၊ လူစုလူဝေးများသည့်နေရာများ၊ ပွဲလမ်းသဘင်များသို့ မသွားဘဲရှောင်ရှားရန်လိုအပ်သည်။ သာမန်အားဖြင့် ကျန်းမာနေသူများမှာ လူစုလူဝေးများသည့် နေရာများသို့ တတ်နိုင်သမျှ မသွားဘဲရှောင်ရှားခြင်း၊ လက်ကို မကြာခဏ စနစ်တကျဆေးကြောသန့်စင်ခြင်းတို့ပြုလုပ်ရန် အကြံပြုချက်များကို လိုက်နာဆောင်ရွက်ခြင်းအားဖြင့် လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ (COVID-19) ကို ကျော်လွှားသွားနိုင်ကြမည်ဖြစ်သည်။

လက်ရှိ အခြေအနေတွင် COVID-19 ရောဂါကူးစက်ဖြစ်ပွားနေသည့် နိုင်ငံများ၌ ကမ္ဘာ့ထိပ်တန်းနိုင်ငံကြီးများ၊ စီးပွားရေးအင်အားကြီးနိုင်ငံများ၊ ဒေသတွင်း ရှေ့တန်းရောက်နေသည့်နိုင်ငံများ စသည်တို့ပါဝင်နေပြီး ရောဂါလျင်လျင်မြန်မြန်ကူးစက်နေမှုနှင့် ရောဂါကြောင့် အသက်သေဆုံးမှုများပါ ဖြစ်ပေါ်လျက်ရှိသည်။ မိမိတို့ ပြည်သူတစ်ဦးချင်းက သတိဟူသည် ပိုသည်မရှိဟူ၍ နှလုံးမူလျက် ကျန်းမာရေးအသိတရားရှိရှိဖြင့် ကျင့်သုံးနေထိုင်ကြကာ ရောဂါဘ္ဘရဘေးမှ ကင်းဝေးနိုင်ကြပါစေကြောင်း။ ။

## ၂၀၂၀ ပြည့်နှစ်၊ (၇၅) နှစ်မြောက် စိန်ရတုတပ်မတော်နေ့ ဦးတည်ချက်များ

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေး (၃) ပါးကို အမျိုးသားရေးမူဝါဒအဖြစ် ဦးထိပ်ပန်ဆင်ပြီး နိုင်ငံတော်အတွက် အသက်ပေးတာဝန်ထမ်းဆောင်ရေး။

(၂) ထာဝရငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်နိုင်ရန် တပ်မတော်၏ ငြိမ်းချမ်းရေးမူဝါဒ(၆)ရပ်ဖြင့် နိုင်ငံတော်အစိုးရနှင့်အတူ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်နိုင်ရေး။

(၃) နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ပြည်သူလူထုအကျိုးစီးပွား ကာကွယ်စောင့်ရှောက်ရေးတို့အတွက် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီတပ်မတော်တည်ဆောက်ရေး။

(၄) နိုင်ငံတော်ကာကွယ်ရေးတာဝန်နှင့် အမျိုးသားနိုင်ငံရေးတာဝန်များကို ခေတ်အဆက်ဆက် ကျေပွန်စွာထမ်းဆောင်ခဲ့သည့် တပ်မတော်၏ အစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းဆောင်ရွက်ရေး။

## မိုးဆက်လက်ထစ်ချုန်းရွာမည်

နေပြည်တော် မတ် ၄

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် မိုးဆက်လက်ထစ်ချုန်းရွာမည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့်ရှိနိုင်သည်။

မိုး/ဇလ

## သံအမတ်ကြီး ဒေါ်ကေသီစိုးအား ဂျော်ဂျီယာနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်

နေပြည်တော် မတ် ၅

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတသည် ချက်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဒေါ်ကေသီစိုးအား ၎င်း၏ လက်ရှိတာဝန်ဝတ္တရားများအပြင် ဂျော်ဂျီယာနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီးဖြစ်သည်။

သတင်းစဉ်

## ဒုတိယအကြိမ် မြန်မာ-ချက် နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနအကြား ဆွေးနွေးပွဲကျင်းပ

နေပြည်တော် မတ် ၄

ဒုတိယအကြိမ် မြန်မာ-ချက် နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ဆွေးနွေးပွဲကို ယမန်နေ့ နံနက်ပိုင်းက ချက်သမ္မတနိုင်ငံ ပရာ့ဂ်မြို့ရှိ ချက်နိုင်ငံခြားရေး ဝန်ကြီးဌာန၌ ကျင်းပသည်။ (ယာပုံ)



ဆွေးနွေးပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးစိုးဟန်၊ ချက်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဥရောပမဟုတ်သည့် နိုင်ငံများ၊ စီးပွားရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ဒုတိယဝန်ကြီး Mr. Martin Tlapa ၊ ချက်သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဒေါ်ကေသီစိုးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် မြန်မာ-ချက် နှစ်နိုင်ငံအကြား ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး၊ နှစ်နိုင်ငံအကြား အပြန်အလှန်ခရီးစဉ်များ စီစဉ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု၊ ယဉ်ကျေးမှု၊ ကမ္ဘာလှည့်ခရီးသွားလာရေး ကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်တိုးချဲ့နိုင်မည့် နည်းလမ်းများအပေါ် ဆွေးနွေး အမြင်ချင်းဖလှယ်ခဲ့ကြသည်။

ထို့အပြင် နှစ်နိုင်ငံအကြား တတိယအကြိမ် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ပူးတွဲကော်မရှင်အစည်းအဝေးကို နေပြည်တော်တွင် ယခုနှစ် မေလအတွင်း ကျင်းပနိုင်ရေးကိုလည်း ညှိနှိုင်းဆွေးနွေးသည်။ အမြဲတမ်းအတွင်းဝန်က နိုင်ငံတော်အစိုးရမှ ဦးစားပေးဆောင်ရွက်လျက်ရှိသည့် စီးပွားရေးပြုပြင်ပြောင်းလဲမှုများ၊ ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် အစိုးရ၏ ကြိုးပမ်းဆောင်ရွက်မှုများနှင့် ရခိုင်ပြည်နယ် ဖြစ်ပေါ်တိုးတက်မှု အခြေအနေတို့ကိုလည်း ရှင်းလင်းအသိပေးခဲ့သည်။ ထို့အပြင် ဒေသတွင်းနှင့် နိုင်ငံတကာ အကျိုးတူကိစ္စရပ်များနှင့်စပ်လျဉ်း၍လည်း အမြင်ချင်းဖလှယ်ခဲ့ကြသည်။

ဆွေးနွေးပွဲအပြီးတွင် အမြဲတမ်းအတွင်းဝန် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ချက်နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက တည်ခင်းဧည့်ခံသော အလုပ်သဘောနေ့လယ်စာစားပွဲသို့ တက်ရောက်ခဲ့သည်။

အမြဲတမ်းအတွင်းဝန်သည် ပရာ့ဂ်မြို့တွင် ရှိနေစဉ်အတွင်း ချက်နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး Mr. Thomas Petricek နှင့်လည်း တွေ့ဆုံကာ နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များကိုလည်း ဆွေးနွေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## မြန်မာ့ခရီးသွားဘဏ်လီမိတက်(ဘုရင့်နောင်ဘဏ်ခွဲ)မရမ်းကုန်းမြို့နယ်တွင် ဖွင့်လှစ်

ရန်ကုန် မတ် ၄

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အမှတ်(၁)ရပ်ကွက် ဘုရင့်နောင်ပွဲရုံတန်းရှိ ယုဇနလမ်း(ည/၄၄)တွင် မြန်မာ့ခရီးသွားဘဏ်လီမိတက်(ဘုရင့်နောင်ဘဏ်ခွဲ)အမှတ်စဉ်(၅)ကို ယနေ့ နံနက်ပိုင်းက မြန်မာ့ခရီးသွားဘဏ်လီမိတက်ဥက္ကဋ္ဌ ဦးရန်ဝင်းနှင့် ဖိတ်ကြားထားသည့် စီးပွားရေးလုပ်ငန်းရှင်များက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

မြန်မာ့ခရီးသွားဘဏ်ရုံးချုပ်ကို ရန်ကုန်မြို့ ကမာရွတ်မြို့နယ် (၈)ရပ်ကွက် ပြည်လမ်း အမှတ်-၄၃၇(က)တွင် ၂၀၁၉ ခုနှစ် မေ ၆ ရက်က ဖွင့်လှစ်ခဲ့ပြီး ၂၀၁၉ ခုနှစ် စက်တင်ဘာလတွင် မန္တလေးဘဏ်ခွဲနှင့် နေပြည်တော် ဘဏ်ခွဲကို ဖွင့်ခဲ့ကြောင်း၊ ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလက ကရင်ပြည်နယ်တွင် မြဝတီဘဏ်ခွဲဖွင့်၍ ယခု မတ်လတွင်ဖွင့်သော ဘုရင့်နောင်ဘဏ်ခွဲသည် ငါးခုမြောက်ဘဏ်ဖြစ်ကြောင်း၊ ဆက်လက်၍ ရွှေဘိုသာ၊ လမ်းမတော်၊ မင်္ဂလာဈေး၊ စော်ဘွားကြီးကုန်း၊ မုံရွာ၊ ကလေး၊ မူဆယ်နှင့် နယ်စပ်မြို့များပါမကျန် ဖွင့်လှစ်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

“ကျွန်တော်တို့ မြန်မာ့ခရီးသွားဘဏ်အနေနဲ့က မြန်မာနိုင်ငံဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်ဖို့၊ Customer များ ဝန်ဆောင်မှုအတွက် ခေတ်မီတဲ့ Payment Solution ခရီးသွားလုပ်ငန်း ပိုမိုတိုးတက်အောင်မြင်အောင်နဲ့ ခရီးသွားလုပ်ငန်းတိုးချဲ့လုပ်ကိုင်ဖို့ ခရီးသွားကဏ္ဍအတွက် အထူးငွေစုအတိုးနှုန်းသက်သာအောင်၊ Customer များရဲ့ လိုအပ်ချက်ကိုက်ညီအောင်၊ ချေးငွေဝန်ဆောင်မှုသက်သာအောင်၊ နိုင်ငံတကာနဲ့ ပို့ကုန်မြန်ဆန်သက်သာအောင် ရည်ရွယ်ပြီး ဖွင့်လှစ်တာပါ” ဟု မြန်မာ့ခရီးသွားဘဏ်လီမိတက်ဒုတိယဥက္ကဋ္ဌ ဦးသိန်းဟန်က ပြောသည်။ **မျိုးမင်းသိန်း(မရမ်းကုန်း)**

# အဋ္ဌမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဒုတိယအစည်းအဝေး ဒုတိယနေ့ ဆက်လက်ကျင်းပ

**ရန်ကုန် မတ် ၄**

အဋ္ဌမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဒုတိယအစည်းအဝေး ဒုတိယနေ့ကို ယနေ့ နံနက် ၈ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ ဆဋ္ဌသင်္ဂါယနာ မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီး၌ ကျင်းပသည်။

အဆိုပါ အစည်းအဝေးသို့ နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၊ နိုင်ငံတော်ဗဟိုသံဃာ့ ဝန်ဆောင် ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြည်ညိုကြသည်။

အစည်းအဝေးတွင် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ ဒွိပိဋကဓရ ဘဒ္ဒန္တအဂ္ဂဓမ္မ က သဘာပတိဆရာတော်အဖြစ် ဆောင်ရွက်တော်မူပြီး တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသီလာစာရာဘိဝံသ က အခမ်းအနားမှူး ဆရာတော်အဖြစ် ဆောင်ရွက်တော်မူသည်။

ရှေးဦးစွာ အခမ်းအနားမှူး ဆရာတော်က အစည်းအဝေးစတင်ကြောင်းနှင့် ကြွရောက်တော်မူကြသည့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များ၏ အရေအတွက်ကို ဖတ်ကြားလျှောက်ထားပြီး အစည်းအဝေး ထမြောက်အောင်မြင်ကြောင်း ကြေညာသည်။

ထို့နောက် ဖြန့်ဝေဆက်ကပ်ထားသော အစီအစဉ်တွင်ပါရှိသည့်အတိုင်း အစည်းအဝေး ကျင်းပသွားမည်ဖြစ်ကြောင်း လျှောက်ထားပြီး နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများက တင်ပြလာသော အကြံဉာဏ်များကို တွဲဖက်အကျိုးတော်ဆောင် ဆရာတော်များဖြစ်ကြသည့် အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ ဓမ္မာစာရနှင့် သာသနဓဇ ဓမ္မာစရိယ ဝိနယဓရ ၊ Ph.D ဒေါက်တာ ဘဒ္ဒန္တ စန္ဒနသာရ တို့က ရှင်းလင်းပြန်ကြားပြီး နံနက်ပိုင်းအစည်းအဝေးကို ရပ်နားသည်။

မွန်းလွဲပိုင်းတွင် သံဃနာယကနှင့် ဝိနည်းမိုရ်သင်တန်း သင်တန်းသား ဆရာတော်များက အကြံပြုတင်ပြလျှောက်ထားလာသည့် ကိစ္စရပ်များ၊ သံဃာ့ အဖွဲ့အစည်းအဆင့်ဆင့် အထက်အောက် တွေ့ဆုံညှိနှိုင်းပွဲများ ပြုလုပ်ရေး တင်ပြလျှောက်ထားလာသည့် ကိစ္စရပ်များ၊ သံဃနာယက အဆင့်ဆင့် အစားထိုးရွေးချယ်ရာ၌ သက်တမ်း သတ်မှတ်ချက်နှင့် ပတ်သက်၍ စိစစ်ရေးအဖွဲ့ ဖွဲ့စည်းရန်ကိစ္စ တင်ပြလျှောက်ထားခြင်းများနှင့်စပ်လျဉ်းပြီး ဆွေးနွေးဆုံးဖြတ်တော်မူကြသည်။

ယင်းနောက် ပျံလွန်တော်မူသွားသော မဟာဒွါရဂိုဏ်းဆိုင်ရာ နိုင်ငံတော် သံဃမဟာနာယက ဆရာတော်နေရာအတွက် အစားထိုး ရွေးချယ်ခံရသည့် နိုင်ငံတော် သံဃ မဟာနာယက ဆရာတော်၏ ဘွဲ့အမည်စာရင်းကို တင်သွင်း၍ အတည်ပြုချက်ရယူပြီး နိုင်ငံတော် သံဃမဟာနာယက အဖွဲ့၏ တစ်နှစ်တာ ကာလအတွင်း ဆောင်ရွက်ခဲ့သော အစီရင်ခံစာကို ဝိနိစ္ဆယရေးရာ၊ သာသနာရေးရာ၊ ပညာရေးရာ ကဏ္ဍအလိုက် ကိုယ်စားလှယ် ဆရာတော်များက ဆွေးနွေးကြသည်။

တစ်နှစ်တာအတွင်း ဆောင်ရွက်ခဲ့သည့် အစီရင်ခံစာအပေါ် ဝေဖန်ဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဓမ္မာစာရက ပြန်လည်ရှင်းလင်းလျှောက်ထားပြီး ဒုတိယနေ့အစည်းအဝေးကို ရပ်နားသည်။

ယနေ့ အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသည့် ဆရာတော်များအား တစ်နေ့တာဆွမ်းအလှူရှင်အဖြစ် အမှတ် ၃၃ ဗိုလ်ရာညွန့်လမ်း ဒဂုံမြို့နယ်နေ မိခင်ကြီး ဒေါ်တင်ဝင်းရီအား အမှူးထား၍ ဗိုလ်မှူးကြီး သိန်းငွေး(ငြိမ်း)- ဒေါက်တာမြသီတာ(သီဟသုဓမ္မသိင်္ဂီ) မိသားစုက ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

**သတင်းစဉ်**



အဋ္ဌမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဒုတိယအစည်းအဝေး ဒုတိယနေ့ကျင်းပစဉ်။ သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ပျဉ်းမနားမြို့နယ် ဖရဲ၊ သခွားမွှေး သီးနှံဈေးကွက်ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲတက်ရောက်

**နေပြည်တော် မတ် ၄**

ဖရဲ၊ သခွားမွှေး သီးနှံဈေးကွက် ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲကို ယနေ့မွန်းလွဲ ၁ နာရီတွင် ပျဉ်းမနားမြို့နယ် ကူးတို့ဆိပ်ကမ်း ကျေးရွာအုပ်စု ဇီးရိုင်းကျေးရွာတွင် ကျင်းပသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနအနေဖြင့် စိုက်ပျိုးထုတ်လုပ်သူများ၊ ကုန်သည်လုပ်ငန်းရှင်များနှင့် စားသုံးသူ ပြည်သူများအကြား အချိတ်အဆက်မိအောင်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပြည်တွင်းမှထွက်ရှိသော ရာသီပေါ်သီးနှံများအား ပြည်ပသို့ တင်ပို့ရောင်းချလျက်ရှိရာ တင်ပို့သော သီးနှံများအား သန့်ရှင်းလတ်ဆတ်ပြီး ရောဂါပိုးမွှားကင်းစင်သည့် အရည်အသွေးမြင့်သီးနှံများနှင့် မျိုးကောင်းမျိုးသန့်သီးနှံများ စိုက်ပျိုးနိုင်ရေးအတွက် အထူးအလေးထားဆောင်ရွက်ကြရန်လိုကြောင်း၊ အခြားပြည်ပပို့ကုန်များဖြစ်သော ပဲစင်းငုံ၊ မတ်ပဲ၊ ပဲတီစိမ်း၊ ပြောင်းတို့အား လက်ရှိအချိန်တွင် ကုန်ကြမ်းအတိုင်းသာ တင်ပို့နေရသဖြင့် တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် ပြုပြင်တင်ပို့နိုင်ရေးကိုလည်း အားပေးကူညီဆောင်ရွက်ပေးစေလိုပါကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့် ကုန်ပစ္စည်း စိုက်ပျိုးထုတ်လုပ်သူများ၊ ဝယ်ယူရောင်းချသူများ၊ ပြည်တွင်း / ပြည်ပသို့ တင်ပို့ရောင်းချသူများ စသည့် လုပ်ငန်းစဉ်တစ်ခုလုံးတွင် ပါဝင်ပတ်သက်နေသူများကိုစုစည်း၍ လုပ်ငန်းကဏ္ဍအလိုက် အသင်းအဖွဲ့များ ဖွဲ့စည်းတည်ထောင်ပေးလျက်ရှိကြောင်း၊ အသင်းအဖွဲ့ ဖွဲ့စည်းခြင်းဖြင့် နည်းပညာပိုင်းဆိုင်ရာများ၊ ဈေးကွက်ပိုင်းဆိုင်ရာများ ကျယ်ကျယ်ပြန့်ပြန့် နီးနီးနေ့တိုင်ပင်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ပြည်တွင်း/ပြည်ပ ကုန်စည်ပြပွဲများတွင် ပါဝင်ပြသခြင်းအားဖြင့်လည်း မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းများအား ပြည်ပနိုင်ငံများမှ သိရှိနိုင်မည်ဖြစ်သည့်အတွက် ကုန်စည်ပြပွဲများကို တာဝန်ယူဆောင်ရွက်ပေးလျက်ရှိကြောင်း ပြောကြားသည်။


ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ဖရဲ၊ သခွားမွှေး သီးနှံဈေးကွက် ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

ထို့နောက် နေပြည်တော်ကောင်စီဝင် ဦးအေးမောင်စိန်၊ စားသုံးသူရေးရာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်မောင်း၊ မြန်မာနိုင်ငံ ဖရဲ၊ သခွား စိုက်ပျိုးတင်ပို့ရောင်းချသူများအသင်းဥက္ကဋ္ဌ ဦးနိုင်ဝင်းနှင့် တာဝန်ရှိသူများက သီးနှံများ စိုက်ပျိုးတင်ပို့မှုဆိုင်ရာများအား အကျယ်တဝင့် ရှင်းလင်းကြသည်။

ဆက်လက်ပြီး တက်ရောက်လာကြသော ဖရဲ၊ သခွားစိုက်တောင်သူများက တွေ့ကြုံနေရသည့် အခက်အခဲများအားတင်ပြကြရာ တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ပြန်လည်ဖြည့်စွက် ရှင်းလင်းပေးပြီး ဖရဲစိုက်တောင်သူ ဦးကျော်သောင်း၏ ဖရဲစိုက်ခင်းဧက ၅၀ တွင် စိုက်ပျိုးဖြစ်ထွန်းနေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရန်ကုန်တက္ကသိုလ်၏ တက္ကသိုလ်ရာပြည့် ဓမ္မသဘင်ကို ကျင်းပမည့်ရက် ရွှေ့ဆိုင်း

**နေပြည်တော် မတ် ၄**

မတ် ၇ ရက်၊ ၈ ရက်နှင့် ၉ ရက်တို့တွင် ကျင်းပရန် စီစဉ်ထားသည့် ရန်ကုန်တက္ကသိုလ်၏ တက္ကသိုလ်ရာပြည့်ဓမ္မသဘင်ကို COVID-19 ကူးစက်ရောဂါနှင့် ပတ်သက်၍ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာန၏ သတိပေးထုတ်ပြန်ချက်များအရ ကျင်းပမည့်ရက် အကန့်အသတ်မရှိ ရွှေ့ဆိုင်းထားကြောင်း ရန်ကုန်တက္ကသိုလ် ဗုဒ္ဓဘာသာအသင်းကြီးမှ သိရသည်။

COVID-19 ကူးစက်ရောဂါ သတိပေးထုတ်ပြန်ချက်များအရ ရာပြည့်ဓမ္မသဘင် ကျင်းပရေးကော်မတီက ဓမ္မသဘင်ကို ကျင်းပရက် ရွှေ့ဆိုင်းရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါ ဓမ္မသဘင်အတွက် လှူဒါန်းထားသော အလှူငွေများ၊ အလှူပစ္စည်းများကို ဘဏ္ဍာရေးကော်မတီမှ ဆက်လက်ထိန်းသိမ်းထားမည်ဖြစ်ပြီး ဓမ္မသဘင်ပြန်လည်ကျင်းပသည့်အခါ လှူဒါန်းသွားမည်ဖြစ်ကြောင်းနှင့် ပြန်လည်ကျင်းပမည့်ရက်ကိုလည်း ထပ်မံကြေညာထုတ်ပြန်သွားမည်ဖြစ်ကြောင်း သိရသည်။ **မောင်မောင်မျိုး**

# ကန်ကြီးထောင့်မြို့နယ် သမိုင်းဝင် ဆံတော်ရှင်ရွှေမောင်းတီး မဟာစေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနီယပွဲတော်ကျင်းပမည်

**ကန်ကြီးထောင့် မတ် ၄**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ် လက်ဆောင်ကွင်းကျေးရွာအုပ်စု မောင်းတီးကျေးရွာတွင် တည်ထားကိုးကွယ်သော သမိုင်းဝင် ဆံတော်ရှင် ရွှေမောင်းတီးမဟာစေတီတော်မြတ်ကြီး (၄၇) ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်ကို တပေါင်းလဆန်း ၁၄ ရက်မှ တပေါင်းလပြည့်ကျော် ၆ ရက်၊ (မတ် ၇ ရက်မှ ၁၄ ရက်) အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ဗုဒ္ဓပူဇနီယပွဲတော်တွင် ဆီမီးတစ်ထောင်ကပ်လှူပူဇော်ပွဲ၊ ကန်တော့ပွဲစုံကပ်လှူပွဲ၊ ဓမ္မပူဇာသဘင်ပွဲ၊ ဗုဒ္ဓါဘိသေက အနေကဇာတင်ပွဲ၊ အဘိဓမ္မာ ခုနစ်ကျမ်း ရွတ်ဖတ်ပူဇော်ပွဲနှင့် ပျော်ပွဲရွှင်ပွဲများကို တပေါင်းလဆန်း ၁၄ ရက်မှ တပေါင်းလပြည့်ကျော် ၆ ရက် (မတ် ၇ ရက်မှ ၁၄ ရက်)အထိ စည်ကားစွာ ကျင်းပမည်ဖြစ်ပြီး သမိုင်းဝင် ဆံတော်ရှင်ရွှေမောင်းတီး မဟာစေတီတော်မြတ်ကြီး (၄၇) ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်သို့ ကြွရောက်ကြည်ညိုသဒ္ဒါပွား၍ ကုသိုလ်ပါဝင်နိုင်ကြပါရန် ဖိတ်ကြားပါကြောင်း ရွှေမောင်းတီးမဟာစေတီတော်မြတ်ကြီး သာသနာ့အကျိုးတော်ဆောင် အဖွဲ့ထံမှ သိရသည်။

**နန်းထိုက် (KGD)**

# တရားရုံးက ဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးစမ်းသပ်အစီအစဉ် ရှင်းလင်းတင်ပြခြင်းအခမ်းအနား ကျင်းပ

**နေပြည်တော် မတ် ၄**

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ တရားရုံးက ဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေး စမ်းသပ်အစီအစဉ် ရှင်းလင်းတင်ပြခြင်း အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန – ၂ (MICC – 2) တွင် ကျင်းပသည်။

**တိုးချဲ့ဆောင်ရွက်**

အခမ်းအနားတွင် ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးက ပြည်ထောင်စု တရားလွှတ်တော်ချုပ်အနေဖြင့် တရားစီရင်ရေးမဟာဗျူဟာစီမံကိန်း (၂၀၁၈–၂၀၂၂) ၏ မဟာဗျူဟာရည်မှန်းချက် ၅ ဒသမ ၃ တွင် အငြင်းပွားမှုများကို တရားရုံးက ထိရောက်မြန်ဆန်စွာ ဖြေရှင်းပေးသော စနစ်များကို သတ်မှတ်ဆောင်ရွက်ရန် ရည်မှန်းချက်နှင့်အညီ ၂၀၁၉ ခုနှစ်က ခရိုင်တရားရုံး နှစ်ရုံးနှင့် မြို့နယ်တရားရုံး နှစ်ရုံးတို့တွင် "တရားမမှုများတွင် တရားရုံးက ဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေး စမ်းသပ်အစီအစဉ်" ကို စတင်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ တစ်နှစ်တာ ဆောင်ရွက်ချက်၏ ရလဒ်များအရ စမ်းသပ်အစီအစဉ်ကို ပိုမိုကျယ်ပြန့်စွာ ဆောင်ရွက်သင့်သည်ဟု သုံးသပ်တွေ့ရှိရသည့်အတွက် ယခုနှစ် ၂၀၂၀ ပြည့်နှစ်တွင် မန္တလေးတိုင်းဒေသကြီး၊ နေပြည်တော်ကောင်စီ နယ်မြေ၊ ဒက္ခိဏခရိုင်အတွင်းရှိ ပျဉ်းမနားမြို့နယ်တရားရုံး၊ လယ်ဝေးမြို့နယ်တရားရုံး၊ ဇမ္ဗူသီရိမြို့နယ်တရားရုံး၊ ပုဗ္ဗသီရိမြို့နယ်တရားရုံး၊ ဥတ္တရသီရိမြို့နယ်တရားရုံးနှင့် ဒက္ခိဏသီရိမြို့နယ်တရားရုံးတို့တွင် ယင်းစမ်းသပ်အစီအစဉ်ကို တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ဆောင်ရွက်ခြင်းအားဖြင့် တရားမမှုများတွင် တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးအတွက် လိုအပ်သည့် ဥပဒေပြဋ္ဌာန်းချက်များ ပြဋ္ဌာန်းနိုင်ရေး ပြင်ဆင်ဆောင်ရွက်ရာတွင် များစွာ အထောက်အကူဖြစ်စေမည်ဖြစ်ပါကြောင်း၊ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် စေ့စပ်ဖြေရှင်းရေးစနစ်ကို အကောင်အထည်ဖော် ဆောင်ရွက်ရန် လုပ်ငန်းအစီအစဉ်များ ရေးဆွဲလျက်ရှိပြီး ၂၀၂၂ ခုနှစ်တွင် အကောင်အထည်ဖော်ရန် ရည်မှန်းထားကြောင်း၊ ရှေ့လုပ်ငန်းစဉ်များ ဆက်လက်ဆောင်ရွက်ရာတွင် သက်ဆိုင်ရာအဖွဲ့အစည်းများအနေဖြင့် ပြည်ထောင်စု တရားလွှတ်တော်ချုပ်နှင့်အတူ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြရန် မေတ္တာရပ်ခံလိုပါကြောင်း ပြောကြားသည်။




ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

**ဆက်လက် ပူးပေါင်းပါဝင်**

ထို့နောက် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ မြန်မာရုံး ကိုယ်စားလှယ်အကြီးအကဲ Mr. Karasawa Masayuki က ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ တရားရုံးက ဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေး စမ်းသပ်အစီအစဉ် အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ပါဝင်ကူညီခွင့်ရရှိသည့်အတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ နောင်တွင်လည်း ဆက်လက် ပူးပေါင်းပါဝင်သွားမည်ဖြစ်ပါကြောင်း အဖွင့်နှုတ်ဆက်စကား ပြောကြားသည်။

**စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်**

ယင်းနောက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ "တရားရုံးက ဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေး စနစ် ချမှတ်အကောင်အထည်ဖော်ရေးဆိုင်ရာ လုပ်ငန်းကော်မတီ" ဥက္ကဋ္ဌ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးမျိုးတင့်က ၂၀၁၉ ခုနှစ် မတ် ၁ ရက်မှ ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ ၂၉ ရက်အထိ တစ်နှစ်တာကာလအတွင်း စမ်းသပ်အစီအစဉ် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့် တရားရုံးများ၏ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုများနှင့် စပ်လျဉ်း၍လည်းကောင်း၊ ကော်မတီအဖွဲ့ဝင် ပြည်ထောင်စုတရားစီရင်ရေး ကြီးကြပ်မှုရုံး ညွှန်ကြားရေးမှူးချုပ် ဒေါ်တင်နွယ်စိုးက စမ်းသပ်အစီအစဉ် တစ်နှစ်တာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုအပေါ် ပြန်လည်သုံးသပ်ခြင်းနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြခြင်းတို့ကို ဆောင်ရွက်ကြသည်။ ထို့နောက် ပြည်ထောင်စုတရားသူကြီးချုပ်သည် ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

**တက်ရောက်**

ယနေ့အခမ်းအနားသို့ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ၊ ဒုတိယရှေ့နေချုပ်၊ လွှတ်တော်ရေးရာကော်မတီများမှ ဥက္ကဋ္ဌများ၊ ပြည်ထောင်စု ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ အတွင်းရေးမှူး၊ ပဲခူးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ တရားသူကြီးချုပ်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ အစိုးရဌာနဆိုင်ရာ အသီးသီးမှ ဝန်ထမ်းအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ JICA မြန်မာရုံး အကြီးအကဲနှင့် JICA တရားရေးရာနှင့် ဥပဒေရေးရာ စီမံကိန်းမှ တာဝန်ရှိသူများ၊ ရှေ့နေအသင်းများ၊ စမ်းသပ်အစီအစဉ် တိုးချဲ့ဆောင်ရွက်မည့် တရားရုံးများတွင် လိုက်ပါဆောင်ရွက်သည့် ရှေ့နေများ၊ လူမှုအဖွဲ့အစည်းများမှ တရားမျှတမှု ကဏ္ဍနှင့် သက်ဆိုင်သူများ၊ ပြည်ထောင်စု တရားလွှတ်တော်ချုပ်နှင့် တရားရုံးအဆင့်ဆင့်မှ တရားရေးအရာရှိများနှင့် တရားသူကြီးများနှင့် ဖိတ်ကြားထားသော အထူးဧည့်သည်တော်များနှင့် ဖိတ်ကြားထားသော သတင်းမီဒီယာများ တက်ရောက်ကြသည်။

**သတင်းစဉ်**



# မြေသြဇာကော်မတီ၏ အကြိမ် (၃၀)မြောက် အစည်းအဝေးကျင်းပ

**နေပြည်တော် မတ် ၄**

မြေသြဇာကော်မတီ၏ အကြိမ် (၃၀) မြောက် အစည်းအဝေးကို ယနေ့ နံနက်ပိုင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

အစည်းအဝေးသို့ မြေသြဇာကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးလှကျော်နှင့် ကော်မတီဝင်များ တက်ရောက်ဆွေးနွေးကြသည်။

အဆိုပါ အစည်းအဝေးတွင် နည်းပညာကော်မတီက နည်းပညာပိုင်းအရ စိစစ်ထောက်ခံတင်ပြလာသည့် မြေသြဇာမှတ်ပုံတင်ထုတ်ပေးနိုင်ရေး အဆိုပြုလွှာများကို လည်းကောင်း၊ အများပြည်သူ သိရှိလိုက်နာရန် လိုအပ်သော အမိန့်နှင့် ညွှန်ကြားချက်များ ထုတ်ပြန်နိုင်ရေးဆိုင်ရာကိစ္စရပ်များကိုလည်းကောင်း၊ မြေသြဇာ သိုလှောင်ခြင်း၊ ပြန်လည်ထုပ်ပိုးခြင်းဆိုင်ရာ သတ်မှတ်ချက်များနှင့် ပတ်သက်၍လည်းကောင်း ဆွေးနွေးခဲ့ကြသည်။

မြေသြဇာကော်မတီ အနေဖြင့် မြေသြဇာမှတ်ပုံတင် ၇၂၀၉ စောင်ကို မှတ်ပုံတင်ခွင့်ပြုခဲ့ပြီး သက်တမ်းကျော်လွန်သဖြင့် ဌာနမှဖျက်သိမ်းခဲ့သည့် မြေသြဇာမှတ်ပုံတင် ၁၁၅၈ စောင်၊ ကာယကံရှင်မှ တင်ပြလာသဖြင့် မှတ်ပုံတင်ပယ်ဖျက်ခဲ့မှု အစောင် ၉၈၀ ရှိသဖြင့် (၂၉) ကြိမ်မြောက် အစည်းအဝေး ကျင်းပပြီးချိန်အထိ မြေသြဇာမှတ်ပုံတင် ၅၀၇၁ စောင် ရှိခဲ့သည်။ ယနေ့ကျင်းပသည့် မြေသြဇာကော်မတီ၏ အကြိမ်(၃၀) မြောက် အစည်းအဝေးတွင် နည်းပညာကော်မတီက နည်းပညာပိုင်းအရ စိစစ်ထောက်ခံ တင်ပြလာသည့် အဆိုပြုလွှာ ၃၀၅ စောင်ကို မြေသြဇာ မှတ်ပုံတင်ခွင့်ပြုပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့်များ လာရောက်လျှောက်ထားလျက်ရှိ

**နေပြည်တော် မတ် ၄**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့် လျှောက်ထားချက်များကို စိစစ်ခွင့်ပြုပေးလျက်ရှိရာ ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၄ ရက်နေ့တွင် **'ဝ'အမျိုးသားပါတီ (WA NATIONAL PARTY)** က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့် လာရောက်လျှောက်ထားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ချင်းတွင်းမြစ်အတွင်း ရေယာဉ်များ ဝန်တင်ရေစူးကန့်သတ်ချက်များအတိုင်း ကုန်စည်များနှင့် ခရီးသည်များတင်ဆောင်ပြေးဆွဲရန် နေ့စဉ်စစ်ဆေး

**မုံရွာ မတ် ၄**

ချင်းတွင်းမြစ်တွင်း ပြေးဆွဲလျက်ရှိသော ကုန်တင်ရေယာဉ်များနှင့် လူစီးအမြန်ရေယာဉ်များအနေဖြင့် မြစ်ရေနည်းပါးချိန်တွင် သတ်မှတ်ရေစူးများအတိုင်း ကုန်စည်များနှင့်ခရီးသည်များ တင်ဆောင်ပြေးဆွဲကြရန်အတွက် မုံရွာမြို့ဆိပ်ကမ်းမှ နေ့စဉ်စစ်ဆေးကြပ်မတ်မှုများ လုပ်ဆောင်ပေးလျက်ရှိကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ရေကြောင်းညွှန်ကြားမှုဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူး ဦးစိုးနိုင်ထွန်းထံမှ သိရသည်။

ချင်းတွင်းမြစ်ကြောင်းတစ်လျှောက် ရေစူးကန့်သတ်ချက်များအနေဖြင့် ချင်းတွင်းဝမှမုံရွာအထိ သုံးပေ၊ မုံရွာမှ ကလေးဝအထိ သုံးပေ သုံးလက်မ၊ ကလေးဝမှ ဟုမ္မလင်းအထိ သုံးပေ၊ ဟုမ္မလင်းမှခန္တီးအထိ နှစ်ပေ ခြောက်လက်မ သတ်မှတ်ထားကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ထုတ်ပြန်ထားကြောင်း သိရသည်။

"ချင်းတွင်းမြစ်ကြောင်းက တချို့နေရာတွေမှာ သတ်မှတ်ရေစူးထက်ကျော်လွန်နေတာရှိသလို သတ်မှတ်ရေစူးအောက်ကို ရောက်နေတာတွေလည်းရှိနေတယ်။ သတ်မှတ်ရေစူးအောက်ကို ရောက်နေတဲ့နေရာတွေမှာကျတော့ ရေယာဉ်တွေ သတ်မှတ်ဝန်တင်ရေစူးအတိုင်း မတင်ဆောင်ရင် သောင်တင်တာတွေ ဖြစ်ပေါ်နိုင်တယ်။ ရေယာဉ်တွေအနေနဲ့က သတ်မှတ်ဝန်တင်ရေစူးတွေအတိုင်း ကုန်စည်တွေ၊ ခရီးသည်တွေကိုတင်မှ ရေကြောင်းကို ကောင်းကောင်းမွန်မွန် သွားလာနိုင်မှာဖြစ်တယ်။ အဲဒီအတွက် ညွှန်ကြားချက်တွေ ထုတ်ပြန်ပေးထားသလို အမှန်တကယ်လိုက်နာခြင်း ရှိ/မရှိ ကိုလည်း နေ့စဉ် မုံရွာမြို့ဆိပ်ကမ်းက ရေယာဉ်တွေ မထွက်ခွာခင်မှာ စစ်ဆေးကြပ်မတ်မှုတွေလုပ်ဆောင်ပေးနေတယ်။ လမ်းကြောင်းတစ်လျှောက်မှာရှိတဲ့ မြို့တွေမှာလည်း အခုလိုပဲ စစ်ဆေးမှုတွေ လုပ်ဆောင်ပေးနေပါတယ်" ဟု စစ်ကိုင်းတိုင်းဒေသကြီး ရေကြောင်းညွှန်ကြားမှု ဦးစီးဌာန ဦးစီးမှူး ဦးစိုးနိုင်ထွန်းက ပြောသည်။

**ဝင်းဦး(ဇေယျာတိုင်း)**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း ဒိန်းမတ်နိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

## Social Media ပေါ်မှ အမုန်းစကားများ၊ သတင်းအမှားများကို ကာကွယ်တားဆီးသွားမည့် အစီအစဉ်များနှင့်စပ်လျဉ်း၍ ဆွေးနွေး

**နေပြည်တော် မတ် ၄**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးလှသိန်းသည် မြန်မာနိုင်ငံဆိုင်ရာ ဒိန်းမတ်နိုင်ငံ သံအမတ်ကြီး မစ္စတာ ဂျွန်နေလ်စင်နှင့် အဖွဲ့အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ဧည့်တွေ့ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကို စံ (၅) ချက်နှင့်အညီ အောင်မြင်စွာ ကျင်းပနိုင်ရေးစီစဉ်ဆောင်ရွက်နေမှု၊ မဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်စေရေး ဆောင်ရွက်နေမှု၊ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်အတွက် ရွေးကောက်ပွဲဆိုင်ရာ စွမ်းရည်မြှင့်သင်တန်းများဆောင်ရွက်နေမှု၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ပြည်သူလူထုအသိပညာပေးလုပ်ငန်းများနှင့် မဲဆန္ဒရှင်အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ နိုင်ငံရေးပါတီများနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများအတွက် ကျင့်ဝတ် (Code of Conduct) ပြန်လည်ပြင်ဆင်နေမှုအခြေအနေများ၊ Social Media ပေါ်မှ အမုန်းစကားများ၊ သတင်းအမှားများကို ကာကွယ်တားဆီးသွားမည့် အစီအစဉ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း မြန်မာနိုင်ငံဆိုင်ရာ ဒိန်းမတ်နိုင်ငံ သံအမတ်ကြီး မစ္စတာ ဂျွန်နေလ်စင် အား လက်ခံတွေ့ဆုံစဉ်။ သတင်းစဉ်

# ILO ၏ အငယ်ဆုံးအသက်ပြဋ္ဌာန်းချက်အမှတ် - ၁၃၈ အား လက်ခံကျင့်သုံးရေးနှင့် အမျိုးသားအဆင့်တိုင်ကြားမှုယန္တရား ထူထောင်ဆဲကြားကာလ ဆောင်ရွက်ချက်များနှင့်ပတ်သက်၍ အလုပ်သမားရေးရာ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းကော်မတီ ညှိနှိုင်း

နေပြည်တော် မတ် ၄

**ILO ၏ အငယ်ဆုံးအသက်ပြဋ္ဌာန်းချက်အမှတ် – ၁၃၈ အား လက်ခံကျင့်သုံးရေး ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် အမျိုးသားအဆင့်တိုင်ကြားမှု ယန္တရား ထူထောင်ဆဲကြားကာလတွင် လုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေများနှင့်ပတ်သက်၍ အလုပ်သမားရေးရာ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းကော်မတီ (High Level Working Group – HLWG) ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ၊ ဒုတိယဝန်ကြီး ဦးမြင့်ကြိုင်နှင့်အတူ လုပ်ငန်းကော်မတီအဖွဲ့ဝင်များဖြစ်သော ဝန်ကြီးဌာန ၁၆ ခုမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက ဖေဖော်ဝါရီ ၂၅ ရက်တွင် ကျင်းပခဲ့သည့် (၁၅)ကြိမ်မြောက် အမျိုးသားအဆင့် သုံးပွင့်ဆိုင်ဆွေးနွေးပွဲတွင် ILO ၏ ဒုတိယညွှန်ကြားရေးမှူးချုပ် တက်ရောက်ခဲ့ပြီး အငယ်ဆုံးအသက် ပြဋ္ဌာန်းချက်အမှတ်–၁၃၈လက်ခံကျင့်သုံးရေး၊ မြန်မာနိုင်ငံတွင် လက်ရှိဖွင့်လှစ်ဆောင်ရွက်နေသည့် ILO ဆက်သွယ်ရေးအရာရှိရုံးအဆင့်မှ အခြားနိုင်ငံများနည်းတူ အမြဲတမ်းရုံးအဆင့်သို့ တိုးမြှင့်ဖွင့်လှစ်နိုင်ရေးအတွက် အလုပ်ရှင်၊ အလုပ်သမားအဖွဲ့အစည်းတို့၏ ထောက်ခံမှုများဖြင့် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာ ညီလာခံတွင် တင်ပြ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

အဓမ္မခိုင်းစေမှု ပပျောက်ရေးကို ၂၀၁၈ ခုနှစ် ဒီဇင်ဘာလထိ ILO နှင့် ပူးပေါင်းဆောင်ရွက်ခဲ့ရာ ၂၀၁၉ ခုနှစ်မှစတင်ကာ အစိုးရ၏ ကိုယ်ပိုင်ယန္တရားဖြင့် ထူထောင်ဆောင်ရွက်ရန် လုပ်ဆောင်ခဲ့ပြီး ကြားကာလယန္တရားကို ၂၀၁၉ ခုနှစ် ဇွန် ၂၆ ရက်မှ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၃၁ ရက်ထိ HLWG အနေဖြင့် တာဝန်ယူ၍ အမှုများကို လက်ခံဖြေရှင်း ဆောင်ရွက်ခဲ့ရာ ကြားကာလယန္တရားတွင် အမှုများ လက်ခံဖြေရှင်း ဆောင်ရွက်လျက်ရှိပြီး အဆိုပါအမှုများ ပိတ်သိမ်းနိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း။

အဓမ္မခိုင်းစေမှု ပပျောက်ရေး လုပ်ငန်းစီမံချက်၊ အမျိုးသားအဆင့် အဓမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရား (NCM) တို့ကို နိုင်ငံတော်သမ္မတရုံးမှ ခွင့်ပြုခဲ့ပြီး အမျိုးသားအဆင့် အဓမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရား အကောင်အထည်ဖော်ရေး အမျိုးသားကော်မတီကို ၂၀၁၉ ခုနှစ် ဒီဇင်ဘာ ၁၂ ရက်တွင် ပြည်ထောင်စုအစိုးရအဖွဲ့၏ အမိန့်ကြော်ငြာစာအမှတ် ၇၂/ ၂၀၁၉ ဖြင့် ဖွဲ့စည်းခဲ့ကာ (၁၄) ကြိမ်မြောက် အမျိုးသားအဆင့် သုံးပွင့်ဆိုင်ဆွေးနွေးပွဲတွင် အလုပ်သမားကိုယ်စားလှယ်နှင့် ILO ဒုတိယညွှန်ကြားရေးမှူးချုပ်တို့၏ အကြံပြုဆွေးနွေးချက်များအရ အမျိုးသားအဆင့် အဓမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရား အကောင်အထည်ဖော်ရေး အမျိုးသားကော်မတီတွင် အလုပ်ရှင်ကိုယ်စားလှယ်၊ အလုပ်သမားကိုယ်စားလှယ်များ အဖွဲ့ဝင်အဖြစ် ထည့်သွင်း၍ ပြင်ဆင်ဖွဲ့စည်းထားရှိခဲ့ပါကြောင်း။

(၃၃၈) ကြိမ်မြောက် ILO အုပ်ချုပ်မှုအဖွဲ့အစည်းအဝေးတွင် ဂျီနီဗာ၊ မြန်မာအမြဲတမ်း ကိုယ်စားလှယ်အဖွဲ့ရုံးမှ ရှင်းလင်းဆွေးနွေးနိုင်ရန် ကြားကာလယန္တရားအကောင်အထည်ဖော် ဆောင်ရွက်မှု၊ အမျိုးသားအဆင့် အဓမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရား (NCM) လည်ပတ်ဆောင်ရွက်နေမှု၊ မိတ်ဖက်နိုင်ငံများအား မိမိတို့ဘက်မှ ထောက်ခံပြောကြားပေးရန် (၃၃၇)ကြိမ်မြောက် ILO အုပ်ချုပ်မှုအဖွဲ့အစည်းအဝေး၏ ဆုံးဖြတ်ချက်များကို အခြေခံ၍ပြုစုထားသည့် အလုပ်သမားရေးရာ ဖြစ်ပေါ်တိုးတက်မှုများနှင့် ပတ်သက်သည့် အချက်အလက်များကို Information Sheet ပြုစုပြီး သက်ဆိုင်ရာဌာနများ၏ ပူးပေါင်းဆောင်ရွက်မှုကြောင့် ဂျီနီဗာ၊ မြန်မာအမြဲတမ်း ကိုယ်စားလှယ်အဖွဲ့ရုံးကို အချက်အလက်များ အချိန်မီပေးပို့နိုင်ခဲ့ပါကြောင်း။

HLWG အဖွဲ့ဝင်များအနေဖြင့် အဓမ္မခိုင်းစေမှုဆိုင်ရာတိုင်ကြားချက်များကို အမြန်ဆုံး ဖြေရှင်းဆောင်ရွက်နိုင်ရေး Standard Operation Pro–cedure –SOP ကို နိုင်ငံတကာစံများနှင့် အညီရေးဆွဲပြီး အမြန်ဆုံးဖြေရှင်းပေးနိုင်ရေး အဖွဲ့ဝင်များအနေဖြင့် SOP ရေးဆွဲကာ မိမိတို့ဝန်ကြီးဌာနသို့ အမြန်ဆုံးပေးပို့စေလိုပါကြောင်းနှင့် National Complaints Mecha–nism– NCM လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ တက်ရောက်လာသူများမှ အားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်တို့က သက်ဆိုင်ရာ ကဏ္ဍများအလိုက် ရှင်းလင်းတင်ပြဆွေးနွေးခဲ့ပြီး တက်ရောက်လာကြသည့် လုပ်ငန်းကော်မတီအဖွဲ့ဝင်များက ဆွေးနွေးချက်များအပေါ် ဝိုင်းဝန်းအကြံပြုဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ အလုပ်သမားရေးရာပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းကော်မတီညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

## မြန်မာနိုင်ငံမှ အာဆီယံ ပြတင်းတစ်ပေါက်စနစ်သို့ ဝင်ရောက်ချိတ်ဆက်၍ ATIGA e – Form D အား လဲလှယ်နိုင်ခဲ့သည့် အထိမ်းအမှတ်အဖြစ် Launch Ceremony အခမ်းအနားကျင်းပမည်

နေပြည်တော် မတ် ၄

မြန်မာနိုင်ငံအနေဖြင့် ATIGA e – Form D လဲလှယ်ခြင်းဆိုင်ရာ ကိစ္စရပ်များအား ASW Live Operation သို့ ဝင်ရောက်ချိတ်ဆက်နိုင်ခဲ့ခြင်းအတွက် အထိမ်းအမှတ်တစ်ခုအဖြစ် ကုန်သွယ်မှုနှင့် ဆက်စပ်လျက်ရှိသော အစိုးရဌာနဆိုင်ရာများနှင့် ကုန်သွယ်မှုအသိုက်အဝန်းသို့ အသိပေးတင်ပြမည့် Launch Ceremony အခမ်းအနားကို မတ် ၆ ရက် နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ Park Royal Hotel ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါအခမ်းအနားကို စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ အကောက်ခွန်ဦးစီးဌာနသည် USAID's Transparency and Inclusive Growth Activity (TIGA) ၏ အကူအညီဖြင့် ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

**ဟိန်းမင်းစိုး**

# အများပြည်သူအတွက် စမတ်စီးတီး

## ---- ကျော်နိုင်တင့် ----

**စတုတ္ထအကြိမ်မြောက် e-Government ညီလာခံနှင့် ကွန်ပျူတာနည်းပညာပြပွဲကို ဖေဖော်ဝါရီလ ၁၈ ရက်နေ့မှ ၁၉ ရက်နေ့အထိ နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (MICC-II) တွင် ကျင်းပခဲ့သည်။ အဆိုပါ အခမ်းအနားတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က စမတ်စီးတီးနှင့် ပတ်သက်၍ အောက်ပါအတိုင်း မှတ်ချက်ပြု ပြောဆိုသွားသည်ကို သတိပြုမိသည်-**

"အားလုံးက (Smart Factory)၊ စမတ်ကား၊ စမတ်ဖြစ်တဲ့ ကျန်းမာရေးဝန်ဆောင်မှုတွေ (Smart Health Care)၊ အပူချိန်၊ စိုထိုင်းဆ၊ ရေပေးမှု၊ ပိုးသတ်ဆေးဖျန်းတာစတဲ့ လုပ်ငန်းများကို sensor များ အသုံးပြုပြီး အလိုအလျောက် ဆောင်ရွက်ပေးမယ့် Smart farming ဆိုတဲ့ စိုက်ပျိုးရေးနည်းသစ်တွေ၊ မြို့နေပြည်သူတွေ အေးချမ်းသာယာမှုကို ဖန်တီးပေးနိုင်ဖို့ စမတ်စီးတီးတွေ တည်ထောင်နေကြတဲ့ခေတ်မှာ နောက်ကသာ အမီမလိုက်နိုင်ခဲ့ရင် လူမှုရေး၊ စီးပွားရေး ဆက်လက်ပြီး နောက်ကောက်ကျကျန်ခဲ့မှာ အသေအချာပါပဲ"။

အာဆီယံစမတ်စီးတီးကွန်ရက် ASEAN Smart Cities Network (ASCN) ကို တည်ထောင်ရန် ၂၀၁၈ ခုနှစ် ဧပြီလတွင် ကျင်းပခဲ့သည့် အာဆီယံထိပ်သီးအစည်းအဝေးတွင် အာဆီယံခေါင်းဆောင်များက ဆုံးဖြတ်ခဲ့ကြသည်။ အာဆီယံစမတ်စီးတီး ကွန်ရက်တွင်ပါဝင်သည့် မြန်မာနိုင်ငံအနေဖြင့် နေပြည်တော်၊ ရန်ကုန်၊ မန္တလေး မြို့ကြီးသုံးမြို့ကို စမတ်စီးတီးအဖြစ် တည်ဆောက်သွားရန် အဆိုပြုထားပြီး ဖြစ်သည်ဟု သိရှိရသည်။

### စမတ်စီးတီးဆိုသည်မှာ

စမတ်စီးတီးဆိုသည့် ဝေါဟာရသည် ၂၀ ရာစုကုန်တွင် စတင်သုံးစွဲလာခဲ့ခြင်း ဖြစ်သည်။ အဆိုပါ ဝေါဟာရသည် စက်မှုနိုင်ငံကြီးများက မြို့ပြဒေသများအတွက် ဆက်သွယ်ရေး၊ သတင်းအချက်အလက်တို့နှင့် ပတ်သက်သည့် နည်းပညာကို အများပြည်သူ အသုံးပြုရလွယ်ကူစေရန် အကောင်အထည်ဖော်ခြင်းပင် ဖြစ်သည်ဟု ယေဘုယျအားဖြင့် ဆိုနိုင်ပါသည်။ မြို့ကြီးများ၏ အနာဂတ်နှင့် ၎င်းတို့၏ ဖွံ့ဖြိုးရေးကို တိုးချဲ့ဆောင်ရွက်ခြင်းလည်း ဖြစ်သည်။ လက်ရှိအခြေခံ အဆောက်အအုံများနှင့် ချိတ်ဆက်ပြီး လူမှုရေးနှင့် နည်းပညာဆိုင်ရာ ဆန်းသစ်တီထွင်မှုတို့ကိုလည်း မြှင့်တင်ပေးပါသည်။ ပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေဖြစ်သည့် စွမ်းအင်နှင့် သယ်ယူပို့ဆောင်ရေးဆိုင်ရာ သဘောတရားသစ်များကို ဖန်တီးပေးခြင်းလည်း ဖြစ်သည်။ ထိုသို့ ဆောင်ရွက်ရာတွင် စီမံခန့်ခွဲမှုနှင့် အများပြည်သူ ပါဝင်မှုကို အာရုံစိုက်ဆောင်ရွက်ရသည်။ မြို့ကြီးများအနေဖြင့် စမတ်ဖြစ်လိုပါက အရေးကြီးသော ဆုံးဖြတ်ချက်များကို မဟာဗျူဟာကျကျ ချမှတ်ရန်လိုအပ်သည်။ နည်းပညာနှင့် ဒစ်ဂျစ်တယ် အခြေပြုဆောင်ရွက်ခြင်းကို စမတ်စီးတီးဟုခေါ်နိုင်ကြောင်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီအဖွဲ့ဝင် မန္တလေးစမတ်စီးတီး အရာရှိချုပ် ဦးရဲမြတ်သူက အဓိပ္ပာယ်ဖွင့်ဆိုပြသည်ကို မှတ်သားရဖူးသည်။

### စမတ်စီးတီး၏ ကောင်းကျိုးများ

စမတ်စီးတီးအဖြစ် အကောင်အထည်ဖော်ခြင်းဖြင့် လက်ရှိကမ္ဘာလုံးဆိုင်ရာ စိန်ခေါ်မှုများဖြစ်သည့် ရာသီဥတုပြောင်းလဲမှုနှင့် အရင်းအမြစ်ရှားပါးမှုတို့ကို ဖြေရှင်းနိုင်ပါလိမ့်မည်။ ထို့အပြင် အဆက်မပြတ် တိုးပွားလာသည့် မြို့နေလူထု၏ ဘဝအရည်အသွေးနှင့် ၎င်းတို့၏ စီးပွားရေးယှဉ်ပြိုင်မှုတို့ကိုလည်း လုံခြုံစိတ်ချမှု ရရှိစေနိုင်သည်။ ထို့အပြင် ယာဉ်ကြောပိတ်ဆို့မှုကို ထိန်းညှိနိုင်ခြင်း၊ အာရုံခံကိရိယာများက ရေပိုက်လိုင်း ယိုစိမ့်မှုများကို စောင့်ကြည့်ထောက်လှမ်းနိုင်ခြင်း၊ မြို့တော်သန့်ရှင်းသာယာခြင်း၊ လမ်း၊ တံတားများကောင်းမွန်ခြင်း၊ လမ်းမီးများ လင်းလက်ခြင်း၊ သစ်ပင်ပန်းမန်များဖြင့် စိမ်းလန်းစိုပြည်ခြင်း၊ သန့်ရှင်းသော သောက်သုံးရေ လုံလောက်စွာရရှိခြင်း၊ ရေဆိုးများ စနစ်တကျ စွန့်ပစ်နိုင်ခြင်း၊ ယာဉ်စည်းကမ်း လမ်းစည်းကမ်း ကောင်းမွန်ပြီး ပြည်သူ လူထုဘေးအန္တရာယ် ကင်းရှင်းခြင်း၊ အများပြည်သူ သုံးယာဉ်များ ချောမွေ့အဆင်ပြေခြင်း စသည့်အကျိုးကျေးဇူးများကို ရရှိနိုင်သည်။

### ရာသီဥတုပြောင်းလဲမှု

ရာသီဥတုပြောင်းလဲမှုသည် လက်ရှိကျွန်တော်တို့ ရင်ဆိုင်နေရသည့် အကြီးမားဆုံးသော စိန်ခေါ်မှုများ အနက် တစ်ခုအပါအဝင်ဖြစ်သည်။ ကမ္ဘာကြီးပူနွေးလာမှု၊ ရေကြီးမှုများ လျော့ပါးသက်သာစေနိုင်ရန်အတွက် လာမည့်ဆယ်စုနှစ်အတွင်း ကာဗွန်ထုတ်လွှတ်မှုကို မဖြစ်မနေ လျှော့ချရမည် ဖြစ်သည်။ ကမ္ဘာတစ်ဝန်း ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု၏ လေးပုံသုံးပုံအတွက် မြို့ကြီးများတွင် တာဝန်ရှိပါသည်။ လေထုညစ်ညမ်းမှုကို အဓိကဖြစ်စေသူများ ဖြစ်သည့်အတွက် ဖြေရှင်းဆောင်ရွက်ရန် တာဝန်ရှိပါသည်။

### မြို့ပြများ

ကမ္ဘာ့လူဦးရေ၏ တစ်ဝက်ကျော်သည် မြို့ပြဒေသတွင် နေထိုင်နေကြသည်။ ခန့်မှန်းခြေအားဖြင့် ၂၀၅၀ ပြည့်နှစ်တွင် မြို့ပြလူဦးရေမှာ လူဦးရေ၏ သုံးပုံနှစ်ပုံအထိ ရှိလာမည်ဟု သိရှိရသည်။ မြို့နေလူတန်းစား တိုးပွားလာခြင်းသည် ၎င်းတို့၏ လိုအပ်ချက်များလည်း များပြားလာမည် ဖြစ်သည့်အတွက် ကြီးမားသည့် စိန်ခေါ်မှုများလည်း ဖြစ်သည်။ အဆိုပါ လိုအပ်ချက်များကို ပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေရှိမည့် နည်းလမ်းများဖြင့် ဖြေရှင်းပေးရန် ဖြစ်ပါသည်။

### အရင်းအမြစ်များရှားပါးမှု

ရုပ်ကြွင်းစွမ်းအင်၊ သန့်ရှင်းသောရေနှင့် အသုံးပြုနိုင်သောမြေစသည့် အရင်းအမြစ်များမှာ ကျွန်တော်တို့အတွက် အကန့်အသတ်ဖြင့်သာ ရှိပါသည်။ မြို့ကြီးများသည် ကမ္ဘာတစ်ဝန်းမှ ထုတ်လုပ်သော စွမ်းအင်အများစုကို သုံးစွဲကြပါသည်။ စားနပ်ရိက္ခာ၊ အိမ်ရာ၊ ယာဉ်သွားလာမှုနှင့် လေလွင့်မှု မရှိစေရေးအတွက် ကုန်ကြမ်းများနှင့် စွမ်းအင်လိုအပ်ပါသည်။ မြို့ကြီးများ၏ လူနေမှုအဆင့်အတန်းမြင့်မားမှု ရေရှည်တည်တံ့စေရန်အတွက် ဂေဟစနစ်ကို ပျက်ယွင်းစေသည့် အရာများကို လျှော့ချရမည်ဖြစ်ပြီး ရှားပါးရုပ်ကြွင်းလောင်စာများအစား အခြားသော စွမ်းအင်အရင်းအမြစ်များကို ရှာဖွေရမည် ဖြစ်ပါသည်။

### စွမ်းအင်နှင့် ပတ်ဝန်းကျင်

စွမ်းအင်နှင့် ကုန်ကြမ်းများသုံးစွဲမှုကို လျှော့ချခြင်းနှင့် အရင်းအမြစ်စီမံခန့်ခွဲမှု ပြုလုပ်ခြင်းသည် မြို့ကြီးတစ်မြို့၏ အဓိကကျသော စိုးရိမ်ဖွယ်ရာအချက်များ ဖြစ်နေပါသည်။ စွမ်းအင်ထုတ်လုပ်မှု စမတ်ဖြစ်ခြင်းနှင့် စနစ်တကျသုံးစွဲခြင်းတို့သည်လည်း အရေးကြီးပါသည်။ စမတ်ကျသော ဓာတ်အားလိုင်းများသည် စမတ်ကျသော စွမ်းအင်သုံးစွဲမှု ဖြစ်စေရေးအတွက် တိုးတက်မှုတစ်ခု ဖြစ်ပါသည်။ စွမ်းအင်ထုတ်လုပ်မှု၊ သိုလှောင်မှုနှင့် သုံးစွဲမှုတို့အတွက် ကောင်းမွန်သည့် ကွန်ရက်များနှင့် စောင့်ကြည့်သည့် စနစ်များကို ထည့်သွင်းထားရမည် ဖြစ်ပါသည်။ အမှန်တကယ် စွမ်းအင်သုံးစွဲမှုကို ပိုမိုပွင့်လင်းမြင်သာမှုရှိစေရန်အတွက် စမတ်ကျသော မီတာဖတ်သည့် စနစ်ကိုလည်း ထည့်သွင်းကျင့်သုံးရမည် ဖြစ်ပါသည်။

### ယာဉ်သွားလာမှု

စမတ်ကျသည့် ယာဉ်သွားလာမှုဆိုသည်မှာ ခေတ်မီသည့် ယာဉ်သွားလာမှုနှင့် သယ်ယူ ပို့ဆောင်ရေး အခြေခံအဆောက်အအုံများ ရှိခြင်းပင်ဖြစ်သည်။ အရင်းအမြစ်ကုန်ကျမှုအနည်းဆုံးနှင့် ထိရောက်မှု အများဆုံးရှိစေရန် နည်းပညာသစ်များအပေါ် အခြေခံတည်ဆောက်ထားခြင်းဖြစ်သည်။ သယ်ယူပို့ဆောင်ရေးစနစ်၏ လုံခြုံမှု၊ ဈေးသက်သာမှုနှင့် အလွယ်အကူ အသုံးပြုနိုင်မှုတို့သည် စမတ်စီးတီးအကောင်အထည်ဖော်ရန်အတွက် အလွန်အရေးကြီးပါသည်။

### စမတ်ကျသော စီးပွားရေး

စမတ်ကျသော စီးပွားရေးသည် ပညာရေး၊ အရည်အသွေးရှိမှု၊ သုတေသနနှင့် စွန့်ဦးတီထွင်မှု စိတ်ဓာတ်၊ ဆန်းသစ်တီထွင်မှု၊ ကုန်ထုတ်လုပ်မှုနှင့် ပြောင်းလွယ်ပြင်လွယ်ရှိမှုတို့ကို များစွာအထောက်အပံ့ပေးပါသည်။

"စမတ်စီးတီးဆိုသည်မှာ အများပြည်သူဝန်ဆောင်မှုကို နည်းပညာသုံးပြီး အဆင်ပြေချောမွေ့အောင် ဆောင်ရွက်ပေးခြင်းပင်ဖြစ်သည်။ တစ်နည်းအားဖြင့် ခေတ်၏တောင်းဆိုမှုဟုလည်း ဆိုနိုင်ပါသည်။ သို့သော် စမတ်စီးတီးကို အကောင်အထည်ဖော်ရာတွင် ကျွမ်းကျင်ဝန်ထမ်း မလုံလောက်မှု၊ နည်းပညာအခက်အခဲရှိမှု၊ အဆင့်မြင့်နည်းပညာ ဆော့ဖ်ဝဲလ်များနှင့် ကိရိယာများ ဝယ်ယူရန် အတွက် ငွေကြေးအမြောက်အမြားသုံးစွဲရန်လိုအပ်မှု စသည့်အခက်အခဲတချို့ ရှိနိုင်ပါသည်။ သို့သော်လည်း ထိရောက်မှုရှိပြီး ကောင်းကျိုးများစွာရှိသော စမတ်စီးတီးလုပ်ငန်းစဉ်ကို ဖြစ်နိုင်သည့်နေရာမှစ၍ အကောင်အထည်ဖော်ကာ ဆက်လက်လျှောက်လှမ်းကြရမည်ဖြစ်"

သတင်းအချက်အလက်များ စဉ်ဆက်မပြတ်ရရှိခြင်း၊ မျှဝေခြင်း၊ ဒေသတွင်းနှင့် ကမ္ဘာလုံးဆိုင်ရာ ကွန်ရက်များရှိခြင်းတို့သည် ဆန်းသစ်တီထွင်မှုအတွက် အဓိကကျသော ပါဝင်ပစ္စည်းများ ဖြစ်ပါသည်။ ပိုမို၍ ပွင့်လင်းမြင်သာမှုရှိရန်နှင့် ပြည်သူများအား ဆုံးဖြတ်ချက်ချသည့် ဖြစ်စဉ်တွင် ပါဝင်လာနိုင်စေရန် အများပြည်သူဆိုင်ရာ ဒစ်ဂျစ်တယ်အချက်အလက်များကိုလည်း ကျယ်ကျယ်ပြန့်ပြန့် လက်ခံရရှိစေရန် လိုအပ်သည်။

### အကောင်ထည်ဖော်ရန် လျာထားမှု

၂၀၁၉ ခုနှစ် ဒီဇင်ဘာလ ၁၆ ရက်နေ့က နေပြည်တော် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းစင်တာတွင် အမျိုးသားမြို့ပြမူဝါဒ ချမှတ်ရေးညီလာခံ (National Urban Policy Forum)ကို ကျင်းပခဲ့ပါသည်။ အဆိုပါ ညီလာခံဆွေးနွေးခြင်း အစီအစဉ်၌ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဝင် ဦးရဲမြတ်သူက စမတ်စီးတီးနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးရာတွင် မန္တလေးမြို့ကို စမတ်စီးတီးအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်နေမှု၊ မီးပွိုင့်များ ထိန်းချုပ်စနစ်၊ စီစီတီဗွီဖြင့် မှတ်တမ်းတင်ထားမှု၊ ရေမီတာများအား ဒစ်ဂျစ်တယ်စနစ်ဖြင့် အခွန်အခပေးဆောင်စေမှု၊ ထိန်းချုပ်မှုနှင့် ဝန်ဆောင်မှုပေးနေပုံတို့ကို ရှင်းလင်းဆွေးနွေးခဲ့သည်။ အလားတူ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ညွှန်ကြား ရေးမှူး ဒေါ်တင်တင်ကြည်ကလည်း Town smart and sustainable Yangon ခေါင်းစဉ်ဖြင့် ရန်ကုန်မြို့တွင် ဇုန်(၉)ဇုန်ခွဲ၍ Survey ဆောင်ရွက်မှုများကို ရှင်းလင်း ဆွေးနွေးခဲ့သည်။ နေပြည်တော် စည်ပင်သာယာရေး ကော်မတီမှ ညွှန်ကြားရေးမှူး ဦးဖိုးသာက Smart City Action Plans for Nay Pyi Taw ခေါင်းစဉ်ဖြင့် နေပြည် တော် ဖွံ့ဖြိုးတိုးတက်ရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုအခြေအနေများ၊ မြို့ပြဧရိယာ တိုးချဲ့မှုများ၊ ဝန်ထမ်းအိမ်ရာ တိုးချဲ့ဆောက်လုပ်မှုများ၊ တက္ကသိုလ်များ၊ သင်တန်းကျောင်းများ ဖွင့်လှစ်ရန် စီမံထားရှိမှုတို့ကို ရှင်းလင်း ဆွေးနွေးသွားခဲ့ကြသည်။

### ဖြစ်နိုင်သည့်နေရာမှစတင် အကောင်အထည်ဖော်

အချုပ်အားဖြင့်ဆိုရသော် စမတ်စီးတီးဆိုသည်မှာ အများပြည်သူဝန်ဆောင်မှုကို နည်းပညာသုံးပြီး အဆင်ပြေချောမွေ့အောင် ဆောင်ရွက်ပေးခြင်းပင်ဖြစ်သည်။ တစ်နည်းအားဖြင့် ခေတ်၏တောင်းဆိုမှုဟုလည်း ဆိုနိုင်ပါသည်။ သို့သော် စမတ်စီးတီးကို အကောင်အထည်ဖော်ရာတွင် ကျွမ်းကျင်ဝန်ထမ်း မလုံလောက်မှု၊ နည်းပညာအခက်အခဲရှိမှု၊ အဆင့်မြင့်နည်းပညာ ဆော့ဖ်ဝဲလ်များနှင့် ကိရိယာများ ဝယ်ယူရန်အတွက် ငွေကြေးအမြောက်အမြား သုံးစွဲရန်လိုအပ်မှု စသည့်အခက်အခဲတချို့ ရှိနိုင်ပါသည်။ သို့သော်လည်း ထိရောက်မှုရှိပြီး ကောင်းကျိုးများစွာရှိသော စမတ်စီးတီးလုပ်ငန်းစဉ်ကို ဖြစ်နိုင်သည့် နေရာမှစ၍ အကောင်အထည်ဖော်ကာ ဆက်လက်လျှောက်လှမ်းကြရမည် ဖြစ်ပါသည်။ ။

## မံစီ၌ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး အသိပညာပေး

**မံစီ မတ် ၄**

ကချင်ပြည်နယ် မံစီမြို့၌ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ယနေ့ နံနက်ပိုင်းက ကောင်ရာရပ်ကွက် နှစ်ခြင်းခရစ်ယာန်ကျောင်းဝင်းရှိ ယာယီနေရပ်စွန့်ခွာစခန်းတွင် ကျင်းပသည်။

မံစီမြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ ဒုရဲမှူး မင်းမင်းက မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် ဆိုးကျိုးများ၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများတွင် ပြည်သူများ ပူးပေါင်းပါဝင်ကူညီမှုများကို လည်းကောင်း၊ မံစီမြို့မ ရဲစခန်းမှူး ဒုရဲမှူး ဆန်းမင်းဦးက မူးယစ်ဆေးဝါး သုံးစွဲမှုကြောင့် စီးပွားရေး၊ လူမှုရေး ထိခိုက်နစ်နာမှုများနှင့် ပြစ်မှုပြစ်ဒဏ်များအကြောင်းတို့ကို ရှင်းလင်းပြောကြားကာ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြကြောင်း သိရသည်။

ဝင်းနိုင်(ကချင်မြေ)



# ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၇ ရက်မြောက်နေ့ကျင်းပ

## ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေမူကြမ်းများပါ ပုဒ်မ၊ ပုဒ်မခွဲများအပေါ် လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေး

**နေပြည်တော် မတ် ၄**

ယနေ့ကျင်းပသည့် ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၇ ရက်မြောက်နေ့တွင် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေမူကြမ်းများပါ ပုဒ်မ၊ ပုဒ်မခွဲများအပေါ် လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးဇော်ဟိန်း က ပြင်ဆင်ချက်ပုဒ်မ ၁၀၉ ပုဒ်မခွဲ(ခ)နှင့် ပုဒ်မ ၁၄၁ ပုဒ်မခွဲ (ခ) ပြင်ဆင်ချက်တွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းသော တပ်မတော်သားကိုယ်စားလှယ်များကို လွှတ်တော်သက်တမ်းအလိုက် အချိုးကျ လျှော့ချခြင်းသည်လည်း သင့်မြတ်ပါကြောင်း၊ ပြည်သူ့အသံ လွှတ်တော်အသံ၊ ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ ဆိုသည့်အတိုင်း ယခုလက်ရှိဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်သူအများ၏ဆန္ဒဖြင့် ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ်များသည် လွှတ်တော်တွင် ၇၅ ရာခိုင်နှုန်းပင် ရှိပါကြောင်း၊ ထို့ကြောင့် လွှတ်တော်သက်တမ်းအလိုက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တင်ပြသည့် တပ်မတော်သားကိုယ်စားလှယ်အချိုးအစားပါဝင်မှု ပြင်ဆင်ခြင်းသည် သင့်လျော်သည့်အတွက် ထောက်ခံအပ်ပါကြောင်း ဆွေးနွေးသည်။




ပြည်ထောင်စုလွှတ်တော်နာယက ဦးတီခွန်မြတ်

တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးချုပ် ရဲနိုင်မျိုး က ကမ္ဘာပေါ်တွင် ပြီးပြည့်စုံသည့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုသည်မှာ မရှိနိုင်ပါကြောင်း၊ ထို့ကြောင့် ပြင်ဆင်သင့် ပြင်ဆင်ထိုက်သည့် အချိန်အခါနှင့် အခြေအနေရောက်ပါက ပြင်ဆင်ရမည်ဖြစ်ပါကြောင်း၊ ယခုအချိန်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၃၆ ပြင်ဆင်ခြင်း၏ နောက်ဆက်တွဲ ပေါ်ပေါက်လာနိုင်သည့် ကိစ္စများကို အဘက်ဘက်မှ ချင့်ချိန်သုံးသပ်ရန် လိုအပ်နေသေးသည့် အခြေအနေ အချိန်အခါဖြစ်သောကြောင့် ပုဒ်မ ၄၃၆ ပုဒ်မခွဲ (က)ကို ပြင်ဆင်ရန်မသင့်ဘဲ မူလအတိုင်းသာ ထားရှိသင့်ပါကြောင်း ဆွေးနွေးသည်။



တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇) မှ ဦးဇော်ဟိန်း



တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးချုပ် ရဲနိုင်မျိုး

### ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုစနစ် အမှန်တကယ်ဖြစ်လာပါက လက်ရှိနိုင်ငံတော်အတွင်း ဖြစ်ပွားနေသည့် တိုင်းရင်းသား ပြဿနာအချို့ကို ဖြေရှင်းပေးနိုင်မည်ဟု ယုံကြည်

ရခိုင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမြင့်နိုင်က ပုဒ်မ ၈ မူလပြဋ္ဌာန်းချက်တွင် နိုင်ငံတော်ကို ပြည်ထောင်စုစနစ်ဖြင့် ဖွဲ့စည်းတည်ဆောက်သည်ဟု ဖြစ်ပါကြောင်း၊ ပြင်ဆင် ချက်တွင် နိုင်ငံတော်ကို ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုစနစ်ဖြင့် ဖွဲ့စည်းတည်ဆောက်သည်ဟု ပြင်ဆင်ထားသည်ကို ထောက်ခံပါကြောင်း၊ ယင်းအချက်သည် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံတွင်လည်း သဘောတူပြီး ဖြစ်ပါကြောင်း၊ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုစနစ် အမှန်တကယ်ဖြစ်လာပါက လက်ရှိနိုင်ငံတော်အတွင်း ဖြစ်ပွားနေသည့် တိုင်းရင်းသား ပြဿနာအချို့ကိုလည်း ဖြေရှင်းပေးနိုင်မည်ဟု ယုံကြည်ပါကြောင်း ဆွေးနွေးသည်။

ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးဇော်မင်းလတ် က ပုဒ်မ ၆ ပုဒ်မခွဲ (စ) ကို နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးအခန်းကဏ္ဍတွင် ပြည်သူ့ဆန္ဒနှင့်အညီ တပ်မတော်က ပါဝင်ထမ်းဆောင်နိုင်ရေးတို့ကို ဦးတည်သည်ဟူ၍ စကားရပ် ပြောင်းလဲပြင်ဆင်ပြဋ္ဌာန်းခြင်းကို ထောက်ခံပါကြောင်း၊ သို့မှသာ အခန်း ၁ ပုဒ်မ ၄ တွင် နိုင်ငံတော်၏ အချုပ်အခြာအာဏာသည် နိုင်ငံသားများထံမှ ဆင်းသက်ပြီး နိုင်ငံတော်တစ်ဝန်းလုံး၌ တည်သည်ဟူသော အခြေခံမူနှင့် ညီညွတ်မည်ဖြစ်ပါသဖြင့် ပုဒ်မ ၆ ပုဒ်မခွဲ(စ) ပြင်ဆင်ခြင်းကို လေးနက်စွာ ထောက်ခံပါကြောင်း ဆွေးနွေးသည်။

ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာခွန်ဝင်းသောင်းက ဦးထွန်းအောင်(ခ) ဦးထွန်းထွန်းဟိန်နှင့် ကိုယ်စားလှယ် ၃၅၁ ဦးတို့က ပြင်ဆင်အသုံးပြုရန် တင်သွင်းထားသည့် နိုင်ငံတော်အလံအသစ်သည် ယနေ့ စစ်မှန်သည့် ဒီမိုကရေစီခေတ်ကို လျှောက်လှမ်းနေသည့်ကာလတွင် ဖက်ဒရယ် ပြည်ထောင်စုစနစ်အဓိပ္ပာယ်ဆောင်ပြီး လွတ်လပ်ရေးကြိုးပမ်းရယူခဲ့ကြသည့် ခေါင်းဆောင်များ၏ ဆန္ဒကိုလည်း ပစ်ပယ်ရာမရောက်စေရန်ဆိုသည့် ရည်ရွယ်ချက်ဖြင့် အနီ၊ အပြာထောင့်တွင် ကြယ်ဖြူတစ်လုံးကို ကြယ်ဖြူငယ် ၁၄ လုံး ခြံရံထားကာ ဝင့်ကြွားထည်ဝါစွာ လွင့်ထူနိုင်ရန်အတွက် အချိန်အခါကောင်းနှင့်အညီ သင့်လျော်သောကြောင့် ပုဒ်မ ၄၃၇ ပုဒ်မခွဲ (က)၏ ပြင်ဆင်ချက်ကို ထောက်ခံပါကြောင်း ဆွေးနွေးသည်။

### ဥပဒေမူကြမ်းများပါ ပုဒ်မ၊ ပုဒ်မခွဲများအပေါ် လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေး

ယင်းဥပဒေမူကြမ်းများပါ ပုဒ်မ၊ ပုဒ်မခွဲများအပေါ် နောင်မွန်းမဲဆန္ဒနယ်မှ ဦးဂျီဖုန်ဆား၊ မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၈)မှ ဦးမျိုးဝင်း၊ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး ထင်လင်းဦး၊ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးချုပ် မောင်မောင်၊ လင်းခေးမဲဆန္ဒနယ်မှ ဦးစိုင်းဘသိန်း၊ အင်ဂျန်းယန်မဲဆန္ဒနယ်မှ ဦးလမာနော်အောင်၊ ဆိပ်ကြီး/ခနောင်တိုမဲဆန္ဒနယ်မှ ဦးတင်ထွန်းနိုင်၊ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီး တင်ထွန်းဦး၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါ်ကျိုန်ငိုက်မန်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဒေါ်နွယ်နွယ်အောင်၊ မချမ်းဘောမဲဆန္ဒနယ်မှ ဦးနန်မွန်ထင်၊ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးချုပ် တင့်ဆန်း၊ မြစ်သားမဲဆန္ဒနယ်မှ ဒေါက်တာ လင်းလင်းကျော်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆) မှ ဦးကျင့်ခန့်ပေါင်၊ တပ်မတော်သားပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး ကျော်မိုးအောင်၊ မိတ္ထီလာမဲဆန္ဒနယ်မှ ဒေါက်တာမောင်သင်း၊ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီးအေးလွင်နှင့် မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဒေါ်မြတ်သီတာထွန်းတို့က ဆက်လက်ဆွေးနွေးကြသည်။

### ဥပဒေမူကြမ်းများ၏ ပြင်ဆင်ချက်များအပေါ် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းအစီအစဉ်ကို ၂၀၂၀ ပြည့်နှစ် မတ် ၁၀ ရက်တွင် စတင်ဆောင်ရွက်ရန် လျာထား

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက ဦးတီခွန်မြတ် က ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေမူကြမ်းများပါ ပုဒ်မ၊ ပုဒ်မခွဲများအပေါ် လွှတ်တော်၏ အဆုံးအဖြတ်ရယူမည့် အစီအစဉ်လျာထားမှု အပါအဝင် အသုံးပြုမည့် ဆန္ဒမဲလက်မှတ်နှင့် စပ်လျဉ်း၍ လွှတ်တော်သို့ ရှင်းလင်းတင်ပြရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေမူကြမ်းများ လေ့လာစိစစ်ရေး ပူးပေါင်းကော်မတီ၏ အစီရင်ခံစာ နောက်ဆက်တွဲ (ဇ - ၁)၊ (ဈ - ၁)တို့ပါ ဥပဒေမူကြမ်းများ၏ ပြင်ဆင်ချက် ဇယားများဖြစ်သည့် နောက်ဆက်တွဲ (ဇ - ၂)၊ (ဈ - ၂) ဇယား (၂)ခုပါ ပြင်ဆင်ချက်များအပေါ် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းအစီအစဉ်ကို ၂၀၂၀ ပြည့်နှစ် မတ် ၁၀ ရက်တွင် စတင်ဆောင်ရွက်ရန် လျာထားပါကြောင်း၊ ဥပဒေမူကြမ်းများပါ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၃၆ ပုဒ်မခွဲ (က)နှင့် သက်ဆိုင်သည့် ပြင်ဆင်ချက်ပုဒ်မ၊ ပုဒ်မခွဲ ၅၅ ခု ပါဝင်သည့် ဥပဒေမူကြမ်း၏ ပြင်ဆင်ချက် ဇယား နောက်ဆက်တွဲ (ဇ - ၂)ကို အပိုင်း(၄)ပိုင်း ဆန္ဒမဲလက်မှတ် (၄)စောင် ခွဲခြားပြီးလည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၃၆ ပုဒ်မခွဲ(ခ)နှင့် သက်ဆိုင်သည့် ပြင်ဆင်ချက်ပုဒ်မ၊ ပုဒ်မခွဲ ၈၀ ပါဝင်သည့် ဥပဒေမူကြမ်း၏ ပြင်ဆင်ချက်ဇယား နောက်ဆက်တွဲ (ဈ - ၂) ကို အပိုင်း(၅)ပိုင်း ဆန္ဒမဲလက်မှတ် (၅)စောင် ခွဲခြားပြီးလည်းကောင်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ စုစုပေါင်း ဆန္ဒမဲလက်မှတ် (၉)စောင်အတွက် တစ်စောင်ချင်းစီတွင်ပါဝင်မည့် ပုဒ်မ၊ ပုဒ်မခွဲများအတွက် အသေးစိတ်နမူနာပုံစံများကိုလည်း လွှတ်တော်ကိုယ်စားလှယ် အားလုံးထံ ဖြန့်ဝေထားပြီး ဖြစ်ပါကြောင်း။


### ထောက်ခံမဲပိုများသည့် ပြင်ဆင်ချက်ကို အတည်ပြုမည်ဖြစ်သည်ကို ကြိုတင်မှာကြားလို

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၃၆ ပုဒ်မခွဲ (က)နှင့် သက်ဆိုင်သည့် ပြင်ဆင်ချက်များအတွက် အဆုံးအဖြတ်ရယူခြင်း (၄)ကြိမ်နှင့် ပုဒ်မခွဲ(ခ)နှင့် သက်ဆိုင်သည့် ပြင်ဆင်ချက်များအတွက် အဆုံးအဖြတ်ရယူခြင်း (၅)ကြိမ်ခွဲပြီး ဆောင်ရွက်ရန် လျာထားပါကြောင်း၊ ထူးခြားမှုတစ်ခုအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ၄၃၆ ပုဒ်မခွဲ (က)တွင် အကျုံးဝင်သည့် ပုဒ်မ ၅၉ ပုဒ်မခွဲ(ဂ)အတွက် ပြင်ဆင်ချက် (၂)ခုပါရှိပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေထားသည့် နမူနာပုံစံ ဆန္ဒမဲလက်မှတ် (၂)၏ အမှတ်စဉ် (၁)တွင် တွေ့ရှိနိုင်ပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ် တစ်ဦးချင်းအနေဖြင့် ပြင်ဆင်ချက်(၂)ခုလုံးကို ဆန္ဒပြုရမည်ဖြစ်ပါကြောင်း၊ ပြင်ဆင်ချက်(၂)ခုလုံးအတွက် ၇၅ ရာခိုင်နှုန်းကျော် ထောက်ခံမဲ ရရှိခဲ့ပါက ထောက်ခံမဲပိုများသည့် ပြင်ဆင်ချက်ကို အတည်ပြုမည်ဖြစ်သည်ကို ကြိုတင်မှာကြားလိုပါကြောင်း။

ထို့ပြင် နမူနာပုံစံဆန္ဒမဲလက်မှတ်များကို ကျောကပ်ဖြန့်ဝေထားသော်လည်း အဆုံးအဖြတ်ရယူမည့် ဆန္ဒမဲလက်မှတ်များကို စာမျက်နှာတစ်ဖက်သာ အသုံးပြုဆောင်ရွက်သွားမည် ဖြစ်သည်ကို ဖြည့်စွက်အသိပေး ပြောကြားလိုပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေမူကြမ်းများအပေါ် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာတွင် နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ပွဲကျင်းပစဉ်က လုပ်ငန်းစဉ်များအတိုင်း အခြေခံ၍ ဆန္ဒမဲလက်မှတ်အသုံးပြုပြီး လျှို့ဝှက်စွာ ဆန္ဒပြုသည့်နည်းလမ်းဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။



ရှမ်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၁) မှ ဦးဇော်မင်းလတ်



ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၁) မှ ဒေါက်တာ ခွန်ဝင်းသောင်း

### အစီအစဉ်စတင်မည့်ရက်တွင် လွှတ်တော်ကိုယ်စားလှယ် တစ်ဦးချင်းအလိုက် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်အသေးစိတ်ကို ထပ်မံရှင်းလင်း ပြောကြားပေးသွားမည်

လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းအစီအစဉ်တွင် လွှတ်တော်ရုံးဝန်ထမ်းအဖွဲ့ (၈)ဖွဲ့၏ ဆောင်ရွက်မှုအပေါ် တစ်ဖွဲ့လျှင် (၄)ဦးနှုန်းဖြင့် ကြီးကြပ်စောင့်ကြည့်နိုင်ရန် လွှတ်တော်ကိုယ်စားလှယ် (၃၂) ဦး၏ အမည်စာရင်းကိုလည်း နိုင်ငံရေးပါတီအစုအဖွဲ့အလိုက် သင့်တော်သည့် အင်အားသတ်မှတ်တောင်းခံထားပါကြောင်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (၁၂) ဦး၊ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် (၈)ဦး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ (၅)ဦး၊ ရခိုင်အမျိုးသားပါတီ (၂)ဦး၊ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ် (၂)ဦး၊ တအာင်းပလောင်အမျိုးသားပါတီ (၁)ဦး၊ ဇိုမီးဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ (၁)ဦး၊ ပအိုဝ်းအမျိုးသားအဖွဲ့ပါတီ (၁)ဦး ဖြစ်ပါကြောင်း၊ လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း အစီအစဉ်စတင်မည့်ရက်တွင် လွှတ်တော်ကိုယ်စားလှယ် တစ်ဦးချင်းအလိုက် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်အသေးစိတ်ကို ထပ်မံရှင်းလင်း ပြောကြားပေးသွားမည် ဖြစ်ပါကြောင်း။

ယခုအချိန်သည် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးလုပ်ငန်းစဉ်များကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများပါအတိုင်း ဆောင်ရွက်နေသည့် ကာလဖြစ်ပါကြောင်း၊ လွှတ်တော်အတွင်း ရောက်ရှိနေကြသည့် နိုင်ငံရေးပါတီအစုအဖွဲ့အလိုက်ဖြစ်စေ၊ တစ်ဦးချင်းဖြစ်စေ ဥပဒေနှင့်အညီ တူညီသည့်အခွင့်အရေးကို ရယူအသုံးပြုခွင့်ရရှိနေသည့် အချိန်ကာလဆိုသည်ကိုလည်း ထပ်မံပြောကြားလိုပါကြောင်း၊ မိမိတို့ပြည်ထောင်စုလွှတ်တော်အနေဖြင့် ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကို အခြေအနေ၊ အချိန်အခါအလိုက် ဦးစားပေးအလိုက် ပြီးပြတ်အောင် အတတ်နိုင်ဆုံး ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့်အညီ ရရှိထွက်ပေါ်လာသည့် ရလဒ်အပေါ်တွင်လည်း အားလုံးက နားလည်လက်ခံကြရမည် ဖြစ်ပါကြောင်း။

ထို့ကြောင့် လက်ရှိဆောင်ရွက်ဆဲဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး လုပ်ငန်းစဉ်များ ပြီးပြတ်အောင် လွှတ်တော်ကိုယ်စားလှယ်များအားလုံးက ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ပူးပေါင်းပါဝင်ပြီး ကူညီဆောင်ရွက်ပေးကြရန် မှာကြားလိုပါကြောင်း၊ အားလုံးက ပူးပေါင်းဆောင်ရွက်ပေးနိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၈) ရက်မြောက်နေ့ကို မတ် ၅ ရက်တွင် ဆက်လက်ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။ **အောင်ရဲသွင်၊ အေးအေးသန့်၊ ဓာတ်ပုံ – စိုးဝင်းထွန်း**

# ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း ဝန်ထမ်းနောင်ရေးဗဟိုရန်ပုံငွေ အကောင်အထည်ဖော်ရေးကော်မတီ အစည်းအဝေးတက်ရောက်



**နေပြည်တော် မတ် ၄**

“ဝန်ထမ်းနောင်ရေးဗဟိုရန်ပုံငွေ အကောင်အထည်ဖော်ရေး ကော်မတီ” ၏ (၁/၂၀၂၀) အစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။**(ယာပုံ)**

ရှေးဦးစွာ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းက နိုင်ငံ့ဝန်ထမ်းများ အငြိမ်းစားယူသည့်အခါ နောင်ရေးအတွက် စိတ်အေးရစေရန်နှင့် နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေမှ ကျခံသုံးစွဲရမှု အခြေအနေကို ရေရှည်တည်ငြိမ်စွာဖြင့် စဉ်ဆက်မပြတ် ဆောင်ရွက်နိုင်စေရန်အတွက် ဝန်ထမ်းနောင်ရေး ဗဟိုရန်ပုံငွေတည်ထောင်သည့်စနစ်ကို သုံးသပ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံတော်စီးပွားရေးရာ ပေါင်းစပ်ညှိနှိုင်းရေးကော်မတီတွင်လည်း တင်ပြဆွေးနွေးခဲ့ပါကြောင်း၊ လာမည့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် စတင်အကောင်အထည်ဖော်ဆောင်ရန် ရည်ရွယ်ထားပါကြောင်း။

မိမိတို့နိုင်ငံတွင် ပင်စင်စားဦးရေစုစုပေါင်း တစ်သန်းနီးပါးရှိပြီး ပင်စင်လစာများကိုလည်း ၂၀၁၉ ခုနှစ်က တိုးမြှင့်ပေးအပ်ခဲ့ပြီး ဖြစ်ပါကြောင်း၊ ပင်စင်နှင့် ဆုကြေးအသုံးစရိတ်အတွက် တစ်နှစ်လျှင် မြန်မာကျပ်ငွေ ၁ ဒသမ ၁ ထရီလီယံခန့် သုံးစွဲလျက်ရှိပါကြောင်း၊ ဌာနများအနေဖြင့် ဝန်ထမ်းအသစ်များ အများအပြားခန့်အပ်လိုမှုများကို စိစစ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နောင်လာမည့် နှစ် ၂၀၊ နှစ် ၃၀ ဆိုလျှင် ပင်စင်အသုံးစရိတ်သည် အလွန်များပြားလာမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ Central Provident Fund ကို ထူထောင်ရန် စဉ်းစားရခြင်းဖြစ်ကြောင်း၊ CPF ကို အစိုးရနှင့် ဝန်ထမ်းတို့၏ ထည့်ဝင်ငွေဖြင့် စုဆောင်းမည်ဖြစ်ပြီး လက်ရှိနိုင်ငံ့ဝန်ထမ်းများကိုသာ အဓိကဦးတည်ဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ ဝန်ထမ်းမှ လစာ၏ ၅ ရာခိုင်နှုန်း ထည့်လျှင် အစိုးရမှလည်း ၅ ရာခိုင်နှုန်း စုဆောင်းလျှင် ရန်ပုံငွေတစ်ခုရရှိမည်ဖြစ်ပြီး ထိုရန်ပုံငွေသည် Central Provident Fund ဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် ဝန်ထမ်းနောင်ရေး ဗဟိုရန်ပုံငွေဟု ခေါ်ဆိုထားပါကြောင်း၊ ရန်ပုံငွေကို ပြင်ပပညာရှင်များအပါအဝင် စီမံခန့်ခွဲမှုအဖွဲ့ဖြင့် ဥပဒေနှင့်အညီ ဆုံးရှုံးနိုင်ခြေမရှိသော (Risk Free) ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်ပြီး အဖွဲ့ဝင်ဝန်ထမ်းများ အငြိမ်းစားယူသည့်အခါ တစ်လုံးတစ်ခဲတည်း ချီးမြှင့်ငွေနှင့် လစဉ်အကျိုးခံစားခွင့်တို့ကို ပေးအပ်သွားရန် ဖြစ်ပါကြောင်း၊ ရန်ပုံငွေများကို အစိုးရမှရောင်းချသည့် ငွေတိုက်စာချုပ်များ၊ ငွေတိုက်လက်မှတ်များကို ဝယ်ယူ၍ ရင်းနှီးမြှုပ်နှံသွားပါက ဆုံးရှုံးနိုင်ခြေ မရှိပါကြောင်း၊ ဥပဒေစတင်အတည်ပြုသည့်နေ့မှစ၍ ခန့်အပ်သည့် ဝန်ထမ်းသစ်များ၊ အမှုထမ်းသက် ၁၀ နှစ်အောက် ပင်စင်ခံစားခွင့် မရှိသေးသူများသည် CPF တွင် အကျုံးဝင်စေမည်ဖြစ်ပါကြောင်း၊ ပင်စင်ခံစားခွင့်ရှိသည့် အမှုထမ်းသက် ၁၀ နှစ်ပြည့်ပြီးသူများအား လက်ရှိအတိုင်း ခံစားခွင့်ပြုသွားမည်ဖြစ်ကြောင်း၊ ဝန်ထမ်းနောင်ရေး ဗဟိုရန်ပုံငွေတစ်ရပ် ပေါ်ပေါက်လာစေရေး ဆောင်ရွက်လိုသည့်ပုံစံများကိုလည်း အကြီးအကဲများထံ တင်ပြခဲ့ပါကြောင်း။

နှစ်ကြာလာသည့်အခါ ယခင်စနစ်မှ ပင်စင်ခံစားမည့်သူများသည် တဖြည်းဖြည်းနည်းသွားပြီး စနစ်သစ်ဖြင့် ခံစားမည့်သူများ များလာမည်ဖြစ်ကြောင်း၊ နိုင်ငံတော် အစိုးရအား ရန်ပုံငွေများကို သုံးခွင့်ပေးထားခြင်းဖြစ်၍ နိုင်ငံတော်မှ အတိုးပေးနေရမည် ဖြစ်ပါကြောင်း၊ ပင်စင်ခံစားခွင့်ရှိသည့် အမှုထမ်းသက်မပြည့်သေးသည့် ဝန်ထမ်းများ၏ အမှုထမ်းသက်အတွက် ထည့်ဝင်ကြေးများကို နိုင်ငံတော်မှ ထည့်ဝင်ပေးသွားမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ ဝန်ထမ်းနောင်ရေး ဗဟိုရန်ပုံငွေဥပဒေကို ရေးဆွဲရန်ကိစ္စမှာ အရေးကြီးပါကြောင်း၊ အောင်မြင်အောင် မည်ကဲ့သို့ဆောင်ရွက်မည်ကို ဝိုင်းဝန်းစဉ်းစားဆွေးနွေးပေးကြရန် ဖြစ်ပါကြောင်း မှာကြားသည်။

ဆက်လက်၍ ဝန်ထမ်းနောင်ရေး ဗဟိုရန်ပုံငွေ အကောင်အထည်ဖော်ရေးကော်မတီ ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ယခင်အစည်းအဝေးနှင့် ယခုအစည်းအဝေးကြားကာလတွင် အကောင်အထည်ဖော်မည့် ပုံစံနှင့် ပတ်သက်၍ အဆင့်ဆင့်တင်ပြလမ်းညွှန်မှု ခံယူခဲ့ပြီးဖြစ်၍ ဆက်လက်အကောင်အထည်ဖော်ဆောင်မည့် အချိန်ဇယား(Time Frame) ရေးဆွဲ၍ လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း။

ပင်စင်စနစ် ပြုပြင်ပြောင်းလဲရေးနှင့် ပတ်သက်ပြီး Myanmar Sustainable Development Plan-MSDP ကို ချိတ်ဆက်ပြီး အကောင်အထည်ဖော်ရန် Project Bank ထဲမှာလည်း မဟာဗျူဟာမြောက်စီမံကိန်းအဖြစ် ထည့်သွင်းဆောင်ရွက်ထားပြီး လိုအပ်သည့် အသုံးစရိတ်များလည်း ကျခံသုံးစွဲလျက်ရှိပါကြောင်း။

နိုင်ငံ့ဝန်ထမ်းများ၏ အချက်အလက်များကို အတွင်းရေးမှူးရုံးဖြစ်သည့် ပင်စင်ဦးစီးဌာနမှ ကြိုတင်ကောက်ယူပြင်ဆင်ဆောင်ရွက်နေပြီဖြစ်ပါကြောင်း၊ အကောင်အထည်ဖော်မည့် ပုံစံနှင့်အညီ ပြုစုထားသည့် ဝန်ထမ်းနောင်ရေး ဗဟိုရန်ပုံငွေဥပဒေ (ဒုတိယမူကြမ်း) ကို ဆက်လက်ဆွေးနွေးကြမည်ဖြစ်ကြောင်း၊ ၎င်းမူကြမ်းကို ဘဏ်များနှင့် ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီတွင်လည်း ရှင်းလင်းတင်ပြခဲ့ပါကြောင်း။

ကော်မတီအဖွဲ့ဝင်အချို့ကို ဖေဖော်ဝါရီလအတွင်း ထိုင်းနိုင်ငံ အစိုးရပင်စင်ရန်ပုံငွေစနစ် (Government Pension Fund-GPF) ကိုလည်း သွားရောက်လေ့လာစေခဲ့ကြောင်း၊ ထို့ပြင် ဖေဖော်ဝါရီ ၂၄ ရက်က ကျင်းပခဲ့သည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင် ဝန်ထမ်းများ အငြိမ်းစားယူသည့်အခါ သို့မဟုတ် နုတ်ထွက်သည့်အခါ စုဆောင်းငွေတစ်ရပ် ရရှိရန် General Provident Fund (GPF) ထူထောင်ရန် အစီအစဉ် ရှိ/မရှိ လွှတ်တော်ကိုယ်စားလှယ်မေးမြန်းချက်အပေါ်တွင်လည်း အစီအစဉ်ရှိသည်ဟု ဖြေကြားခဲ့ကြောင်း ပြောကြားသည်။

ဆက်လက်၍ ဝန်ထမ်းနောင်ရေး ဗဟိုရန်ပုံငွေ အကောင်အထည်ဖော်ရေးကော်မတီ အတွင်းရေးမှူး၊ ပင်စင်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝါဝါမောင်က ဝန်ထမ်းနောင်ရေးဗဟိုရန်ပုံငွေ အကောင်အထည်ဖော်မှုဆိုင်ရာ ကြိုတင်ဆောင်ရွက်ချက်များ၊ အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုများ၊ ရှေ့ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များ၊ ဝန်ထမ်းနောင်ရေးဗဟိုရန်ပုံငွေ ဥပဒေ (ဒုတိယမူကြမ်း) ရေးဆွဲပြီးစီးမှုအခြေအနေနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် ဒီဇိုင်းပုံစံတို့အား ရှင်းလင်းတင်ပြသည်။ ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးဆက်အောင်၊ ဒေါက်တာမင်းရဲပိုင်ဟိန်းနှင့် ကော်မတီဝင်များက အကြံပြုဆွေးနွေးခဲ့ကြသည်။ ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ၂၀၂၀-၂၀၂၁ ပညာသင်နှစ်အတွက် ကျောင်းသုံးစာအုပ်များ ပုံနှိပ်၊ ထုတ်လုပ်၊ ဖြန့်ချိရေးလုပ်ငန်းများ အချိန်မီဆောင်ရွက်နိုင်ရေး ညှိနှိုင်းစည်းဝေး



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ၂၀၂၀- ၂၀၂၁ ပညာသင်နှစ်အတွက် ကျောင်းသုံးစာအုပ်များ ပုံနှိပ်၊ ထုတ်လုပ်၊ ဖြန့်ချိရေးလုပ်ငန်းများ အချိန်မီဆောင်ရွက်နိုင်ရေး ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

**နေပြည်တော် မတ် ၄**

၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် (၂၀၂၀-၂၀၂၁) ပညာသင်နှစ်အတွက် ကျောင်းသုံးစာအုပ်များ ပုံနှိပ်၊ ထုတ်လုပ်၊ ဖြန့်ချိရေးလုပ်ငန်းများ အချိန်မီဆောင်ရွက်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီက နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန၌ ကျင်းပသည်။

အစည်းအဝေးတွင် ကျောင်းသုံးစာအုပ်များ ရိုက်နှိပ်ဖြန့်ချိရေးကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ပညာရေးဝန်ကြီးဌာန၏ ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များ ပုံနှိပ်ခြင်းလုပ်ငန်းစဉ်တွင် ပြန်ကြားရေးဝန်ကြီးဌာနက အစဉ်အမြဲပူးပေါင်းပါဝင်ဆောင်ရွက်နေမှု၊ ထိုသို့ဆောင်ရွက်ရာတွင် ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနက ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များ ပုံနှိပ်ခြင်းလုပ်ငန်းကို ဆောင်ရွက်နေမှု၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနက ပုံနှိပ်နိုင်သည့်အရေအတွက်ထက် ကျော်လွန်သည့် စာအုပ်များကို ပုဂ္ဂလိကပုံနှိပ်လုပ်ငန်းရှင်များထံ တင်ဒါစိစစ်ရေးကော်မတီမှတစ်ဆင့် တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့်အညီ လုပ်ငန်းအပ်နှံဆောင်ရွက်နေမှုနှင့် နောင်လာမည့် ပညာသင်နှစ်များအတွက် ပုံနှိပ်၊ ထုတ်လုပ်၊ ဖြန့်ချိရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် ပိုမိုအဆင်ပြေချောမွေ့စေရေးအတွက် ယခုအစည်းအဝေးအား ကျင်းပရခြင်းဖြစ်သည်ကို ပြောကြားသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ပညာရေးဝန်ကြီးဌာန၌ အခြေခံပညာကျောင်းများ၊ ပုဂ္ဂလိကကျောင်းများ၊ ဘုန်းတော်ကြီးသင်ကျောင်းများစသည်ဖြင့် အခြေခံပညာ ကျောင်းသား ကျောင်းသူ ၉ ဒသမ ၇ သန်းကျော်ရှိမှု၊ အခြေခံပညာ ကျောင်းသား ကျောင်းသူများအတွက် နှစ်စဉ် ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များ ရိုက်နှိပ်ပေးခြင်း၊ ဖြန့်ဝေပေးခြင်းကို ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပုံနှိပ်ထုတ်ဝေရေး လုပ်ငန်းရှင်များက ပူးပေါင်းဆောင်ရွက်ပေးနေမှု၊ သင်ရိုးသစ်များ ပြုစုရေးဆွဲရာတွင် နိုင်ငံတကာ သင်ရိုးညွှန်းတမ်းများနှင့်အညီ အရည်အသွေးပြည့်မီစေရန် အချိန်ယူဆောင်ရွက်နေမှု၊ ပုံနှိပ်မှုလုပ်ငန်းများ၊ ဖြန့်ဝေမှုလုပ်ငန်းများ နှောင့်နှေးနိုင်သည့်အတွက်လည်း အချိန်မီပြီးစီးနိုင်စေရန် ပညာရေးဝန်ကြီးဌာနက ကြိုးပမ်း ဆောင်ရွက်လျက်ရှိမှု၊ ကျောင်းသုံး ပြဋ္ဌာန်းစာအုပ်များကို နှစ်စဉ်နှစ်တိုင်း ရိုက်နှိပ်ဖြန့်ချိရာတွင် တစ်နှစ်ထက်တစ်နှစ် အရည်အသွေး ပိုမိုကောင်းမွန်စွာ ဆောင်ရွက်နိုင်ရန် အတွက် အတူတကွ ကြိုးပမ်း ဆောင်ရွက်နေမှုတို့ကို ပြောကြားသည်။

ယင်းနောက် ကျောင်းသုံးစာအုပ်များ ရိုက်နှိပ်ဖြန့်ချိရေးကော်မတီ အတွင်းရေးမှူး ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်မျိုးမြင့်နှင့် ကျောင်းသုံးစာအုပ်များ ဖြန့်ချိရေးဆပ်ကော်မတီ အတွင်းရေးမှူး အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကိုလေးဝင်းတို့က (၂၀၂၀-၂၀၂၁) ပညာသင်နှစ်အတွက် ကျောင်းသုံးစာအုပ်များ ပုံနှိပ်၊ ထုတ်လုပ်၊ ဖြန့်ချိရေးလုပ်ငန်းများ အချိန်မီဆောင်ရွက်နိုင်ရန်နှင့် နောင်လာမည့် ပညာသင်နှစ်များအတွက် လုပ်ငန်းဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ကျောင်းသုံးစာအုပ်များ ရိုက်နှိပ်ထုတ်လုပ်ရေး ဆပ်ကော်မတီ ဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက ကျောင်းသုံးစာအုပ်များ ပုံနှိပ်၊ ထုတ်လုပ်၊ ဖြန့်ချိရေးလုပ်ငန်းများ ပိုမိုကောင်းမွန်စေရန် လုပ်ဆောင်သွားသင့်သည့် လုပ်ငန်းအစီအမံများကို အကြံပြုဆွေးနွေးသည်။

ထို့နောက် အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်နှင့် အစည်းအဝေး တက်ရောက်လာကြသူများက အခြေခံပညာ ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များ ရိုက်နှိပ်ထုတ်ဝေ ဖြန့်ချိခြင်းနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က နိဂုံးချုပ်အမှာစကား ပြောကြားခဲ့သည်။

**သတင်းစဉ်**

# COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုရေးနှင့် ကာကွယ်ထိန်းချုပ်ရေးဗဟိုအဆင့် နေ့စဉ်ညှိနှိုင်းအစည်းအဝေး (၂၉/၂၀၂၀) ကျင်းပ



**နေပြည်တော် မတ် ၄**

Coronavirus Disease 2019 (COVID–19) လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါစောင့်ကြပ်ကြည့်ရှုရေးနှင့် ကာကွယ်ထိန်းချုပ်ရေးဗဟိုအဆင့် နေ့စဉ်ညှိနှိုင်းအစည်းအဝေး (၂၉/၂၀၂၀) ကို ယနေ့နံနက် ၈ နာရီတွင် နေပြည်တော်ရှိ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၌ ကျင်းပသည်။ **(ယာပုံ)**

**ရောဂါကာကွယ်ရေးဝတ်စုံများ ဖြန့်ဝေ**

အစည်းအဝေး၌ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ယခုအချိန်တွင် မိမိတို့နိုင်ငံ၌ COVID–19 ရောဂါဖြစ်ပွားသူ မတွေ့ရှိရသေးသည့် အချက်ကို ကြည့်၍ ကျေနပ်နေ၍ မရပါကြောင်း၊ အခြားနိုင်ငံများ၌ အချိန်တိုအတွင်း များပြားစွာဖြစ်ပွားနေသည်ကို တွေ့ရှိရသည့်အတွက် မိမိတို့အနေဖြင့် ဆောင်ရွက်နေသော ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်လုံးဝမလျှော့ဘဲ အရှိန်အဟုန်ကို ပို၍ပင်တိုးမြှင့်လုပ်ဆောင်ရမည်ဖြစ်ပါကြောင်း၊ မိမိတို့ ဝန်ကြီးဌာနအနေဖြင့်လည်း COVID–19 ရောဂါသံသယလက္ခဏာရှိသောသူများအား ရှာဖွေဖော်ထုတ်၍ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်လျက်ရှိပါကြောင်း၊ မိမိတို့နိုင်ငံတွင် COVID–19 ရောဂါ ရုတ်တရက်ဖြစ်ပွားလာနိုင်သည်ဟူသော ခံယူချက်ကို နောက်ခံထား၍ မိမိတို့၏ ဆေးရုံများတွင် ကြိုတင်ပြင်ဆင် ဆောင်ရွက်နေမှုများအတွက် ပထမဦးစားပေးအနေဖြင့် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ဝန်ကြီးဌာနမှ ဝယ်ယူမှုနှင့် လှူဒါန်းမှုများမှရရှိသော အသက်ရှူစက်များ၊ တစ်ကိုယ်ရေသုံး ရောဂါကာကွယ်ရေးဝတ်စုံ များ စသည်တို့ကို အရေးကြီးသည့် ဆေးရုံများသို့ လိုအပ်ချက်နှင့်အညီ အမြန်ဆုံးဖြန့်ဝေလျက်ရှိပါကြောင်း။

ယခု COVID–19 ရောဂါ ကမ္ဘာ့နိုင်ငံများတွင် ဖြစ်ပွားနေမှု သတင်းအချက်အလက်များကို ပြည်သူ့ကျန်းမာရေးနှင့် ကပ်ရောဂါဗေဒ ရှုထောင့်တို့မှ သုံးသပ်ပြီး ဝန်ကြီးဌာနမှ ရေးဆွဲထားသော COVID–19 ရောဂါဖြစ်ပွားခြင်း ကာကွယ်တုံ့ပြန်ဆောင်ရွက်ရေး စီမံချက်ကိုသာမက အခြားဘေးအန္တရာယ်တုံ့ပြန်ဆောင်ရွက်ရေး စီမံချက်များကို ဆန်းစစ်သုံးသပ်မှုများ အမြန်ဆုံးပြုလုပ်ကာ လိုအပ်သည်များကို ပြန်လည်ပြုပြင်မွမ်းမံရေးဆွဲရမည်ဖြစ်ပါကြောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများတွင် နီးနွယ်ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များ၏ ပူးပေါင်းပါဝင်မှုအခြေအနေများ သည် ကောင်းမွန်နေသည်ကို တွေ့ရှိရပါကြောင်း၊ မိမိတို့အနေဖြင့်လည်း တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များမှ ဆောင်ရွက်ချက်များကို သတင်းမပြတ်ရရှိလျက်ရှိပါကြောင်း။

ညွှန်းပို့ဆေးရုံကြီးများအတွက် လိုအပ်သည့် ပြင်ဆင်ထားရှိမှုများ လုပ်ဆောင်ထားရှိသကဲ့သို့ အခြားသော တိုင်းဒေသကြီး/ ပြည်နယ်များရှိ ဆေးရုံများအတွက် လိုအပ်သည့်ပြင်ဆင်မှုများအား ဗဟိုအဆင့် တာဝန်ရှိသူများနှင့် သက်ဆိုင်ရာ ဆေးရုံအုပ်ကြီးများ ညှိနှိုင်းဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရပါကြောင်း၊ မိမိတို့အနေဖြင့် ယခုအချိန်တွင် ရရှိသောလူအင်အား၊ ဘဏ္ဍာငွေနှင့် ဆေးဝါးပစ္စည်းကိရိယာများကို အသုံးချကာ ပြည်သူများ ရောဂါမဖြစ်ပွားစေရေးအတွက် ဆက်လက်၍ ကြိုးပမ်းဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ ဗဟိုအဆင့်တာဝန်ရှိသူများနှင့် တိုင်းဒေသကြီး/ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနများအကြား တယ်လီဖုန်းနှင့် အင်တာနက်ဆက်သွယ်မှုလမ်းကြောင်းများအသုံးပြုကာ tele/ video conferencing များဖြင့် ဆက်သွယ်ဆွေးနွေးမှုများ ပုံမှန်ပြုလုပ်နေခြင်းသည် ဤရောဂါကာကွယ်ထိန်းချုပ်မှုအတွက် အလွန်အရေးကြီးပြီး ထိရောက်သည့် ဆောင်ရွက်မှုတစ်ရပ်ဖြစ်ပါကြောင်း။

**နောက်ဆက်တွဲကိစ္စရပ်များ စဉ်းစား**

တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးတွင် အစိုးရအဖွဲ့၊ လူမှုရေးဝန်ကြီးများ၊ နီးနွယ်ဌာနများ၊နိုင်ငံတကာ/ပြည်တွင်းအစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေမှုလက်ရှိအခြေအနေများအား ပိုမိုထိရောက်ကောင်းမွန်စေရန်အတွက် ဗဟိုအဆင့်၌ နေ့စဉ်အစည်းအဝေး ပြုလုပ်နေသကဲ့သို့ တိုင်းဒေသကြီး/ ပြည်နယ်အဆင့်၌ ရက်သတ္တတစ်ပတ်လျှင် နှစ်ကြိမ်ခန့် ပြုလုပ်စေလိုပါကြောင်း၊ ဆုံးဖြတ်ချက်၊ အကြံပြုချက်များကိုလည်း ဗဟိုသို့ အချိန်နှင့်တစ်ပြေးညီပေးပို့စေလိုပါကြောင်း၊ ယခုအချိန်၌ လူစုလူဝေးများပြားသော ပွဲလမ်းသဘင်များကို တတ်နိုင်သမျှ မပြုလုပ်ရန်နှင့် မလွှဲမရှောင်သာပြုလုပ်ရပါကလည်း ဖြစ်ပေါ်လာနိုင်သည့် နောက်ဆက်တွဲ ကိစ္စရပ်များအားလည်း ထည့်သွင်းစဉ်းစားချင့်ချိန်ရမည်ဖြစ်ပါကြောင်း၊ အကယ်၍ လူစုလူဝေးပွဲလမ်းသဘင်များသည် ကောင်းကျိုးသက်ရောက်မှုရှိပြီး မဖြစ်မနေကျင်းပရမည်ဆိုပါကလည်း လူဦးရေ တတ်နိုင်သမျှအနည်းဆုံးဖြင့်သာ ကျင်းပပြုလုပ်သွားရန်နှင့် ပွဲလမ်းသဘင်များ ကျင်းပမည်ဆိုပါကလည်း COVID–19 ရောဂါ ပညာပေးအချက်အလက်များနှင့် ပြည်သူလူထုအနေဖြင့် လိုက်နာဆောင်ရွက်ရန်များကို ပွဲမစမီ ငါးမိနစ်ခန့် အချိန်ယူ၍ ပြောကြားရန်အတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးများနှင့် ညှိနှိုင်းပြင်ဆင်ဆောင်ရွက်စေလိုကြောင်း။

**အကျိုးရှိမည့်ဆုံးဖြတ်ချက်များ ချမှတ်**

ပြည်သူများအနေဖြင့်လည်း ဖျားနာခြင်း၊ ချောင်းဆိုးခြင်း၊ နှာချေခြင်း၊ အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါတစ်မျိုးမျိုးဖြစ်ပွားနေပါက လူစုလူဝေးနေရာများ၊ ပွဲလမ်းသဘင်များသို့ သွားလာခြင်းမှ လုံးဝရှောင်ကြဉ်ကြရန်မှာ အရေးကြီးပါကြောင်း၊ လက်ကို စနစ်တကျ ပုံမှန်ဆေးကြောခြင်း၊ အရက်ပြန်ပါဝင်သော လက်သန့်စင်ဆေးရည်ကို အသုံးပြုဆေးကြောခြင်း၊ ချောင်းဆိုးနှာချေပါက ဖုံးအုပ်ခြင်း၊ ချောင်းဆိုးနှာချေနေမကောင်းပါက ခွဲစိတ်ခန်းသုံး ပါးစပ်နှာခေါင်းစည်း စနစ်တကျ အသုံးပြုခြင်းတို့သည် ဤရောဂါကာကွယ်မှုအတွက် အလွန်ထိရောက်သည့်အတွက် ၎င်းအချက်များအား အရေးထားပြီးဆောင်ရွက်စေလိုပါကြောင်း၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းအနေဖြင့် ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်မှုများသည် ကောင်းမွန်ပါကြောင်း၊ ဆက်လက်၍လည်း ပိုမို၍ ပါဝင်ဆောင်ရွက်စေလိုပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို ပြည်သူ့ကျန်းမာရေးနှင့် ကပ်ရောဂါဗေဒရှုထောင့်တို့မှအပြင် လူမှုရေး၊ စီးပွားရေး၊ ခရီးသွားလာရေး၊ ကုန်သွယ်ရေးစသည့် ရှုထောင့်စုံမှစဉ်းစားကာ ပြည်သူများအတွက် အကျိုးရှိမည့်ဆုံးဖြတ်ချက်များ ဆက်လက်ချမှတ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

**လိုအပ်မည့်ဆေးပစ္စည်းကိရိယာများတင်ပြ**

အစည်းအဝေးတွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ COVID–19 ရောဂါနှင့်ပတ်သက်သည့် Daily Update Situation များ၊ ညွှန်းပို့ဆေးရုံများရှိ စောင့်ကြပ်ကြည့်ရှုလူနာများ၊ အသွားအလာကန့်သတ်၍ ရောဂါစောင့်ကြပ်ကြည့်ရှုမှုခံယူနေသူများ၏ ကျန်းမာရေးအခြေအနေများ၊ မန်းရွှေစက်တော်ဘုရားပွဲ ကျင်းပရာနေရာသို့ ညွှန်ကြားရေးမှူး (ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲ)၊ ညွှန်ကြားရေးမှူး (တာဝန်) (ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ) နှင့် တာဝန်ရှိသူများ ကွင်းဆင်းသွားရောက်၍ ပြည်သူ့ကျန်းမာရေးနှင့် ကပ်ရောဂါဗေဒရှုထောင့်များမှ ဆန်းစစ်သုံးသပ်မှုများ ဆောင်ရွက်နေမှုအခြေအနေနှင့် ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို ကွင်းဆင်းအားဖြည့်ဆောင်ရွက်နေမှုအခြေအနေများ၊ တိုင်းဒေသကြီး/ ပြည်နယ်များအတွင်းရှိ ညွှန်းပို့ဆေးရုံကြီးများနှင့် အခြားသောဆေးရုံကြီးများရှိစောင့်ကြည့်လူနာများ၏ အခြေအနေများနှင့် ထူးခြားဖြစ်စဉ်များ၊ ဓာတ်ခွဲနမူနာ စစ်ဆေးထားရှိသည့် အခြေအနေများ၊ Quarantine လုပ်ငန်းများအတွက် လိုအပ်သည့် ဆရာဝန်၊ သူနာပြု၊ အခြေခံဝန်ထမ်းအင်အား ပြင်ဆင်ထားရှိမှုအခြေအနေများ၊ COVID–19 ရောဂါဖြစ်ပွား/ သေဆုံးမှုမြင့်တက်နေသည့် နိုင်ငံများမှ ပြန်လည်ရောက်ရှိလာမည့် မြန်မာနိုင်ငံသားများကို လိုအပ်ပါက Quarantine ၁၄ ရက် ထားရှိနိုင်ရေးအတွက် ပြင်ဆင်ထားရှိမှုအခြေအနေများ၊ COVID–19 ရောဂါဖြစ်ပွားသူများ တွေ့ရှိလာပါက ဆေးရုံများ၌ ကာကွယ်ကုသမှု အထောက်အကူပြုလုပ်ငန်းများတွင် ရောဂါပိုးကူးစက်မှုမရှိစေဘဲ စနစ်တကျ ပါဝင်ဆောင်ရွက်နိုင်ရေးအတွက် မြန်မာ နိုင်ငံ ကြက်ခြေနီအသင်းဝင်များနှင့် လူမှုရေး၊ ပရဟိတအသင်းများမှ တာဝန်ရှိသူများအား လေ့ကျင့်သင်တန်းပေးမှုများကို ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော်တို့တွင် ဆောင်ရွက်သွားရန် ကိစ္စရပ်၊ ဆေးရုံများတွင် ကြိုတင်ပြင်ဆင်ထားရှိမှုများအတွက် ထပ်မံလိုအပ်မည့် ဆေးပစ္စည်းကိရိယာများ စသည်တို့ကို ဆွေးနွေးတင်ပြခဲ့ကြသည်။

အဆိုပါအစည်းအဝေးသို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ် (ပြည်ထောင်စုဝန်ကြီးရုံး)၊ ညွှန်ကြားရေးမှူးချုပ် (ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန)၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (ကုသရေး)၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (ရောဂါနှိမ်နင်းရေး)၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (ဝယ်/ဖြန့်)၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (စီမံ/ဘဏ္ဍာ)၊ နေပြည်တော် ခုတင် ၁၀၀၀ ဆံ့ ပြည်သူ့ဆေးရုံအုပ်ကြီး၊ ညွှန်ကြားရေးမှူး (ဗဟိုကူးစက်)၊ ညွှန်ကြားရေးမှူး (ကုသရေး)၊ ပါမောက္ခ၊ အထူးကုဆရာဝန်ကြီးများနှင့် ပြည်သူ့ကျန်းမာရေး၊ ကုသရေး၊ ဓာတ်ခွဲ၊ e–health ၊ ပြည်တွင်း ပြည်ပဆက်ဆံရေးနှင့် သတင်းပြန်ကြားရေး၊ ပြည်သူ့ကျန်းမာရေးတက္ကသိုလ် (ရန်ကုန်) စသည့် ကဏ္ဍအသီးသီးနှင့် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းမှ တာဝန်ရှိသူများ တက်ရောက်၍ ဆန်းစစ်သုံးသပ်ခြင်း၊ ဆွေးနွေး အကြံပြုခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး နယူးယောက်မြို့ရှိ UNICEF ရုံးချုပ်မှ Mr. Robert Jenkins နှင့်အဖွဲ့အား လက်ခံတွေ့ဆုံ



**နေပြည်တော် မတ် ၄**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် နယူးယောက်မြို့ရှိ UNICEF ရုံးချုပ်မှ Education Associate Director , Mr. Robert Jenkins နှင့်အဖွဲ့အား ယနေ့မွန်းလွဲပိုင်းတွင် အဆိုပါ ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ဝဲပုံ)**

တွေ့ဆုံစဉ် ရွေးဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ခြင်းနှင့်ပတ်သက်၍ ဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် ကိစ္စ၊ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ခြင်းလုပ်ငန်းနှင့် ကလေးသူငယ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်မှ ဦးဆောင်၍ တိုးချဲ့ဆောင်ရွက်မည့် အခြေအနေ၊ ပဋိပက္ခဖြစ်ပွားရာဒေသများရှိ ကလေးသူငယ်များ၊ ပြည်တွင်းနေရပ်စွန့်ခွာရသူများ၏ မိသားစုဝင်ကလေးသူငယ်များ ပညာသင်ကြားနိုင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နေမှု၊ ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းမှမွေးဖွားလာသော ကလေးသူငယ်များအား အသက်နှစ်နှစ်အထိ ငွေကြေးထောက်ပံ့သည့် အစီအစဉ် (MCCT) ဆောင်ရွက်နေမှု၊ မသန်စွမ်းကလေးသူငယ်များအတွက် ပညာသင်ကြားရေးဆိုင်ရာ အစီအစဉ်၊ မသန်စွမ်းမှုကို လျှော့ချနိုင်ရေးအတွက် ရွေးဦးအရွယ် ကလေးသူငယ်ဖွံ့ဖြိုးရေး အခြေအနေတိုင်းတာစစ်ဆေးမှု(ECI)ဆိုင်ရာ ဝန်ဆောင်မှုများ ဆောင်ရွက်နိုင်ရေး ကြိုးပမ်းနေသည့် အခြေအနေနှင့် အဆိုပါနယ်ပယ်များတွင် UNICEF နှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# ဘဝနတ်ထံပျံလွန်တော်မူ

**နေပြည်တော် မတ် ၄**

ရန်ကုန်တိုင်းဒေသကြီး၊သန်လျင်မြို့နယ်၊ ပုဂံတောင်ကျေးရွာ၊ အုဋ္ဌဖိုပရိယတ္တိစာသင်တိုက်၏ ပဓာနနာယက၊ နိုင်ငံတော်သြဝါဒါစရိယ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဆရာတော် ဘဒ္ဒန္တခေမိန္ဒ မဟာထေရ်မြတ်ကြီးသည် သက်တော်(၈၈)နှစ်၊သိက္ခာတော်(၆၈)ဝါအရ ၁၃၈၁-ခုနှစ်၊ တပေါင်းလဆန်း ၁၀ ရက်၊ မတ် ၃ ရက် အင်္ဂါနေ့၊ မွန်းလွဲ ၃ နာရီ ၃၇ မိနစ်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

### နိုင်ငံတော်သြဝါဒါစရိယ
### ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ပုဂံတောင်ကျေးရွာ အုဋ္ဌဖိုကျောင်းပရိယတ္တိစာသင်တိုက်၏ ပဓာနနာယက ဆရာတော် ဘဒ္ဒန္တခေမိန္ဒ (အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ) ၏ ထေရုပ္ပတ္တိအကျဉ်း

| | | |
|---|---|---|
| ဖွားမြင်တော်မူခြင်း | - | ဆရာတော်လောင်းလျာသည် ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ပုဂံတောင်ကျေးရွာ၊ ခမည်းတော် ဦးဘိုးကင်း၊ မယ်တော်ဒေါ်အေးမြိုင်တို့မှ ၁၂၉၄-ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁ ရက်၊ တနင်္လာနေ့တွင် ဖွားမြင်တော်မူသော သားရတနာ ဖြစ်ပါသည်။ |
| ရှင်ရဟန်းပြုတော်မူခြင်း | - | ဆရာတော် လောင်းလျာသည် ၁၃၀၇-ခုနှစ်တွင် သန်လျင်မြို့နယ်၊ အုဋ္ဌဖိုကျောင်းဆရာတော်ထံ၌ ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါး၏ ပစ္စယာနုဂ္ဂဟခံယူကာ ရှင်သာမဏေအဖြစ်သို့ ရောက်ခဲ့ပြီး ၁၃၁၃-ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၂ ရက်နေ့တွင် ပုဂံတောင်ရွာ၊ အုဋ္ဌဖိုကျောင်းခဏ္ဍသိမ်၌ ဆရာတော် ဘဒ္ဒန္တနိပုဏကို ဥပဇ္ဈာယ်ပြု၍ မိဘဆွေမျိုးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။ |
| ပရိယတ္တိစာပေသင်ယူဆည်းပူးတော်မူခြင်း | - | ဆရာတော်သည်ပုဂံတောင်ရွာ၊ အုဋ္ဌဖိုကျောင်းဆရာတော်၊ ရန်ကုန်မြို့၊ ဗားကရာတောရကျောင်း ဆရာတော်၊ အလယ်တောရကျောင်းတိုက် ဆရာတော်၊ မန္တလေးမြို့၊ ဝေယံဘုံသာကျောင်းတိုက်ဆရာတော်၊ မစိုးရိမ်ကျောင်းတိုက် ပဌာန်းဆရာတော်များထံ၌ ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာများကို သင်ယူခဲ့ပြီး သာသနဓဇသိရီပဝရ ဓမ္မာစရိယဘွဲ့ကို ရရှိတော်မူခဲ့ပါသည်။ |
| သာသနာရေးအားပေးဆောင်ရွက်တော်မူခြင်း | - | ဆရာတော်သည် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖြစ်လည်းကောင်း၊ နိုင်ငံတော်ဝိနည်းဓိုရ်အဖြစ် လည်းကောင်း၊ နိုင်ငံတော်သြဝါဒါစရိယအဖြစ် လည်းကောင်း သာသနာ့တာဝန်များကို ထမ်းဆောင်တော်မူခဲ့ပါသည်။ |
| ဘွဲ့တံဆိပ်တော်အလှူခံရရှိတော်မူခြင်း | - | ဤသို့လျှင် ဗုဒ္ဓသာသနာတော်အကျိုးကို ထက်သန်သော ဝီရိယဖြင့် သယ်ပိုးဆောင်ရွက်တော်မူသော အများပြည်သူရဟန်းရှင်တို့၏ ကြည်ညိုလေးစားမှုကို ခံယူရရှိတော်မူခြင်း၊ ပရိယတ္တိဝိသာရဒ၊ ပဋိပတ္တိမာမကဂုဏ်တို့နှင့် ပြည့်စုံတော်မူခြင်း၊ သီလ၊ သမာဓိ ၊ ပညာ (၃) ပါးတို့ဖြင့် ပြည့်စုံတော်မူခြင်းတို့ကြောင့် ၂၀၀၇-ခုနှစ်တွင် နိုင်ငံတော်အစိုးရ က **အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ** ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်လှူဒါန်းခဲ့ပါသည်။ |
| ဘဝနတ်ထံပျံလွန်တော်မူခြင်း | | ဆရာတော်ကြီးသည် သာသနာတော်အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော်(၈၈)နှစ်၊ သိက္ခာတော်(၆၈)ဝါအရ ၁၃၈၁-ခုနှစ်၊ တပေါင်းလဆန်း (၁၀)ရက်၊ (၃-၃-၂၀၂၀)၊ အင်္ဂါနေ့၊ မွန်းလွဲ (၃:၃၇) နာရီ အချိန်တွင် ဘဝနတ်ထံ ပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိပါသည်။ **သတင်းစဉ်** |

## လွတ်လပ်စွာရေးသားထုတ်ဖော်ပြောဆိုခွင့်နှင့် သတင်းအချက်အလက်ရပိုင်ခွင့်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**နေပြည်တော် မတ် ၄**




မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၊ Pen Myanmar အဖွဲ့နှင့် ပြည်ကြီးခင်အဖွဲ့တို့ ပူးပေါင်းကျင်းပသည့် လွတ်လပ်စွာရေးသားထုတ်ဖော်ပြောဆိုခွင့်နှင့် သတင်းအချက်အလက်ရပိုင်ခွင့်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီက နေပြည်တော်ရှိ Park Royal ဟိုတယ်၌ ကျင်းပသည်။ (ယာပုံ)

ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင် ဒေါက်တာသန်းမြင့်က လွတ်လပ်စွာ ရေးသားထုတ်ဖော်ပြောဆိုခွင့်သည် လူ့အခွင့်အရေး၏ တန်ဖိုးတစ်ရပ်ဖြစ်သကဲ့သို့ ဒီမိုကရေစီ၏ အုတ်မြစ်ဖြစ်ပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ရထိုက်သော လူတစ်ဦးချင်း၏ အခြေခံအခွင့်အရေး၊ အခြေခံ ရပိုင်ခွင့်လည်းဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၅၄ (က) တွင် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို အသိအမှတ်ပြု ထည့်သွင်းပြဋ္ဌာန်းထားပါကြောင်း။

တက်ရောက်လာကြသူများအနေဖြင့် လွတ်လပ်စွာ ရေးသားထုတ်ဖော်ပြောဆိုခွင့်နှင့် ပတ်သက်၍ ယခုဆွေးနွေးပွဲမှရရှိသည့် အသိအမြင်အယူအဆများကို အသုံးချကာ မိမိတို့ပတ်ဝန်းကျင်၌ ထိတွေ့ဆက်ဆံရာတွင်ဖြစ်စေ၊ သက်ဆိုင်ရာ လုပ်ငန်းနယ်ပယ်အတွင်း လုပ်ကိုင်ဆောင်ရွက်ရာတွင်ဖြစ်စေ ဆက်စပ်တွေ့ကြုံလာနိုင်သည့် ဖြစ်စဉ်များ၊ စိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းရာ၌ လွတ်လပ်စွာ ရေးသားထုတ်ဖော်ပြောဆိုခွင့်ကို မှန်ကန်စွာကျင့်သုံးခြင်း၊ မှန်ကန်စွာကျင့်သုံးနိုင်အောင် အားပေးခြင်းနှင့် ထိန်းကျောင်း တည့်မတ်ပေးခြင်းတို့ဖြင့် နိုင်ငံ့အကျိုး၊ လူ့အဖွဲ့အစည်းကောင်းကျိုးများအတွက် အကောင်းဆုံးဖြစ်အောင် ကျင့်သုံးဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် Pen Myanmar ဥက္ကဋ္ဌ ဦးညီပုလေးက အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်ခိုင်ဝင်းက ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း အပိုဒ်(၁၉)ပါ အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာသီတာတင်နှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံး ညွှန်ကြားရေးမှူး ဒေါ်တင်တင်ဟန်တို့က သတင်းအချက်အလက် ရပိုင်ခွင့် ဥပဒေ(မူကြမ်း)နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် Pen Myanmar မှ ဒါရိုက်တာ ဦးဟန်ဇော်နှင့် Pen International Director မသီတာ (စမ်းချောင်း)တို့က စာနယ်ဇင်းလွတ်လပ်ခွင့်နှင့် ပြည်သူ့ဆက်ဆံရေးဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း၊ ပြည်ကြီးခင်အဖွဲ့မှ တာဝန်ရှိသူများက သတင်းအချက်အလက် ရပိုင်ခွင့်ဆိုင်ရာ ကိစ္စများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

**သတင်းစဉ်**

## တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့များ နေပြည်တော်သို့ လာရောက်လေ့လာ

**နေပြည်တော် မတ် ၄**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသား စာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့များသည် နေပြည်တော်သို့ လေ့လာရေးခရီးအဖြစ် မတ် ၄ ရက်မှ ၆ ရက်အထိ သုံးရက်တာ လာရောက်လည်ပတ်မည်ဖြစ်သည်။



အဆိုပါအဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား(နေပြည်တော်)သို့ သွားရောက်လေ့လာကြသည်။ **(ယာပုံ)**

ယင်းအဖွဲ့တွင် ကယန်းနှင့် ကရင်ဖြူတိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့၊ မကွေးတိုင်းဒေသကြီးရှိ အရှိုချင်း၊ ဥ(ပ်)ပူး၊ ဟားခါး(လိုင်)၊ ဇိုတုန်ဒါးရင်ဒူး၊ ချို(ချင်း)၊ ယောတိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) ရှိ ဂုံရှမ်း၊ လီရှမ်း၊ တိုင်းနေ၊ ရှမ်းကြီး၊ တိုင်းလွယ်၊ လားဟူ၊ အာခါ၊ တအာင်း(ပလောင်)၊ ဗမာ၊ "ဝ"၊ အားခေ၊ အဲန်၊ ကွီ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များမှ တိုင်းရင်းသားများ ပါဝင်ကြောင်း သိရသည်။

တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့များသည် လေ့လာရေးခရီးစဉ်တွင် အမျိုးသားအထိမ်းအမှတ်ဥယျာဉ်၊ ဆာဖာရီဥယျာဉ်/တိရစ္ဆာန်ဥယျာဉ်၊ ကျောက်မျက်ရတနာပြတိုက် (နေပြည်တော်)၊ ငလိုက်ဆည် ဆင်စခန်းတို့သို့ သွားရောက်လေ့လာကြမည်ဖြစ်ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ - ထိန်နန်နေဝ်(သတင်းစဉ်)**

## ကိုရိုနာဗိုင်းရပ်စ်ရောဂါ ကမ္ဘာတွင် ကူးစက်ပြန့်ပွားနေမှုနှင့်ပတ်သက်၍ အသိပညာပေး

**ရန်ကုန် မတ် ၄**

ရန်ကုန်မြို့ ကမာရွတ်မြို့နယ် လှည်းတန်းလမ်းမ လှည်းတန်းစင်တာအနီး၌ ကမာရွတ်မြို့နယ် သတင်းစာဆရာအသင်းနှင့် ယမ်းအာမခံလုပ်ငန်းတို့ပူးပေါင်းကာ ကမ္ဘာအနှံ့ ကိုရိုနာဗိုင်းရပ်စ်ရောဂါ ကူးစက်ပြန့်ပွားနေမှုနှင့် ပတ်သက်၍ တိုင်းလုံးကျွတ်ကာကွယ်ရေးစီမံချက် အသိပညာပေးလှုပ်ရှားမှုကို ယနေ့နံနက် ၉ နာရီက ပြုလုပ်ခဲ့ကြသည်။



အဆိုပါ လှုပ်ရှားမှုတွင် မြန်မာနိုင်ငံ သတင်းစာဆရာအသင်း (ရန်ကုန်တိုင်းဒေသကြီး)မှ အလုပ်အမှုဆောင်များ၊ ကမာရွတ်မြို့နယ် သတင်းစာဆရာ အသင်းဝင်များနှင့် ယမ်းအာမခံလုပ်ငန်းမှ ဝန်ထမ်းများသည် လမ်းသွားလမ်းလာ ပြည်သူများအား နှာခေါင်းစည်းများ အခမဲ့ပေးဝေခြင်းနှင့် ကျန်းမာရေးပညာပေး လက်ကမ်းစာစောင်များ ဝေငှခဲ့ကြသည်။

ကိုရိုနာဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှု ကာကွယ်ရေးအတွက် ပြည်သူလူထုအကြား အသိပညာတိုးပွားစေရန် နှာခေါင်းစည်းများ စနစ်တကျတပ်ဆင်သုံးစွဲနိုင်ရေး သရုပ်ပြခြင်း၊ တစ်ဦးချင်းလိုက်နာရမည့် အချက်များ ပါဝင်သော လက်ကမ်းစာစောင်နှင့် နှာခေါင်းစည်းများဝေငှခြင်း အသိပညာပေးလှုပ်ရှားမှုများကို ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့တော်ခန်းမရှေ့၊ မီးသတ်(ဗဟို)၊ ဆူးလေဘုရားလမ်း YBS မှတ်တိုင်၊ ဗဟန်းမြို့နယ် မြန်မာပလာဇာ၊ သန်လျင်မြို့မဈေးကြီး၊ အင်းစိန်မြို့နယ် ဖော့ကန်ပဒေသာဈေးကြီးနှင့် ဒဂုံ(ဆိပ်ကမ်း)မြို့နယ် လူသွားလူလာများသည့်လမ်းများ စသည့်မြို့နယ် ၂၂ မြို့နယ်တွင် တစ်ပြိုင်နက်တည်း လှုပ်ရှားမှုပြုလုပ်ခဲ့ကြောင်း သိရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)၊**
**တင်ဝင်းလေး**
**ဓာတ်ပုံ - အာကာလင်း**

# ရခိုင်ပြည်နယ် မောင်တောခရိုင်အတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းပညာလုပ်ငန်းအဖွဲ့၏ ကွင်းဆင်းတွေ့ရှိမှုများ အကောင်အထည်ဖော် ဆောင်ရွက်ရေး ညှိနှိုင်းအစည်းအဝေး ကျင်းပ




ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ရခိုင်ပြည်နယ် မောင်တောခရိုင်အတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းပညာလုပ်ငန်းအဖွဲ့၏ ကွင်းဆင်းတွေ့ရှိမှုများ အကောင်အထည်ဖော်ဆောင်ရွက်ရေး ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

**နေပြည်တော် မတ် ၄**

နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးနှင့် ပြန်လည်နေရာချထားရေးအတွက် နိုင်ငံတော်အစိုးရ၊ UNDP ၊ UNHCR တို့အကြား ချုပ်ဆိုထားသော နားလည်မှုစာချွန်လွှာအရ သက်ဆိုင်သည့် ဌာနဆိုင်ရာကိုယ်စားလှယ်များ၊ UNDP၊ UNHCR တို့မှ ကိုယ်စားလှယ်များပါဝင်သော နည်းပညာလုပ်ငန်းအဖွဲ့၏ ရခိုင်ပြည်နယ် ဘူးသီးတောင်နှင့် မောင်တောမြို့နယ်များအတွင်း ကွင်းဆင်းလေ့လာတွေ့ရှိချက်များနှင့်စပ်လျဉ်း၍ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါအစည်းအဝေးကို ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ကော်မတီဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်တင်၊ အတွင်းရေးမှူး နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်၊ တွဲဖက်အတွင်းရေးမှူး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်နှင့် ကော်မတီအဖွဲ့ဝင်များ၊ ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှုအကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD) ကော်မတီဥက္ကဋ္ဌ၏ အကြံပေးပုဂ္ဂိုလ် ဦးတိုးအောင်နှင့် UEHRD အဖွဲ့ဝင်များ၊ နည်းပညာလုပ်ငန်းအဖွဲ့ (TWG) ၏ အစိုးရဌာနဆိုင်ရာ ကိုယ်စားလှယ်များနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနတို့မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

### ရခိုင်ပြည်နယ်နှင့်ပတ်သက်၍ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဦးစားပေးဆောင်ရွက်ခဲ့

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက အစိုးရအနေဖြင့် စတင်တာဝန်ယူစဉ်ကပင် အပြောင်းအလဲကို ဖော်ဆောင်ရန် ကြိုးပမ်းလျက်ရှိရာ ရခိုင်ပြည်နယ်နှင့်ပတ်သက်၍ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို စတင်ဦးစားပေးဆောင်ရွက်ခဲ့သည်မှာ အားလုံးအသိပင်ဖြစ်ကြောင်း၊ ၂၀၁၆ ခုနှစ် မေလမှစတင်၍ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးမှုတိုးတက်ရေးအတွက် ဗဟိုကော်မတီကို ဖွဲ့စည်းခဲ့ပြီး ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း၊ အကောင်အထည်ဖော်ရာ၌ ဒေသ၏ အခြေခံလိုအပ်ချက်များကို ဖော်ထုတ်ပြီး ဆောင်ရွက်ပါက ပိုမိုမြန်ဆန်အောင်မြင်နိုင်မည်ဖြစ်သဖြင့် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်ကို ၂၀၁၆ ခုနှစ် ဩဂုတ်လတွင် ဖွဲ့စည်းပြီး လေ့လာသုံးသပ်မှုများ ဆောင်ရွက်ခဲ့ကြောင်း၊ ထိုကဲ့သို့ ဆောင်ရွက်နေစဉ် ၂၀၁၆ ခုနှစ် အောက်တိုဘာလ၌ ARSA အဖွဲ့၏ အကြမ်းဖက်တိုက်ခိုက်ခဲ့မှုစတင်ခဲ့ပြီး အကြံပေးကော်မရှင်၏ အပြီးသတ်အစီရင်ခံစာ တင်သွင်းပြီးနောက် ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်နေ့တွင် ထပ်မံ၍ ARSA အဖွဲ့၏ အကြမ်းဖက်တိုက်ခိုက်မှုများ ပိုမိုဆိုးရွားစွာကြုံတွေ့ခဲ့ရပြီး လုပ်ငန်းစဉ်များ နှောင့်နှေးခဲ့ရသော်လည်း လိုအပ်ချက်အရ လူသားချင်းစာနာမှုအကူအညီ အထောက်အပံ့ပေးနိုင်ရေး၊ ပြန်လည်လက်ခံရေး၊ ပြန်လည်နေရာချထားရေး၊ ရေရှည်ပဋိပက္ခကင်းဝေးရေးနှင့် ဖွံ့ဖြိုးရေးတို့ကို အစဉ်တစိုက် ပူးပေါင်းဆောင်ရွက်နိုင်မည့် နိုင်ငံတော်က ဦးဆောင်သည့် UEHRD ကို ဖွဲ့စည်းပြီး ဆက်လက်ကြိုးပမ်းဆောင်ရွက်ခဲ့ပါကြောင်း။

အဆိုပါ အကြမ်းဖက်မှုဖြစ်စဉ်များနှင့်စပ်လျဉ်းပြီး နိုင်ငံတကာက ပွင့်လင်းမြင်သာစွာ သိရှိနိုင်ရေးအတွက် ဒုတိယသမ္မတ ဦးမြင့်ဆွေ ဦးဆောင်ပြီး မောင်တောဒေသ စုံစမ်းစစ်ဆေးရေးကော်မရှင်ကို ဖွဲ့စည်းပြီး စုံစမ်းစစ်ဆေးမှုများ ဆောင်ရွက်ခဲ့ပါကြောင်း၊ ထိုစုံစမ်းစစ်ဆေးရေးကော်မရှင်၏ အစီရင်ခံစာပါ အချက်(၄၈)ချက်နှင့် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်၏ အကြံပြုချက် (၈၈)ချက်တို့ကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း၊ သို့သော်လည်း ဤကာလအတွင်း မိမိတို့၏ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်မှုများအပေါ် နိုင်ငံတကာတွင် အထင်အမြင်လွဲမှားစေမှုများ၊ အကြမ်းဖက်တိုက်ခိုက်မှုများ၏ နောက်ဆက်တွဲဖြစ်စဉ်များတို့ကြောင့် အခက်အခဲများစွာ ကြုံတွေ့ခဲ့ရပါကြောင်း၊ မိမိတို့၏ ကြိုးပမ်းအကောင်အထည်ဖော်မှုများကို ပြည်သူသို့အစီရင်ခံစာ (၅)ကြိမ် ထုတ်ပြန်ခဲ့ပြီး ကုလသမဂ္ဂအဖွဲ့နှင့် ပူးပေါင်းကာ ရခိုင်ပြည်နယ်ပူးတွဲဆန်းစစ်ချက် ( Rakhine Joint Assessment) ကို လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့် လူ့အဖွဲ့အစည်းများအကြား သဟဇာတဖြစ်စေရေးတို့အတွက် ရည်ရွယ်လျက် ကျောက်တော်မြို့နယ်၊ မြောက်ဦးမြို့နယ်နှင့် မင်းပြားမြို့နယ်များရှိ ကျေးရွာ ၁၃၀ တွင် ဆောင်ရွက်ခဲ့ပါကြောင်း။

### နိုင်ငံတကာအဖွဲ့အစည်းများက ရလဒ်ကောင်းများရရှိအောင် ပူးပေါင်းဆောင်ရွက်ပေးကြရန် တိုက်တွန်း

အကြံပြုချက်များကို အကောင်အထည်ဖော်ရာတွင် အခက်အခဲစိန်ခေါ်မှုများရှိသဖြင့် ပြည်တွင်း၊ ပြည်ပ ပညာရှင်(၅)ဦး ပါဝင်သည့် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေး ကော်မတီ၏ အကြံပေးအဖွဲ့ကို ထပ်မံဖွဲ့စည်းပြီး ပိုမိုထိရောက်အောင် ဆောင်ရွက်ခဲ့ပါကြောင်း၊ အကြမ်းဖက်မှုကြောင့် တိုက်ခိုက်မှုဖြစ်စဉ်များနှင့် ပတ်သက်၍ နိုင်ငံတကာက စွပ်စွဲမှုများရှိသည့်အတွက် လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင် (ICOE) ကို ဖွဲ့စည်းဆောင်ရွက်ခဲ့ပြီး စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာကို ယခုနှစ် ဇန်နဝါရီလတွင် ထုတ်ပြန်ခဲ့ပြီးဖြစ်ကြောင်း၊ ICOE အစီရင်ခံစာပါ အကြံပြုချက်များကိုလည်း အကောင်အထည်ဖော်လျက်ရှိကြောင်း၊ အာဆီယံ၏ ပူးပေါင်းပါဝင်မှုအနေဖြင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံး၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအတွက် လူသားချင်းစာနာကူညီမှုဆိုင်ရာ အာဆီယံညှိနှိုင်းရေးမှူးရုံး (AHA Centre)နှင့်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ရခိုင်ပြည်နယ်ရှိ ကိုယ်ဝန်ဆောင်မိခင်များ၊ မသန်စွမ်းများ၊ သက်ကြီးရွယ်အိုများအားလုံးအတွက်လည်း နိုင်ငံတော်၏ MCCT အစီအစဉ်၊ သက်ကြီးလူမှုရေးပင်စင်နှင့် မသန်စွမ်းသူများထောက်ပံ့ခြင်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါလုပ်ငန်းများကို ကြည့်ရှုခြင်းအားဖြင့် မိမိတို့အနေဖြင့် ရခိုင်ပြည်နယ်ဆိုင်ရာ ဆောင်ရွက်ရမည့် လုပ်ငန်းများကို ၂၀၁၆ ခုနှစ်မှစ၍ ဆက်တိုက် အကောင်အထည်ဖော်ခဲ့ကြသည်ကို ပြောကြားလိုခြင်းဖြစ်ပါကြောင်း၊ ထိုသို့စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ ယနေ့အစည်းအဝေးသည် ၂၀၁၈ ခုနှစ် ဇွန်လ ၆ ရက်နေ့တွင် နိုင်ငံတော်အစိုးရ၊ UNDP၊ UNHCR တို့အကြား နားလည်မှုစာချွန်လွှာကို လက်မှတ်ထိုး၍ Quick Impact Project (QIPs) ကို ဆောင်ရွက်ခဲ့မှု၏ ထိရောက်အောင်မြင်မှုများကို ဆန်းစစ်ရန်ဖြစ်ကြောင်း၊ အကောင်အထည်ဖော်ဆောင်ရွက်မည့် ဝန်ကြီးဌာနအသီးသီးနှင့် ပူးပေါင်းဆောင်ရွက်မည့် UEHRD နှင့် နိုင်ငံတကာအဖွဲ့အစည်းများက ရလဒ်ကောင်းများရရှိအောင် ပူးပေါင်းဆောင်ရွက်ပေးကြပါရန် တိုက်တွန်းပါကြောင်း၊ ရခိုင်ပြည်နယ်နှင့်ပတ်သက်၍ အစဉ်တစိုက်ဆောင်ရွက်ရမည့် လူမှုအဖွဲ့အစည်းများအကြား သဟဇာတဖြစ်ရေးကိုလည်း အလေးထားဆောင်ရွက်ကြရန်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ကော်မတီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးခင်မောင်တင်နှင့် ကော်မတီအတွင်းရေးမှူး ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်၊ ကော်မတီတွဲဖက်အတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးစိုးအောင်တို့က နည်းပညာလုပ်ငန်းအဖွဲ့ (TWG) ၏ ဆန်းစစ်အကြံပြုချက်များကို မြေပြင်တွင် လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်မှုများ၊ စိန်ခေါ်မှုများကို ရှင်းလင်းတင်ပြကြသည်။

### ပူးပေါင်းဆောင်ရွက်ခြင်းနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်းများကို အလေးထားဆောင်ရွက်

ဆက်လက်၍ UEHRD ကော်မတီဥက္ကဋ္ဌ၏ အကြံပေးပုဂ္ဂိုလ် ဦးတိုးအောင်က ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ကြရာတွင် အဖွဲ့အစည်းများဖြင့်သော်လည်းကောင်း၊ ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရကြားတွင် လည်းကောင်း၊ ဝန်ကြီးဌာနများအချင်းချင်းသော်လည်းကောင်း ပူးပေါင်းဆောင်ရွက်ခြင်းနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်းများကို အလေးထားဆောင်ရွက်နိုင်ရေး၊ ရခိုင်ပြည်နယ်အတွင်း ဆောင်ရွက်လျက်ရှိကြသည့် စီမံချက်များအားလုံးကို Rakhine Projects Portfolio အဖြစ် စုစည်းထားနိုင်ရေးကိစ္စများကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် နိုင်ငံခြားရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးချမ်းအေးက UNDP ၊ UNHCR တို့မှ ပေးပို့လာသည့် အစီရင်ခံစာတွေ့ရှိချက် ကဏ္ဍတစ်ခုချင်းအလိုက် ရှင်းလင်းတင်ပြရာ တက်ရောက်လာကြသူများက ဝိုင်းဝန်းအကြံပြုဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ကြပြီး ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်စကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

## Star Awards ဆုချီးမြှင့်ခြင်းအခမ်းအနား ရက်ရွှေ့ဆိုင်းကျင်းပမည်

**ရန်ကုန် မတ် ၄**

မြန်မာနိုင်ငံ သတင်းစာဆရာအသင်း (MJA) က ကြီးမှူးပြီး Stellar Seven Entertainment က တာဝန်ယူကျင်းပသည့် Star Awards ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဧပြီလပထမပတ်တွင် ကျင်းပရန် စီစဉ်ထားမှုအား ရက်ရွှေ့ဆိုင်းကျင်းပမည်ဟု ယင်းဆုရွေးချယ်ရေးကော်မတီက သတင်းထုတ်ပြန်ထားကြောင်း၊ COVID-19 ရောဂါနှင့် ပတ်သက်၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် မြန်မာနိုင်ငံ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတို့၏ အသိပေးနှိုးဆော်ပန်ကြားချက်များအရ ထိုသို့ ထုတ်ပြန်ကြေညာခြင်းဖြစ်ကြောင်း သိရသည်။

**အောင်မျိုးသန့်(သုတေသန)**

---

## မြန်မာနိုင်ငံ သွားနှင့်ခံတွင်း ဆရာဝန်အသင်း(ရန်ကုန်တိုင်းဒေသကြီးအသင်းခွဲ)က ခရမ်းမြို့၌ အခမဲ့ကွင်းဆင်းကုသမှုများ ဆောင်ရွက်ပေးသွားမည်

**ရန်ကုန် မတ် ၄**

မတ် ၂၀ ရက်တွင် ကျရောက်သည့် World Oral Health Day အထိမ်းအမှတ်အဖြစ် မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆရာဝန်အသင်း (ရန်ကုန်တိုင်းဒေသကြီးအသင်းခွဲ)က ခရမ်းမြို့ ကိုင်းကုန်းကျောင်း ဓမ္မာရုံ၌ မတ် ၂၂ ရက် နံနက် ၁၀ နာရီမှ ညနေ ၃ နာရီအထိ အခမဲ့ကွင်းဆင်းကုသမှုများ ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

ထိုသို့ ကွင်းဆင်းကုသရာတွင် သွားဖာခြင်း၊ သွားနုတ်ခြင်း၊ သွားကျောက်ခြစ်ခြင်း၊ သွားနှင့် သွားဖုံးရောဂါများ ကာကွယ်ရေးအတွက် ပညာပေးဟောပြောခြင်းတို့ကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် မတ် ၂၂ ရက် နံနက် ၉ နာရီမှ စတင်ပြီး စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

---

## မူဆယ်မြို့၌ ကိုရိုနာဗိုင်းရပ်စ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**မူဆယ် မတ် ၄**

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်မြို့တွင် ကိုရိုနာဗိုင်းရပ်စ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေးကော်မတီ(မူဆယ်)မှ ဦးဆောင်၍ ကိုရိုနာဗိုင်းရပ်စ်ကြိုတင်ကာကွယ်ရေး လုပ်ငန်းများကို ကြက်ခြေနီတပ်ဖွဲ့များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပရဟိတအသင်းအဖွဲ့များနှင့် ဝိုင်းဝန်းပူးပေါင်း၍ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ရာတွင် နယ်စပ်ဂိတ်များ၌ ကျန်းမာရေးစစ်ဆေးမှုများ၊ မူဆယ်မြို့ ရပ်ကွက်အသီးသီး၌ ကိုရိုနာဗိုင်းရပ်စ်နှင့်ပတ်သက်၍ ကြိုတင်ကာကွယ်ရေး အသိပညာပေးလုပ်ငန်းများ၊ ပိုစတာကပ်ခြင်းများ၊ မူဆယ်မြို့အဝင်၌ နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေးခြင်းများ၊ အပူချိန်တိုင်းတာခြင်းများနှင့် နစ်နိုင်ငံ နယ်စပ်ဂိတ် (မန့်ဝိန်းဂိတ်)၌ ဆိုဒီယမ်ဟိုက်ပိုကလိုရစ်ပိုးသတ်ဆေးဖျန်းခြင်းများကို အရှိန်အဟုန်မပျက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဆလိုင်းဗန်ရိုးထန်(ပြန်/ဆက်)**

---

## ပြည်ထောင်စုလွှတ်တော်သို့ လာရောက်လေ့လာ

**နေပြည်တော် မတ် ၄**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၇ ရက်မြောက်နေ့သို့ လွှတ်တော်ကိုယ်စားလှယ်များမှတစ်ဆင့် လာရောက်လေ့လာကြသည့် ပြည်သူများ စုစုပေါင်း ၂၁၁ ဦး တက်ရောက်လေ့လာခဲ့ကြသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးသို့ စတင်ကျင်းပသည့်ရက်မှ ယနေ့အထိ လွှတ်တော်သို့ လာရောက်လေ့လာသူပေါင်း ၆၅၆၃၉ ဦးရှိပြီး လွှတ်တော်သို့ လာရောက်လေ့လာလိုပါက ပြည်ထောင်စုလွှတ်တော်ရုံး၊ ပြည်သူ့လွှတ်တော်ရုံးနှင့် အမျိုးသားလွှတ်တော်ရုံးတို့မှ သက်ဆိုင်ရာ ညွှန်ကြားရေးမှူးချုပ်ထံ လိပ်မူ၍ သုံးရက်ကြိုတင်ပေးပို့နိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

❒ *ကျော်ဖုံးမှ*

(ခ) မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်တွင် နေထိုင်သော အသက် (၆၈ နှစ်) အရွယ် ဆီးချိုရောဂါအခံရှိသူ အမျိုးသမီးကြီးတစ်ဦးသည် (၂၇-၂-၂၀၂၀) ရက်နေ့မှစတင်၍ ချောင်းဆိုးခြင်း၊ အသက်ရှူကျပ်ခြင်းရောဂါလက္ခဏာများ ခံစားခဲ့ရပြီး သတိကောင်းစွာမရသဖြင့် (၄-၃-၂၀၂၀) ရက်နေ့တွင် မန္တလေးအထွေထွေရောဂါကုဆေးရုံကြီးသို့ လာရောက်ပြသခဲ့ရာ လွန်ခဲ့သော (၁၄) ရက်အတွင်း ရောဂါကူးစက်ဖြစ်ပွားလျက်ရှိသော ဒေသများသို့ ခရီးသွားရာဇဝင်မရှိသော်လည်း ပြင်းထန်အသက်ရှူလမ်းကြောင်းဆိုင်ရာ လက္ခဏာများနှင့် COVID-19 ရောဂါသံသယလက္ခဏာများ တွေ့ရှိရသဖြင့် စောင့်ကြည့်လူနာအဖြစ်သတ်မှတ်၍ သီးခြားထားရှိ ကုသမှုပေးလျက်ရှိပြီး ၎င်းထံမှ ဓာတ်ခွဲနမူနာရယူ၍ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) သို့ပေးပို့စစ်ဆေးရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

(ဂ) ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်တွင် နေထိုင်သော အသက် (၃၂ နှစ်) အရွယ် အမျိုးသမီးတစ်ဦးသည် (၂-၃-၂၀၂၀) ရက်နေ့တွင် ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာခဲ့ပြီး (၂၆-၂-၂၀၂၀) ရက်နေ့မှစ၍ ချောင်းဆိုးခြင်း၊ လည်ချောင်းနာခြင်း၊ မောပန်းခြင်းလက္ခဏာများ ခံစားခဲ့ရသဖြင့် ပုဂ္ဂလိကဆေးခန်းသို့ လာရောက်ပြသခဲ့ရာ (၄-၃-၂၀၂၀) ရက်နေ့တွင် ဝေဘာဂီအထူးကုဆေးရုံကြီးသို့ ညွှန်းပို့ခဲ့ပါသည်။ ၎င်းအားစောင့်ကြည့်လူနာအဖြစ်သတ်မှတ်၍ သီးခြားထားရှိ ကုသမှုပေးလျက်ရှိပြီး ၎င်းထံမှ ဓာတ်ခွဲနမူနာရယူ၍ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) သို့ ပေးပို့စစ်ဆေးရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

၃။ စင်ကာပူနိုင်ငံ၌ နေထိုင်ခဲ့စဉ်ကာလအတွင်း COVID-19 ရောဂါဖြစ်ပွားလာသူနှင့် ထိတွေ့ခဲ့သည့် မြန်မာနိုင်ငံသား အသက် (၂၆ နှစ်) အရွယ် အမျိုးသားတစ်ဦးအား ကျောက်ပန်းတောင်းမြို့နယ်ဆေးရုံတွင် အခြားသူများနှင့် ထိတွေ့ဆက်ဆံခြင်းမရှိအောင် ဆေးရုံတွင် သီးသန့်ထားရှိ၍ ရောဂါဖြစ်ပွားမှုစောင့်ကြပ်ကြည့်ရှုလျက်ရှိပြီး ဓာတ်ခွဲနမူနာအား ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ အမျိုးသားကျန်းမာရေးဆိုင်ရာ ဓာတ်ခွဲမှုဌာန (ရန်ကုန်) တွင် စစ်ဆေးခဲ့ရာ ဓာတ်ခွဲနမူနာတွင် COVID-19 ရောဂါပိုးမရှိကြောင်းကို တွေ့ရှိရပါသည်။ အဆိုပါအမျိုးသားသည် COVID-19 ရောဂါဖြစ်ပွားလာသူနှင့် ထိတွေ့ခဲ့သူဖြစ်သဖြင့် ၎င်းထံမှ နောက် (၃) ရက်အကြာတွင် ဓာတ်ခွဲနမူနာ ထပ်မံရယူ၍ စစ်ဆေးသွားမည်ဖြစ်ပါသည်။ အဆိုပါအမျိုးသားသည် ယနေ့ (၄-၃-၂၀၂၀) ရက်နေ့၊ ညနေပိုင်းအချိန် စစ်ဆေးချက်အရ ကျန်းမာရေးအခြေအနေ ကောင်းမွန်နေပါသည်။

၄။ ယနေ့ (၄-၃-၂၀၂၀) ရက်နေ့၊ ညနေ (၆:၀၀) နာရီအချိန်အထိ လူနာခုနစ်ဦးအား သက်ဆိုင်ရာဆေးရုံများတွင် စောင့်ကြပ်ကြည့်ရှု ကုသမှုပေးလျက်ရှိပါသည်။

၅။ (၄-၃-၂၀၂၀) ရက်နေ့အထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ မတွေ့ရှိသေးသော်လည်း ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို အရှိန်အဟုန်မြှင့်၍ ဆောင်ရွက်လျက်ရှိပါသည်။ ယခုအခါ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံအချို့အပါအဝင် ကမ္ဘာ့နိုင်ငံ (၇၃) နိုင်ငံတွင် COVID-19 ရောဂါ ကူးစက်ဖြစ်ပွားလျက်ရှိသဖြင့် ပြည်သူလူထုအနေဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ရောဂါကာကွယ်ရေးဆိုင်ရာ ကျန်းမာရေးအသိပညာပေးအချက်အလက်များအား တိကျစွာလိုက်နာဆောင်ရွက်ရန် နှိုးဆော်အပ်ပါသည်။ COVID-19 ရောဂါ ဖြစ်ပွားသူနှင့် ထိတွေ့ခဲ့သူများ၊ ရောဂါကူးစက်ပြန့်ပွားမှု များပြားရာနေရာဒေသမှ ပြည်တွင်းသို့ ရောက်ရှိခဲ့သူများနှင့် သံသယရောဂါလက္ခဏာဖြစ်ပွားလာသူများအနေဖြင့် အနီးဆုံးကျန်းမာရေးဌာနသို့ မဖြစ်မနေသတင်းပေးပို့ကြပါရန်၊ သံသယရောဂါလက္ခဏာဖြစ်ပွားသူများကို တွေ့ရှိပါက ပြည်သူများအနေဖြင့်လည်း အနီးဆုံးကျန်းမာရေးဌာနထံသို့ သတင်းပေးပို့ပါရန်နှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ အသွားအလာကန့်သတ်၍ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်း (quarantine) လုပ်ငန်းဆောင်ရွက်မှုများတွင် ပါဝင်ကြပါရန် ထပ်မံတိုက်တွန်း နှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

✻ *ကျော်ဖုံးမှ*

မတ် ၄ ရက်တွင်မူ ၁၀ မိနစ် အမြန်ရွှေ့(Rapid) စစ်တုရင်ပြိုင်ပွဲကို ဆက်လက်ကစားခဲ့ပြီး ခြောက်ပွဲယှဉ်ပြိုင်ကစားခဲ့ပြီးချိန်တွင် မြန်မာနိုင်ငံ စစ်တုရင်ချန်ပီယံ အင်တာနေရှင်နယ်မာစတာ ဝင်းဇော်ထွန်းက ကီဗင်ဂိုဝီမင်းကို သုံးပွဲနိုင်၊ နှစ်ပွဲရှုံး၊ တစ်ပွဲသရေ၊ လျှပ်တစ်ပြက်(Blitz) စစ်တုရင်ပြိုင်ပွဲတွင်လည်း ခြောက်ပွဲယှဉ်ပြိုင်ကစားပြီးချိန်တွင် ဝင်းဇော်ထွန်းက သုံးပွဲနိုင်၊ နှစ်ပွဲရှုံး၊ တစ်ပွဲသရေကျခဲ့သည်။

**ပထမဦးဆုံးကစားသမားဖြစ်လာ**

မြန်မာနိုင်ငံ စစ်တုရင်ချန်ပီယံ အင်တာနေရှင်နယ်မာစတာ ဝင်းဇော်ထွန်းနှင့် စင်ကာပူနိုင်ငံ စစ်တုရင်ချန်ပီယံ အင်တာနေရှင်နယ်မာစတာ ကီဗင်ဂိုဝီမင်းတို့၏ စစ်တုရင်စီးချင်းထိုးပြိုင်ပွဲ (Match) ပြီးဆုံးခဲ့ချိန်တွင် မြန်မာ့စစ်တုရင်ချန်ပီယံ အင်တာနေရှင်နယ်မာစတာ ဝင်းဇော်ထွန်းက စင်ကာပူစစ်တုရင်ချန်ပီယံကို အနိုင်ရရှိခဲ့ပြီး စီးချင်းထိုးပြိုင်ပွဲတွင် အနိုင်ရရှိခဲ့သည့် ပထမဦးဆုံးကစားသမားဖြစ်လာခဲ့သည်။

"သူများနိုင်ငံက အကောင်းဆုံးကစားသမားတွေနဲ့ အခုလိုမျိုး ကစားခွင့်ရတဲ့အတွက် အတွေ့အကြုံကောင်းတွေ ရခဲ့တယ်။ အကောင်းဆုံးကစားခဲ့ရသလို ကျွန်တော်တို့နိုင်ငံက ဝါသနာပါတဲ့သူတွေ၊ စစ်တုရင်အားကစားနည်းကို တိုးတက်အောင် လေ့လာနေတဲ့သူတွေအတွက်၊ သူများနိုင်ငံက ကစားသမားတွေ အကောင်းဆုံးကစားတာကို တိုက်ရိုက်ကြည့်ရှုခွင့်ရတဲ့အတွက် အများကြီးအကျိုးရှိပါတယ်။ အခုကစားသလောက်ကြည့်ရရင် လက်ရည်က အများကြီးမကွာပါဘူး။ အဓိကတော့ ပြင်ဆင်မှုအပိုင်းက ကွာတာပေါ့။ သူတို့က ကစားကွက်အပိုင်းတွေ၊ ရုပ်ပိုင်းဆိုင်ရာ အပိုင်းတွေ လုံးဝကြံ့ခိုင်အောင် လုပ်ထားတာကို တွေ့ရတယ်။ အဲဒီအပိုင်းမှာ ကျွန်တော်တို့တွေအားနည်းတယ်။ နောက်ထပ် အတွေ့အကြုံကောင်းတွေရအောင်၊ ပြည်ပထွက်ကစားလို့ရအောင် အဖွဲ့ချုပ်က စီစဉ်ထားတာတွေရှိပါတယ်။ ဒီလိုမျိုးပွဲကြီးတွေကို ကျင်းပတာ အစဉ်အလာဖြစ်သွားရင် မြန်မာကစားသမားတွေအတွက် အများကြီးအကျိုးရှိလာမှာပါ။ အဲဒါမှ သူတို့လေ့ကျင့်တဲ့အပိုင်း၊ နည်းစနစ်အပိုင်းတွေ တိုက်ရိုက်ထိတွေ့ခွင့်ရတဲ့အတွက် ဒီလိုပွဲမျိုးများများလုပ်ပေးရင် ပိုကောင်းမယ်လို့မြင်ပါတယ်" ဟု မြန်မာနိုင်ငံစစ်တုရင်ချန်ပီယံ အင်တာနေရှင်နယ်မာစတာ ဝင်းဇော်ထွန်းက ပြောသည်။

အာဆီယံ ဒေသတွင်းနိုင်ငံများထဲမှ စစ်တုရင်ကစားနည်းတွင် လက်ရည်ကောင်းသော နိုင်ငံလည်းဖြစ်သည့် စင်ကာပူနိုင်ငံ၏ စစ်တုရင်ချန်ပီယံအင်တာနေရှင်နယ်မာစတာ ကီဗင်ဂိုဝီမင်းက စီးချင်းထိုးပွဲအပြီး "ကျွန်တော် မြန်မာပြည်မှာ အကြိမ်ပေါင်းများစွာ လာကစားဖူးတယ်။ ဝင်းဇော်ထွန်းက ပါရမီရှိတဲ့၊ ထူးချွန်တဲ့ ကစားသမားဖြစ်တယ်။ အခု မြန်မာပြည်လာပြီး ဝင်းဇော်ထွန်းနဲ့ ကစားရတဲ့အတွက် အတွေ့အကြုံတွေ အများကြီး လေ့လာခွင့်ရခဲ့တယ်။ ဝင်းဇော်ထွန်းက တောက်ပတဲ့ အနာဂတ်တွေရှိနေတယ်ဆိုတာ ကျွန်တော်ယုံတယ်။ အာဆီယံနိုင်ငံတွေထဲကမှ မြန်မာပြည်ထဲမှာ ပါရမီရှိတဲ့သူတွေ၊ စိတ်ပါဝင်စားပြီး ကြိုးစားနေတဲ့သူတွေရှိတယ်။ လက်ရည်မြင့်ကစားသမားတွေလည်း အများကြီးရှိတယ်။ အဓိကက အခြေခံကျတဲ့ အားပေးမှုတွေ လိုနေတာ တွေ့ရတယ်။ အဲဒါကြောင့်မို့ အာဆီယံတွင်းမှာရှိတဲ့ ဗီယက်နမ်၊ ဖိလစ်ပိုင်တို့လိုမျိုး စစ်တုရင် အင်အားကြီးနိုင်ငံမျိုးတွေနဲ့ယှဉ်လိုက်ရင် နောက်မှာ ကျန်နေခဲ့တယ်လို့မြင်တယ်။ မြန်မာတို့၊ စင်ကာပူတို့က ကျန်တဲ့ အာဆီယံအင်အားကြီးနိုင်ငံတွေကို မီဖို့ဆိုရင် တော်တော်ကြိုးစားရဦးမယ်လို့ မြင်တယ်။ ကျွန်တော် မြန်မာပြည်ကိုလာရင် မြန်မာပြည်က နွေးနွေးထွေးထွေး ကြိုဆိုတယ်။ ဧည့်ဝတ်ကျေမှုတွေကြောင့် ဒီမှာ ကစားရတာကို ကျွန်တော် အင်မတန်နှစ်သက်တယ်" ဟု ကီဗင်ဂိုဝီမင်းက ပြောသည်။

**အာကာစိုး**

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

နေပြည်တော် မတ် ၄

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ကသာမြို့တွင် ဝ ဒသမ ၄၃လက်မ၊ ဟုမ္မလင်းမြို့တွင် ဝ ဒသမ ၃၆ လက်မ၊ မိုင်းယန်းမြို့တွင် ဝ ဒသမ ၁၆လက်မ၊ ခန္တီးမြို့နှင့် ပင်လည်ဘူးမြို့တို့တွင် ဝ ဒသမ ၁၁ လက်မစီနှင့် မိုးညှင်းမြို့နှင့် တမူးမြို့တို့တွင် ဝ ဒသမ ဝ၈ လက်မစီတို့ ဖြစ်ကြသည်။

**မိုး/ဇလ**

✻ *ကျော်ဖုံးမှ*

စုစုပေါင်း ခုနစ်ဦးပါဝင်တဲ့အဖွဲ့က ဖုန်ကန်ရာဇီတောင်ပေါ်ကို ဆက်လက်တက်ရောက်မှာ ဖြစ်ပါတယ်။ ဒီတောင်တက်ခရီးစဉ်မှာ အသင်းဝင်အမျိုးသမီးနှစ်ဦးလည်း ပါဝင်တက်ရောက်သွားမှာ ဖြစ်ပါတယ်" ဟု အသင်း၏ ပထမအကြိမ် ဖုန်ကန်ရာဇီရေခဲတောင်တက်ခရီးစဉ် တက်ရောက်ခဲ့သူ မိတ္ထီလာခြေလျင်နှင့်တောင်တက်အသင်း ဥက္ကဋ္ဌ ဒေါက်တာမြတ်မင်းက ပြောသည်။

ဖုန်ကန်ရာဇီရေခဲတောင်တက်ခရီးကို ၂၀၁၉ ခုနှစ် မတ် ၄ ရက်က မိတ္ထီလာခြေလျင်နှင့်တောင်တက်အသင်းမှ အသင်းဝင် ၂၀ ပါဝင်သည့်အဖွဲ့ဖြင့် ဒုတိယအကြိမ်မြောက် တက်ရောက်ခဲ့ပြီး ရာသီဥတုဆိုးရွားမှုကြောင့် အမြင့်ပေ ၁၁၀၀၀ အထိသာ အောင်မြင်စွာတက်ရောက်နိုင်ခဲ့သည်။

"ကျွန်တော့်အနေနဲ့ ဒီတစ်ကြိမ် ဖုန်ကန်ရာဇီရေခဲတောင်ပေါ်ကို တက်ရောက်တာ ဒုတိယအကြိမ်ဖြစ်ပြီး မျိုးဆက်သစ် မိတ္ထီလာခြေလျင်နှင့်တောင်တက်အသင်းဝင်တွေကို ရေခဲတောင်တက်ခရီးအတွေ့အကြုံအတွက် ဒီတစ်ကြိမ်မှာ တခြားအမှုဆောင်တစ်ဦးနဲ့အတူ ဦးဆောင်တက်ရောက်သွားမှာ ဖြစ်ပါတယ်။ မိတ္ထီလာဆိုတာ ရေခဲတောင်တွေနဲ့ မဝေးတဲ့အရပ်ဒေသမှာရှိပြီး အသင်းအနေနဲ့ အသင်းရည်ရွယ်ချက်အတိုင်း တောင်တက်အားကစားနည်းကို လူငယ်တွေ ပိုမိုစိတ်ဝင်စားလာပြီးတော့ မူးယစ်ဆေးဝါးအန္တရာယ်က ကင်းဝေးစေဖို့၊ သဘာဝတရားကို ချစ်မြတ်နိုးတတ်ဖို့ ရည်ရွယ်ချက်တွေနဲ့ အခုလို ရေခဲတောင်တက်ခရီးစဉ်တွေကို တောင်တက်ရာသီတွေမှာ ထည့်သွင်းတက်ရောက်တာ ဖြစ်ပါတယ်။ တောင်တက်ရာသီတိုင်းမှာ သတ်မှတ်ထားတဲ့ အမြင့်ပေရှိတဲ့ တောင်သုံးတောင်ကို လိုက်ပါတက်ရောက်တဲ့ အသင်းဝင်တွေကိုပဲ ရေခဲတောင်ခရီးစဉ်အတွက် လျှောက်လွှာခေါ်ယူပြီး ရွေးချယ်တက်ရောက်ခွင့်ပြုတာပါ။ အရှေ့တောင်အာရှနိုင်ငံတွေထဲမှာ မြန်မာနိုင်ငံမှာသာ တွေ့ရတဲ့ နှင်းဖုံးတောင်တွေ၊ ရေခဲဖုံးတောင်တွေ ရှိနေတယ်ဆိုတာ ကျယ်ကျယ်ပြန့်ပြန့်သိရှိပြီး ကိုယ့်နိုင်ငံအတွက် ဂုဏ်ယူစရာ သဘာဝအမွေအနှစ်တွေကိုလည်း ချစ်မြတ်နိုးစေချင်ပါတယ်" ဟု မိတ္ထီလာခြေလျင်နှင့်တောင်တက်အသင်း အမှုဆောင်တစ်ဦးဖြစ်သည့် ကိုဇေယျာက ပြောသည်။

မိတ္ထီလာခြေလျင်နှင့်တောင်တက်အသင်းသည် နှစ်စဉ်တောင်တက်ခရီးစဉ်များအဖြစ် ဆင်တောင်၊ မြင်းမထိတောင်၊ လွယ်မိုင်းတောင်၊ ပြက္ခရွှေ(အရှေ့၊အနောက်) တောင်၊ အရှေ့မြင်အနောက်မြင်တောင် စသည့်တောင်တက်ခရီးစဉ်များနှင့် ပင်လယ်ကမ်းခြေ လမ်းလျှောက်ခရီးစဉ်များကို သွားရောက်လျက်ရှိပြီး ဖုန်ကန်ရာဇီရေခဲတောင်တက်ခရီးစဉ်ကို လွန်ခဲ့သည့်သုံးနှစ်ခန့်က စတင်ရောက်ခဲ့သည်။ ဖုန်ကန်ရာဇီရေခဲတောင်တက်ရောက်ခဲ့ပြီး ရေခဲတောင်တက်ခရီးအတွေ့အကြုံရှိသည့် မိတ္ထီလာခြေလျင်နှင့်တောင်တက်အသင်းဝင်များ ပါဝင်သည့်အဖွဲ့ဖြင့်လည်း ယခုနှစ် ဒီဇင်ဘာလထဲတွင် ဖုန်ရင်ရာဇီနှင့် မဒွယ်ရေခဲတောင် နှစ်ခုအနက်မှ ရေခဲတောင်တစ်ခုကို ရွေးချယ်တက်ရောက်သွားရန် စီစဉ်ထားကြောင်း သိရသည်။

**ချမ်းသာ (မိတ္ထီလာ)**

❍ *ကျော်ဖုံးမှ*

ဖွဲ့စည်းခဲ့သည့် ယူ-၁၉ အမျိုးသမီးအသင်းမှ အသက်မီသည့် ကစားသမားအနည်းငယ်သာရှိသောကြောင့် ယူ-၁၆ အသင်းကို အခြေခံဖွဲ့စည်းမည်ဖြစ်ကာ လက်ရွေးစင်အသင်း၌ပင် ရွေးချယ်ခံနေရသည့် မြတ်နိုးခင်၊ ဖြူဖြူဝင်းစသည့် ကစားသမားများ ပါဝင်လာမည်ဖြစ်သည်။ မြန်မာ ယူ-၁၈ အမျိုးသမီးအသင်းသည် ပြိုင်ပွဲအတွက် လေးလကျော် အချိန်ယူပြင်ဆင်မည်ဖြစ်ပြီး ပြိုင်ပွဲမတိုင်မီ နိုင်ငံတကာခြေစမ်းပွဲများလည်း ကစားခွင့်ရရန် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ထံ တင်ပြထားသည်။

**ရလဒ်ကောင်းရယူနိုင်ဖွယ်ရှိ**

အာဆီယံဘောလုံးအဖွဲ့ချုပ်သည် အာဆီယံ ယူ-၁၉ အမျိုးသမီးပြိုင်ပွဲကို ၂၀၁၄ ခုနှစ်က တစ်ကြိမ်သာ ကျင်းပခဲ့ဖူးပြီး ယခုနှစ်မှစတင်ကာ ပြန်လည်ကျင်းပခြင်းဖြစ်သည်။ အာဆီယံဘောလုံးအဖွဲ့ချုပ်သည် အမျိုးသားဘောလုံးပြိုင်ပွဲကဲ့သို့ပင် အမျိုးသမီးလူငယ်ပြိုင်ပွဲများကိုလည်း ကျင်းပမည်ဖြစ်ပြီး အာရှပြိုင်ပွဲနှင့်ချိတ်ဆက်ကာ ခြေစစ်ပွဲကစားမည့်နှစ်တွင် ယူ-၁၈ ပြိုင်ပွဲ၊ နောက်ဆုံးအဆင့်ပြိုင်ပွဲကစားရမည့်နှစ်တွင် ယူ-၁၉ ပြိုင်ပွဲအဖြစ် ကျင်းပမည်ဖြစ်သည်။ မြန်မာအသင်းသည် ၂၀၁၄ ပြိုင်ပွဲတွင် တတိယရခဲ့ပြီး ၂၀၁၉ ခုနှစ်တွင် အာရှခြေစစ်ပွဲအောင်မြင်အောင် စွမ်းဆောင်ပေးခဲ့သည့် ဒေါ်သက်သက်ဝင်းက ဆက်လက်ကိုင်တွယ်မည်ဖြစ်သောကြောင့် မြန်မာအမျိုးသမီးအသင်းအနေဖြင့် ရလဒ်ကောင်းရယူနိုင်ဖွယ်ရှိနေသည်။

**ညီမြတ်သော်တာ**

## နိုင်ငံတကာဘောလုံးလောကသတင်းတိုများ

**တောရက်စ်ကို ခေါ်ယူရေးတွင် ဘာစီလိုနာ ပါဝင်လာ**

ဘာစီလိုနာအသင်းသည် ဗလင်စီယာတောင်ပံကစားသမား ဖာရန်တောရက်စ် (၂၀ နှစ်) ကို ခေါ်ယူရေးတွင် လီဗာပူး၊ ရီးရဲမက်ဒရစ်အသင်းတို့နှင့်အပြိုင် ပါဝင်လာခဲ့ကြောင်း သတင်းများတွင် ဖော်ပြထားသည်။

**ပရီမီယာလိဂ်စံချိန်တင် ပြောင်းရွှေ့ကြေးဖြင့် ဆန်ချိုကို ခေါ်ယူဖွယ်ရှိ**

မန်ယူအသင်းသည် ဒေါ့မွန်အသင်းမှ အင်္ဂလန်တိုက်စစ်ကစားသမား ဆန်ချို (၁၉နှစ်) ကို နွေရာသီအပြောင်းအရွှေ့ကာလတွင် ပရီမီယာလိဂ်စံချိန်တင် ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူဖွယ်ရှိကြောင်း သတင်းများတွင် ဖော်ပြထားသည်။ အခြားသတင်းတစ်ရပ်တွင်မူ အင်္ဂလန်သို့သာ ပြန်လည်ပြောင်းရွှေ့လိုနေသော ဆန်ချိုကို နာမည်ကြီးအသင်းများဖြစ်သည့် ရီးရဲမက်ဒရစ်နှင့် ပီအက်စ်ဂျီအသင်းတို့ကလည်း ခေါ်ယူရန် စောင့်ကြည့်လျက်ရှိနေကြောင်း ဖော်ပြထားသည်။

**တေလာ၏ ခြေစွမ်းကို စောင့်ကြည့်လျက်ရှိ**

လက်စတာအသင်းသည် အင်္ဂလန်ကစားသမား ဘင်ချီဝဲလ် (၂၃ နှစ်) ၏နေရာကို အစားထိုးရန်အတွက် ဘန်လေအသင်းမှ အင်္ဂလန်ခံစစ်ကစားသမား ချာလီ တေလာ၏ ခြေစွမ်းကို စောင့်ကြည့်လျက်ရှိနေကြောင်း သတင်းများတွင် ဖော်ပြထားသည်။

**လီဗာပူးကိုအနိုင်ယူပြီး ချယ်လ်ဆီး အက်ဖ်အေ ကွာတားတက်**

အက်ဖ်အေဖလား ပဥ္စမအဆင့်ပွဲစဉ်အဖြစ် ချယ်လ်ဆီးနှင့် လီဗာပူးအသင်းတို့ မတ် ၄ ရက် နံနက်ပိုင်းက စတန်းဖို့ဒ်ဘရစ်၌ ကစားခဲ့ရာ ချယ်လ်ဆီးက နှစ်ဂိုးပြတ်အနိုင်ရရှိခဲ့ပြီး ကွာတားဖိုင်နယ်သို့ တက်ရောက်သွားသည်။ ချယ်လ်ဆီးအတွက် ဂိုးများကို ပထမပိုင်း ၁၃ မိနစ်တွင် ဝီလီယံ၊ ဒုတိယပိုင်း ၆၄ မိနစ်တွင် ဘာကလေ တို့က သွင်းယူပေးသည်။ ချယ်လ်ဆီးသည် နောက်ဆုံးငါးရာသီတွင် ကွာတားသို့ လေးကြိမ်ရောက်ရှိသည်။ အက်ဖ်အေပြိုင်ပွဲ၌ လီဗာပူးနှင့် ၁၁ ကြိမ် တွေ့ဆုံရာတွင် ခုနစ်ပွဲအထိ အနိုင်ရရှိထားသည်။ **အောင်ဇော်**



# COVID-19 ရောဂါနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

**(၄-၁-၂၀၂၀ ရက်နေ့မှ ၄-၃-၂၀၂၀ ရက်နေ့ထိ)၊ (၄-၃-၂၀၂၀) ရက်နေ့၊ ည (၈:၁၅) နာရီ**

**၁။ ကမ္ဘာ့နိုင်ငံများ၏ COVID-19 ရောဂါဖြစ်ပွားမှုအခြေအနေ**

(ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ (၄-၃-၂၀၂၀) ရက်နေ့ မြန်မာစံတော်ချိန် နံနက် (၀၁:၃၀)နာရီအချိန်ထုတ်ပြန်ချက်)

ကမ္ဘာပေါ်တွင် ရောဂါဖြစ်ပွားနေသည့်နိုင်ငံစုစုပေါင်း - ၇၃ နိုင်ငံ
ကမ္ဘာ့နိုင်ငံများတွင် ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း - ၉၀,၈၇၀ ဦး
ကမ္ဘာ့နိုင်ငံများတွင် သေဆုံးသူ စုစုပေါင်း - ၃၁၁၂ ဦး

- ကမ္ဘာ့ဒေသအသီးသီးတွင် ရောဂါကူးစက်ဖြစ်ပွားသော နိုင်ငံများ ဆက်တိုက်များပြားလာခဲ့ကြောင်းနှင့် နိုင်ငံပြင်ပမှ ရောဂါကူးစက်မှု (Imported case) များသာမက နိုင်ငံတွင်း၌ပါ ရောဂါကူးစက်မှု (Local transmission) များ ရှိလာကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ထုတ်ပြန်ချက်များအရ သိရှိရပါသည်။
- တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြင်ပတွင် နိုင်ငံတွင်းကူးစက်မှုဖြစ်ပွားသော နိုင်ငံ(၃၀) နိုင်ငံမှာ -

| စဉ် | ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ သတ်မှတ်ထားသော ဒေသကြီးများ | နိုင်ငံ |
|---|---|---|
| ၁။ | အနောက်ပစိဖိတ်ဒေသ | - ကိုရီးယားသမ္မတနိုင်ငံ၊ ဂျပန်၊ စင်ကာပူ၊ သြစတြေးလျ၊ မလေးရှား၊ ဗီယက်နမ် |
| ၂။ | ဥရောပဒေသ | - အီတလီ၊ ဂျာမနီ၊ ပြင်သစ်၊ စပိန်၊ အင်္ဂလန်၊ ခရိုအေးရှား၊ ဆန်မာရီနို၊ နော်ဝေး၊ နယ်သာလန်၊ ဆွစ်ဇာလန်၊ ဂရိ၊ ဖင်လန်၊ ဒိန်းမတ်၊ ဆွီဒင်၊ အစ္စရေး |
| ၃။ | အရှေ့တောင်အာရှဒေသ | - ထိုင်း၊ အင်ဒိုနီးရှား |
| ၄။ | အရှေ့အလယ်ပိုင်းဒေသ | - အီရန်၊ ယူအေအီး၊ လက်ဘနွန် |
| ၅။ | အမေရိကဒေသ | - အမေရိကန်၊ ကနေဒါ၊ အီကွေဒေါ |
| ၆။ | အာဖရိကဒေသ | - အယ်လ်ဂျီးရီးယား |

- သို့ဖြစ်ပါ၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ (၂၈-၂-၂၀၂၀) ရက်နေ့ ထုတ်ပြန်ချက်တွင် COVID-19 ရောဂါကူးစက်ပြန့်ပွားနိုင်မှု အခြေအနေ (Risk Assessment) အား-
  - တရုတ်ပြည်သူ့သမ္မတနိုင်ငံ (China)၊ ဒေသတွင်းနိုင်ငံများ (Regional) နှင့် ကမ္ဘာ့နိုင်ငံများအားလုံး (Global) တွင် အလွန်မြင့်မားသည့်အဆင့် (Very High) အဖြစ် တိုးမြှင့် သတ်မှတ်ခဲ့ပါသည်။

**၂။ မြန်မာနိုင်ငံ၏ COVID-19 ရောဂါဖြစ်ပွားမှုအခြေအနေ (၄-၃-၂၀၂၀) ရက်နေ့၊ ညနေ (၄:၀၀) နာရီ အချိန်ထိ**

| | ဓာတ်ခွဲစစ်ဆေးမှု အခြေအနေ | | | | လူနာဦးရေ စုစုပေါင်း |
|---|---|---|---|---|---|
| | ပိုးတွေ့ | ပိုး မတွေ့ | စောင့်ဆိုင်း ဆဲ | ဆောင်ရွက် ဆဲ | |
| စောင့်ကြည့်လူနာ | - | ၄၇ | ၄ | ၃ | ၅၄ |
| သံသယလူနာ | - | ၂ | - | - | ၂ |
| **စုစုပေါင်း** | - | ၄၉ | ၄ | ၃ | ၅၆ |

၃။ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးတွင် (၃၁-၁-၂၀၂၀) ရက်နေ့မှ (၄-၃-၂၀၂၀) ရက်နေ့အထိ သံသယလူနာနှင့် စောင့်ကြည့်လူနာတွေ့ရှိရမှု အခြေအနေများမှာ ရန်ကုန်တိုင်းဒေသကြီးတွင် (၂၀) ဦး၊ ရှမ်းပြည်နယ်တွင် (၁၃) ဦး၊ မန္တလေးတိုင်းဒေသကြီးတွင် (၁၀) ဦးနှင့် အခြားတိုင်းဒေသကြီး/ပြည်နယ်များတွင် (၁၃) ဦး စုစုပေါင်း (၅၆) ဦးတို့ဖြစ်ပါသည်။

၄။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် COVID- 19 ရောဂါကာကွယ်နှိမ်နင်းရေး လုပ်ငန်းများအား ဆောင်ရွက်ရာတွင်-

(က) ဆင့်ပွားကူးစက်ပျံ့နှံ့မှုများအား ကာကွယ်နိုင်ရေးအတွက် လူနာနှင့်အနီးကပ် ထိတွေ့သူများ(အတူနေမိသားစုများနှင့် ကျန်းမာရေးဝန်ထမ်းများစသည်)အား ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းနှင့် ဆေးရုံ၊ ဆေးခန်းများတွင် ရောဂါပိုးကူးစက်မှု ကာကွယ်ထိန်းချုပ်ခြင်း လုပ်ငန်းများအား အစဉ်တစိုက် အားဖြည့်ဆောင်ရွက်ခြင်း၊

( ခ ) သံသယလူနာနှင့် စောင့်ကြည့်လူနာများအား စောစီးစွာရှာဖွေဖော်ထုတ်ခြင်း၊ သီးခြားထားရှိ ကုသခြင်းနှင့် ထိရောက်ကောင်းမွန်သည့်ကုသမှုများပေးခြင်း၊

( ဂ ) ကျန်းမာရေးဝန်ထမ်းများအား မှန်ကန်ထိရောက်သည့်ရောဂါကာကွယ်ရေးလုပ်ငန်းများအား တိကျစွာ ဆောင်ရွက်နိုင်ရန် လုပ်ငန်းလမ်းညွှန်ချက်များအား ဖြန့်ဝေခြင်းနှင့် ပြည်သူလူထုမှ လိုက်နာဆောင်ရွက်ရမည့် လမ်းညွှန်ချက်များအား ဖြန့်ဝေခြင်း၊

(ဃ) ကမ္ဘာ့နိုင်ငံများအပါအဝင် မြန်မာနိုင်ငံ၌ လတ်တလောဖြစ်ပွားနေသော အခြေအနေများ၊ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများအား နိုင်ငံပိုင်သတင်းစာမျက်နှာများနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ (www.mohs.gov. mm) နှင့် လူမှုကွန်ရက်စာမျက်နှာများ (https://www.facebook.com/ MinistryOf HealthAndSportsMyanmar နှင့် https://www. facebook.com/ MyanmarCDC)တို့တွင် ဖော်ပြခြင်းနှင့် တစ်ပြိုင်တည်းမှာပင် ပြည်သူလူထုအကြား ပျံ့နှံ့လျှရှိသည့် သတင်းအမှားများအား သတင်းအမှန်များဖြင့် အချိန်နှင့်တစ်ပြေးညီ တုံ့ပြန်ဆောင်ရွက်ခြင်း၊

(င) COVID – 19 ရောဂါကြောင့် ပြည်သူလူထု၏ လူမှုစီးပွားထိခိုက်မှုများ နည်းပါးစေရန် သက်ဆိုင်ရာ နီးနွယ်ဌာနများဖြင့် ပူးပေါင်းဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

၅။ မြန်မာနိုင်ငံတွင် လက်ရှိအချိန်၌ COVID-19 ရောဂါ ဖြစ်ပွားသူ လူနာမတွေ့ ရှိသေးသော်လည်း -

- ရောဂါစတင်ဖြစ်ပွားသော တရုတ်ပြည်သူ့သမ္မတနိုင်ငံအပြင် စင်ကာပူနိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံ၊ အီတလီနိုင်ငံနှင့် အီရန်နိုင်ငံတို့၌ အရှိန်အဟုန်ဖြင့် ရောဂါကူးစက်ဖြစ်ပွားလျက်ရှိသည်ကို သိရှိရပါသည်။
- အဆိုပါနိုင်ငံများမှ ခရီးသည်များသည် လေကြောင်းခရီးဖြင့် တိုက်ရိုက်သော်လည်းကောင်း၊ အခြားနိုင်ငံများတွင် ရပ်နားဖြတ်သန်းပြီးသော်လည်းကောင်း၊ မြန်မာနိုင်ငံသို့ ဝင်ရောက်နိုင်သည့် အခြေအနေများစွာရှိနေပါသည်။
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည်အပြည်ပြည်ဆိုင်ရာလေဆိပ်များ၌ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို နီးနွယ်ဝန်ကြီးဌာနများနှင့်ပူးပေါင်းကာ အထူးအားဖြည့်၍ ဆောင်ရွက်လျက်ရှိပါသည်။
- အပြည်ပြည်ဆိုင်ရာ ဝင်ပေါက်များမှ သံသယရောဂါလက္ခဏာရှိသူများ မဝင်ရောက်နိုင်စေရန် ထိန်းချုပ်ဆောင်ရွက်နေသကဲ့သို့ နိုင်ငံတကာ ခရီးသည်များ တည်းခိုနေထိုင်မည့် ဟိုတယ်၊ တည်းခိုခန်းနှင့် အိမ်များ၌ ရောဂါစောင့်ကြပ်ကြည့်ရှုရေးလုပ်ငန်းများ ဆောင်ရွက်မှုမှာ အရေးကြီးသည့် အချက်တစ်ချက်ဖြစ်ပါသည်။
- COVID-19 ရောဂါ လူနာများနှင့် အနီးကပ်ထိတွေ့ခဲ့ခြင်း မရှိသူ (သို့မဟုတ်) ရောဂါဖြစ်ပွားရာ ဒေသ၊ နိုင်ငံများသို့ လတ်တလော သွားရောက်ခဲ့သော ခရီးသွားရာဇဝင်မရှိသူများတွင်လည်း ရောဂါကူးစက်ဖြစ်ပွားမှုဖြစ်စဉ် (နိုင်ငံတွင်းရောဂါကူးစက်မှု – Local trans-mission) များအား နိုင်ငံအချို့တွင် တွေ့ရှိနေရပါသည်။
- လူစုလူဝေးများသောနေရာများတွင် COVID-19 ရောဂါဖြစ်ပွားသူ (သို့မဟုတ်) ရောဂါလက္ခဏာမပြသေးသော်လည်း ရောဂါရှိသူ (Asym-ptomatic carrier) တစ်ဦးထံမှ အခြားသူများထံသို့ ရောဂါကူးစက်ပြန့်ပွားနိုင်ပါသည်။

၆။ မြန်မာနိုင်ငံတွင်လည်း ရောဂါဖြစ်ပွားသူအများအပြား ရုတ်တရက် တစ်ပြိုင်နက် တွေ့ရှိလာနိုင်ပြီး ပြည်သူများအတွင်း၌ ကူးစက်ဖြစ်ပွားနိုင်ခြင်းတို့ကြောင့် ပြည်သူများနှင့် လူမှုရေးအဖွဲ့အစည်းများအနေဖြင့် -

(က) ယခုကာလအတွင်း လူစုလူဝေးများပြားရာနေရာများနှင့် ပွဲလမ်းသဘင်ရှိရာနေရာများကို အတတ်နိုင်ဆုံးရှောင်ကြဉ်ကြပါရန်၊

( ခ ) အခြေအနေ အကြောင်းကြောင်းကြောင့် မဖြစ်မနေကျင်းပရမည့် လူစုလူဝေးနှင့် ပွဲလမ်းသဘင်များကိုသာ ပြုလုပ်ကြပါရန်နှင့်

( ဂ ) အကယ်၍ ထိုသို့ မလွှဲမရှောင်သာကျင်းပရပါက တက်ရောက်သည့်လူအရေအတွက် နည်းနိုင်သမျှနည်းပါးစေရန်နှင့် ဖျားနာသူများနှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါရှိသူများ မလာရောက်စေရေးအစီအမံများ တင်းကျပ်စွာပြုလုပ်ရမည့်အပြင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ရောဂါကာကွယ်ရေး ကျန်းမာရေးအသိပညာပေး နှိုးဆော်ချက်များကိုလည်း တိကျစွာ စနစ်တကျလိုက်နာဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်ပန်ကြားအပ်ပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

# ဖားကန့်နှင့် မိုးမိတ်မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ



မြင့်စိုးဝင်း(ခ)စိုးဝင်းနှင့် မနွဲ့မေတို့အား ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

**နေပြည်တော် မတ် ၄**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၃ ရက် ည ၁၀ နာရီခွဲက ဖားကန့်မြို့နယ် ဝေခါ-အင်းတော်ကြီးသွားကားလမ်း ဆိပ်မူကျေးရွာအုပ်စု ဆပ်ပြာချောင်းကျေးရွာအနီးတွင် မြင့်စိုးဝင်း(ခ) စိုးဝင်း မောင်းနှင်ပြီး မနွဲ့မေ လိုက်ပါလာသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေ ရာ ဘိန်းဖြူ ၀ ဒသမ ၃၃ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၈၈ ပြားတို့ကို သိမ်းဆည်းရမိခဲ့သည်။

အလားတူ ယင်းနေ့နံနက် ၈ နာရီက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မိုးမိတ်မြို့နယ် ကျောက်မောကျေးရွာအနီး မိုးမိတ်-တွင်းငယ်သွား ကားလမ်းတွင် မာတူး(ခ)ကျော်ခိုင်ထွန်း မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၄၀၀ သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

## မြန်မာ့ရုပ်မြင်သံကြား

၅-၃-၂၀၂၀ (ကြာသပတေးနေ့)

**နံနက်ပိုင်း**

၂:၀၀ - FA CUP 2020 ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ် (Tottenham Hotspur အသင်းနှင့် Norwich City အသင်း)
၆:၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၀၀ - Breakfast News
၁၁:၀၀ - "၂၀၂၀ ပြည့်နှစ် တက္ကသိုလ်ဝင် စာမေးပွဲအထောက်အကူပြု သိကောင်းစရာများ" (သမိုင်းဘာသာရပ်)

**ညပိုင်း**

၁၆:၂၅ - "၂၀၂၀ ပြည့်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု သိကောင်းစရာများ" (ပထဝီဝင်ဘာသာရပ်)
၂၀:၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊
၂၀:၃၅ - တက္ကသိုလ်ရာပြည့်ဂုဏ်ပြု အစီအစဉ်များ "ရန်ကုန်တက္ကသိုလ် ရင်ခွင်ရိပ်မှ အနုပညာရှင်များ" (ဆရာချစ်ဦးညို)
- သမိုင်းကိုဖော်ပြသောဝါကျများ"လူ့ရှင်တော်ကြီး ဦးရန်အောင်နှင့် တွေ့ဆုံခြင်း"
- ဟိုးတုန်းက...ရေဒီယို အသံလွှင့်ဇာတ်လမ်းများ "ချစ်သုံးလီ"

# ရွှေပြည်သာမြို့နယ်အတွင်း ခိုးမှုကျူးလွန်သူ သုံးဦးအား ဖမ်းဆီးရမိ

**ရန်ကုန် မတ် ၄**

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး၊ အုပ်ချုပ်မှုဌာနခွဲမှ တပ်ဖွဲ့ဝင်များသည် ဖေဖော်ဝါရီ ၂၂ ရက် ညနေ ၅ နာရီခွဲတွင် ရွှေပြည်သာမြို့နယ်အတွင်း ခိုး၊ ဆိုး၊ လု၊ နှိုက် သတင်းများ စုံစမ်းဆောင်ရွက်နေစဉ် ဆိုင်ကယ်ခိုးမှုများ ကျူးလွန်ထားကြောင်း ကြိုတင်သတင်းရရှိထားသူ ဘုန်းမြင့်ဝင်း(ခ)ကျော်ကြီး၊ ကျော်ဇံ(ခ)ဖိုးခွားနှင့် သိန်းမင်းနိုင်(ခ)ကပ္ပလီတို့အား (ဏ/၁၄)ရပ်ကွက်၊ ပန်းခြံ(၉)၊ အောင်စေတနာ လမ်းမကြီးပေါ်တွင် ဆိုင်ကယ်တစ်စီးကို ရောင်းချနေစဉ် တွေ့ရှိစစ်ဆေးရာ အဆိုပါဆိုင်ကယ်ကို ရွှေပြည်သာမြို့နယ် သာခုကန်စက်မှုဇုန်ကောင်းစံတည်းခိုခန်း အနောက်ဘက်မှ ခိုးယူလာခဲ့ခြင်း ဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် အမှုဖွင့် ဖမ်းဆီးခဲ့သည်။

ဖမ်းဆီးရမိသူ ဘုန်းမြင့်ဝင်း(ခ)ကျော်ကြီးပါ သုံးဦးကို အခြားပြစ်မှုများ ကျူးလွန်ခဲ့ခြင်း ရှိ၊ မရှိ စစ်ဆေးရာ ၂၀၁၉ ခုနှစ် နိုဝင်ဘာလမှ ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလများအတွင်း ရွှေပြည်သာမြို့နယ် လှော်ကားတာဆုံ လမ်းမပေါ်တွင် ရပ်ထားသော ဆိုင်ကယ်တစ်စီး၊ (ဏ)ကွေ့အနီး ကုက္ကိုပင်အောက်တွင် ရပ်ထားသော ဆိုင်ကယ်တစ်စီး၊ သာခုကန်သင်္ချိုင်းကုန်းအနီး တိုက်အိမ်လမ်းကြားတွင် ရပ်ထားသော ဆိုင်ကယ်တစ်စီး၊ သာခုကန်ဆုတောင်းပြည့်ဘုရားကြီးအနီး မလေးရှားပိတောက်ပင်အောက်တွင် ရပ်ထားသော ဆိုင်ကယ်တစ်စီးနှင့် (၂၇)ရပ်ကွက် လှော်ကား အမှတ်(၄) လမ်းမကြီး မင်းမဟာဆီဆိုင်အကျော်တွင် ရပ်ထားသော ဆိုင်ကယ်တစ်စီး စုစုပေါင်း ဆိုင်ကယ်ငါးစီး ခိုးယူခဲ့ကြောင်း ထပ်မံစစ်ဆေးပေါ်ပေါက်ခဲ့သည်။

စစ်ဆေးပေါ်ပေါက်ချက်အရ အမှုမှ သက်သေခံဆိုင်ကယ်များကို ပြန်လည်သိမ်းဆည်းရရှိပြီးဖြစ်၍ ခိုးမှု ကျူးလွန်သူ ဘုန်းမြင့်ဝင်း(ခ)ကျော်ကြီးပါ သုံးဦးအား ဥပဒေနှင့်အညီ အမြန်တရားစွဲတင်ပို့နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရဲပြန်ကြား

# အီရန်တွင် ဆန္ဒပြသူများအပေါ် အင်အားသုံးနှိမ်နင်းမှုကြောင့် ကလေးငယ်၂၃ဦး သေဆုံး

**တီဟီရန် မတ် ၄**
ပြီးခဲ့သည့် နိုဝင်ဘာလအတွင်းက အီရန်၌ အစိုးရကို ဆန့်ကျင်သည့် ဆန္ဒပြသူများအပေါ် အီရန်လုံခြုံရေး တပ်ဖွဲ့ဝင်များက အင်အားသုံးနှိမ်နင်းမှုကြောင့် ကလေးငယ် ၂၃ ဦးအထိ သေဆုံးခဲ့ကြောင်း လူ့အခွင့်အရေး အဖွဲ့တစ်ဖွဲ့ဖြစ်သည့် နိုင်ငံတကာ လွတ်ငြိမ်းချမ်းသာမှုအဖွဲ့က စွပ်စွဲ ပြောကြားလိုက်သည်။

ရေနံဈေးရှုတ်တရက် မြင့်တက်သွားကြောင်း ကြေညာလိုက်ပြီးနောက် နိုဝင်ဘာ ၁၅ ရက်မှ စတင်ကာ အီရန်နိုင်ငံတစ်ဝန်းတွင် အစိုးရကို ဆန့်ကျင်သည့် ဆန္ဒပြပွဲများပေါ်ပေါက်ခဲ့သည်။

အာဏာပိုင်များက ဆန္ဒပြသူများအား အင်အားသုံးဖိနှိပ်မှုများ လုပ်ဆောင်ခဲ့ရာ ဆန္ဒပြသူ ၃၀၄ ဦး သေဆုံးခဲ့ကြောင်း နိုင်ငံတကာ လွတ်ငြိမ်းချမ်းသာမှုအဖွဲ့က ပြောကြားခဲ့သည်။



အစိုးရကို ဆန့်ကျင်သည့် ဆန္ဒပြသူတစ်ဦးကို တွေ့ရစဉ်။

ကလေးငယ် ၂၃ ဦးထက်မနည်း အသတ်ခံခဲ့ရသည့် သက်သေအထောက်အထားများရှိကြောင်းနှင့် ၎င်းတို့ အနက် ၂၂ ဦးမှာ လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်ချက်ကြောင့် သေဆုံးရခြင်းဖြစ်ကြောင်း အဖွဲ့က ပြောသည်။

သေဆုံးသွားသည့် ကလေးငယ်များအနက် ၂၂ ဦးမှာ အသက် ၁၂နှစ်မှ ၁၇ နှစ်အတွင်း ယောက်ျားလေးများဖြစ်ကြောင်းနှင့် မိန်းကလေးတစ်ဦး ပါဝင်ကြောင်း သိရသည်။

အပြစ်မဲ့ကလေးငယ်များ သေဆုံးရမှုအပေါ် လွတ်လပ်စွာစုံစမ်းစစ်ဆေးမှုတစ်ရပ် လုပ်ဆောင်ရန်မဖြစ်မနေလိုအပ်ကြောင်း နိုင်ငံတကာလွတ်ငြိမ်းချမ်းသာမှုအဖွဲ့၏ အရှေ့အလယ်ပိုင်းနှင့် မြောက်အာဖရိကဆိုင်ရာ သုတေသနနှင့် အကြံပေးဒါရိုက်တာ ဖိလစ်လူသာက ပြောကြားခဲ့သည်။

**အေအက်ဖ်ပီ**

## ကိုရိုနာဗိုင်းရပ်စ်ကို ထိန်းချုပ်နိုင်ဆဲဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ပြော

**ဂျီနီဗာ မတ် ၄**
တောင်ကိုရီးယားနိုင်ငံ၊ အီတလီ၊ အီရန်နှင့် ဂျပန်နိုင်ငံတို့တွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက် ပြန့်ပွားမှုအခြေအနေများအပေါ် စိုးရိမ်ရကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အကြီးအကဲ တက်ဒရိုစ်အက်ဒဟာနွမ် ဂီဘာရီယက်စပ်စ်က ဖော်ပြခဲ့သော်လည်း ဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ဆဲဖြစ်ကြောင်း ၎င်းကပြောကြားခဲ့သည်။

ဂျီနီဗာ၌ သတင်းထောက်များနှင့် တွေ့ဆုံခဲ့စဉ်အတွင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အထွေထွေအတွင်းရေးမှူးမစ္စတာ တက်ဒရိုစ်အက်ဒဟာနွမ်က ထိုသို့ ပြောကြားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ရက်သတ္တနှစ်ပတ်အတွင်း နိုင်ငံပေါင်းရှစ်နိုင်ငံတွင် နောက်ထပ်ကူးစက်ခံရသည့် သတင်းများပေါ်ထွက်ခဲ့ခြင်းမရှိကြောင်းနှင့် ကူးစက်မှုကို ထိန်းချုပ်နိုင်ခဲ့ကြောင်း ၎င်းကပြောသည်။

ထို့အပြင် တရုတ်နိုင်ငံအတွင်း၌လည်း နောက်ထပ်ကူးစက်ခံရသူအရေအတွက် လျော့ကျလာနေပြီဖြစ်ကြောင်း ၎င်းကထောက်ပြခဲ့သည်။

**အင်န်အိတ်ချ်ကေ**

## ကားလို့စ်ဂွန်းအမှုတွင် လက်ဘနွန်နှင့်အတူ ပူးပေါင်းဆောင်ရွက်နိုင်ရန် ဂျပန်ကြိုးပမ်း

**တိုကျို မတ် ၄**
ဂျပန်နိုင်ငံမှ ထွက်ပြေးတိမ်းရှောင်ခဲ့ပြီး လတ်တလောတွင် ဘေရွတ်၌ရောက်ရှိနေသည့် နစ်ဆန်းမော်တာကုမ္ပဏီ အမှုဆောင်ချုပ်ဟောင်း ကားလို့စ်ဂွန်းအမှုတွင် ပူးပေါင်းပါဝင်ရန် လက်ဘနွန်သမ္မတကို ဂျပန်အရာရှိများက တောင်းဆိုလိုက်ကြောင်း သိရသည်။

**သမ္မတနှင့်တွေ့ဆုံ**

ဂျပန်တရားရေး ဒုတိယဝန်ကြီး ဟီရိုးယုကီယော်ရှိအီသည် မတ် ၂ ရက်က လက်ဘနွန်သမ္မတ မိရှဲလ်အွန်နှင့် လက်ဘနွန်တရားရေးဝန်ကြီး မာရီကလော်ဒီတို့နှင့် ဘေရွတ်၌ တွေ့ဆုံခဲ့သည်။

**သဘောတူညီမှုမရှိ**

တွေ့ဆုံခဲ့မှုအတွင်း သမ္မတအွန်က ဂျပန်နှင့် လက်ဘနွန်တို့အကြား ရာဇဝတ်သားလွှဲပြောင်းပေးရန် သဘောတူညီမှုမရှိကြောင်း ပြောကြားခဲ့မှုကို လက်ဘနွန်သမ္မတရုံးက ဖော်ပြခဲ့သည်။

အင်တာပိုလ် အပြည်ပြည်ဆိုင်ရာရဲတပ်ဖွဲ့က မစ္စတာဂွန်းကို နိုင်ငံတကာ အလိုရှိသူအဖြစ် ထုတ်ပြန်ထားကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# ကိုရိုနာဗိုင်းရပ်စ်တိုက်ဖျက်ရန် အီရန်က အကျဉ်းသား ၅၄၀၀၀ကို ယာယီလွှတ်ပေး

**တီဟီရန် မတ် ၄**
အီရန်နိုင်ငံ၌ ရက်သတ္တနှစ်ပတ်အတွင်း ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုကြောင့် ၇၇ ဦးထက်မနည်း သေဆုံးခဲ့ရပြီးနောက်တွင် အစိုးရက ဗိုင်းရပ်စ်တိုက်ဖျက်ရေးဆောင်ရွက်ရန် ကြိုးပမ်းသည့်အနေဖြင့် လူထူထပ်ပြည့်ကျပ်နေသည့် အကျဉ်းထောင်များမှ အကျဉ်းသားများကို ယာယီလွှတ်ပေးလိုက်ကြောင်း သိရသည်။

အကျဉ်းသားများထံ၌ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံထားရကြောင်း စစ်ဆေးတွေ့ရှိခဲ့ရပြီးနောက်တွင် ၎င်းတို့ကို အကျဉ်းထောင်ပြင်ပသို့ ထုတ်ပေးရန် ခွင့်ပြုပေးလိုက်ကြောင်း တရားရေးဆိုင်ရာ ပြောရေးဆိုခွင့်ရှိသူ ဂိုလမ်ဟူစိန် အက်စ်မိုင်လီက သတင်းထောက်များသို့ ပြောကြားခဲ့သည်။

ထောင်ဒဏ်ငါးနှစ်အထက် ချမှတ်ထားခြင်းခံရသည့် လုံခြုံရေးအကျဉ်းသားများကို လွှတ်ပေးမည်မဟုတ်ကြောင်း သိရသည်။

အကျဉ်းချခံထားရသည့် ဗြိတိန်-အီရန် စေတနာ့ဝန်ထမ်း နာဇာနီယန် ဇာဂါရီ ရက်ကလီဖီကို မကြာမီ လွှတ်ပေးမည်ဖြစ်ကြောင်း ဗြိတိန်ပါလီမန် အမတ်တစ်ဦးက ပြောသည်။

နာဇာနီယန် ဇာဂါရီရက်ကလီဖီကို ပြီးခဲ့သည့် ၂၀၁၆ ခုနှစ်က သူလျှိုအဖြစ် ဆောင်ရွက်သည်ဟုဆိုကာ အရေးယူခဲ့ပြီးနောက် ၎င်းကို ထောင်ဒဏ်ငါးနှစ် ချမှတ်ခဲ့ကာ တီဟီရန်ရှိ အီဗင်အကျဉ်းထောင်၌ ပြစ်ဒဏ်ကျခံစေခဲ့သည်။



ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုမှ ကာကွယ်ရန် နှာခေါင်းစည်းများ တပ်ဆင်ထားကြသည့် အီရန်ပြည်သူများ။

အီရန်၌ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူအရေအတွက် ဆက်လက်မြင့်တက်နေပြီး ယခုအခါ ကူးစက်ခံရသူ ၁၃၃၆ ဦးအထိ ရှိနေကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

အီရန်နှင့် ဆက်နွှယ်သည့် ဗိုင်းရပ်စ်ကူးစက်မှုများ အာဖဂန်နစ္စတန်၊ ကနေဒါ၊ လက်ဘနွန်၊ ပါကစ္စတန်၊ ကူဝိတ်၊ ဘာရိန်း၊ အီရတ်၊ အိုမန်၊ ကာတာနှင့် အာရပ်စော်ဘွားများ ပြည်ထောင်စုတို့၌လည်း ဖြစ်ပွားနေကြောင်း သိရသည်။

**အေအက်ဖ်ပီ**



တယ်လီဖုန်းဖြင့် ဆက်သွယ်ဆွေးနွေးခဲ့ကြသည့် တာလီဘန်ခေါင်းဆောင် မူလာအဗ္ဗဒူလ်ဂါနီဘာရာဒါနှင့် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်

# သမ္မတထရမ့်နှင့် တာလီဘန်ခေါင်းဆောင်တို့ ဖုန်းဖြင့် ဆက်သွယ်ဆွေးနွေး

**ဝါရှင်တန် မတ် ၄**
တာလီဘန်တို့နှင့် အမေရိကန်အကြား နှစ်ဖက် ငြိမ်းချမ်းရေးသဘောတူစာချုပ်ကို အကောင်အထည်ဖော်လျက်ရှိကြောင်း ထပ်လောင်းအတည်ပြုရန်အတွက် တာလီဘန်အဖွဲ့ခေါင်းဆောင်နှင့် အမေရိကန်သမ္မတတို့ မတ် ၃ ရက်က ဖုန်းဖြင့် ဆက်သွယ်ဆွေးနွေးခဲ့ကြကြောင်း တာလီဘန်စစ်သွေးကြွ အဖွဲ့က ပြောကြားခဲ့သည်။

အာဖဂန်နစ္စတန်ရှိ အမေရိကန်တပ်ဖွဲ့များ ဆုတ်ခွာသွားရေး ပါဝင်သည့် သဘောတူစာချုပ်ကို အမေရိကန်နှင့် တာလီဘန်စစ်သွေးကြွအဖွဲ့က ပြီးခဲ့သည့် စနေနေ့က လက်မှတ်ရေးထိုးခဲ့ကြသည်။

တာလီဘန်အဖွဲ့၏ ဒုတိယဩဇာအရှိဆုံးခေါင်းဆောင် မူလာအဗ္ဗဒူလ်ဂါနီဘာရာဒါက ယင်းသဘောတူညီချက်ကို အသိအမှတ်ပြုခဲ့ကြောင်း အာဖဂန်ရှိ အစိုးရဆန့်ကျင်သည့် အဖွဲ့အစည်းက ထုတ်ပြန်ချက်တွင် ဖော်ပြခဲ့သည်။ သတင်းထောက်များနှင့် တွေ့ဆုံ ခဲ့စဉ်အတွင်း သမ္မတထရမ့်က တာလီဘန်ခေါင်းဆောင်နှင့် အလွန်ကောင်းမွန်သည့် စကားဝိုင်းတစ်ခု ဖြစ်မြောက်ခဲ့ကြောင်းနှင့် နှစ်ဖက်စလုံးက အပစ်အခတ်ရပ်စဲမှုကို လိုလားကြောင်း ပြောကြားခဲ့သည်။ တာလီဘန်အဖွဲ့၏ ဖော်ပြချက်၌ အမေရိကန် နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအိုသည် အာဖဂန်သမ္မတ အက်ရှရက်ဖ်ဂါနီနှင့် မကြာခင်အချိန်အတွင်း ဆွေးနွေးကြမည်ဟု မျှော်လင့်ကြောင်း ဖော်ပြထားသည်။

သို့သော် နှစ်ဖက်စလုံးသည် အကျဉ်းသားများလွှတ်ပေးရေးတွင် အငြင်းပွားစရာများရှိနေသည့်အတွက် ညှိနှိုင်းရေး စားပွဲဝိုင်းပေါ် ရောက်ရှိလာရန် မသေချာသေးကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# နိုင်ငံတကာ သတင်းတိုထွာ

## ကိုရိုနာဗိုင်းရပ်စ် ကူးစက်ပျံ့နှံ့မှုကြောင့် အောက်မေ့ဖွယ်အခမ်းအနားကို ဂျပန်ဖျက်သိမ်း

**တိုကျို မတ် ၄**

ကိုရိုနာဗိုင်းရပ်စ် ကူးစက်ပျံ့နှံ့မှု ဖြစ်ပွားနေသောကြောင့် ၂၀၁၁ ခုနှစ် မတ် ၁၁ ရက်က ငလျင်၊ ဆူနာမီနှင့် နျူကလီးယား မတော်တဆမှုများ ဖြစ်ပွားခဲ့ပြီး သေဆုံးသွားခဲ့ရသည့် လူများအတွက် အောက်မေ့ဖွယ်အခမ်းအနား ကျင်းပရေးကို ဖျက်သိမ်းရန် ဂျပန်အစိုးရက စီစဉ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ဘေးအန္တရာယ်ဖြစ်ပွားခဲ့သည့် ကိုးနှစ်ပြည့်အခမ်းအနားကို လာမည့် သီတင်းပတ်ဗုဒ္ဓဟူးနေ့တွင် ကျင်းပရန် စီစဉ်ထားကြောင်း သိရသည်။

ကိုရိုနာဗိုင်းရပ်စ် ကူးစက်ဖြစ်ပွားမှုကို ကာကွယ်ရန် အဆိုပါအခမ်းအနားသို့ တက်ရောက်လာသူများကို လျှော့ချပြီး ကျင်းပရန်အစီအစဉ်ကိုလည်း အစိုးရက စဉ်းစားခဲ့ကြောင်း သိရသည်။

လွန်ခဲ့သည့် သီတင်းပတ်က ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးသည် အကြီးမားဆုံး အားကစားပွဲတော်များနှင့် ယဉ်ကျေးမှုပွဲတော်များကို ဖျက်သိမ်းရန်၊ ရွှေ့ဆိုင်းရန် သို့မဟုတ် အကျဉ်းချုံးဆောင်ရွက်ရန် တောင်းဆိုခဲ့သည်။ ယခုအချိန်သည် ကိုရိုနာဗိုင်းရပ်စ် ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်ရန် အရေးကြီးသည့် အချိန်ဖြစ်နေသည်ဆိုကာ ယခုအောက်မေ့ဖွယ်ပွဲကို ဖျက်သိမ်းရန် ဂျပန်အစိုးရက စီစဉ်နေခြင်း ဖြစ်သည်။

**အင်န်အိတ်ချ်ကေ**

## တရုတ်နိုင်ငံပြင်ပတွင် ကိုဗစ်-၁၉ အတည်ပြုလူနာ အရေအတွက် သောင်းကျော်အထိ ရောက်ရှိ

**ဂျီနီဗာ မတ် ၄**

တရုတ်နိုင်ငံပြင်ပတွင် ကိုဗစ်-၁၉ ရောဂါ အတည်ပြုလူနာအရေအတွက်သည် ၁၀၅၆၆ ဦး ရှိသွားပြီဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ချုပ် က ပြောကြားလိုက်သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့အနေဖြင့် နေ့စဉ် ကမ္ဘာ့နိုင်ငံအသီးသီးမှ ပေးပို့သော ရောဂါဖြစ်ပွားသူအရေအတွက် ကိန်းဂဏန်းများကို စုစည်းထုတ်ပြန်လျက်ရှိကြောင်း သိရသည်။

မတ် ၂ ရက် ကိန်းဂဏန်းများအရ တရုတ်နိုင်ငံပြင်ပတွင် ကိုရိုနာဗိုင်းရပ်စ် အတည်ပြုလူနာ အရေအတွက်သည် ၈၇၇၄ ဦးရှိပြီး မတ် ၃ ရက်တွင် အသစ်ထပ်တိုးလူနာအပါအဝင် ယခုအခါတွင် ရောဂါဖြစ်ပွားသူအတည်ပြုလူနာ ၁၀၀၀၀ ကျော်သို့ ရောက်ရှိသွားပြီဖြစ်ကြောင်း သိရသည်။ ထို့အတူ သေဆုံးသူ အရေအတွက်မှာလည်း ၁၆၆ ဦးရှိပြီဖြစ်ကြောင်း သိရသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက သက်ဆိုင်ရာ ကိန်းဂဏန်းများကို နေ့စဉ် ဂျီနီဗာစံတော်ချိန်ညပိုင်းတွင် ထုတ်ပြန်လျက်ရှိပြီး ရရှိသော ကိန်းဂဏန်းများသည်လည်း နိုင်ငံအသီးသီးမှ ပေးပို့သော ကိန်းဂဏန်းများ ဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**

# ကိုရိုနာဗိုင်းရပ်စ် ကူးစက်ရောဂါပျံ့နှံ့လာမှုကြောင့် စီးပွားရေးထိခိုက်မှုတွေကို စက်မှုထိပ်သီးနိုင်ငံများက အကောင်းဆုံးကာကွယ်သွားနိုင်မလား

*ထွန်းသစ်စံ*

ကမ္ဘာ့စီးပွားရေးကို ထိခိုက်စေတဲ့ ကိုရိုနာဗိုင်းရပ်စ် အကျပ်အတည်းကို ကာကွယ်သွားဖို့ သင့်တင့်လျောက်ပတ်တဲ့ မူဝါဒတွေအသုံးပြုသွားမယ်လို့ မတ် ၃ ရက်မှာ စက်မှုထိပ်သီးနိုင်ငံများမှ ထိပ်တန်းအရာရှိတွေက ပြောကြားလိုက်ပါတယ်။ သို့သော်လည်း ကိုရိုနာဗိုင်းရပ်စ်ပျံ့နှံ့မှုကို ဘယ်လိုမျိုးကာကွယ်မှုတွေ လုပ်ဆောင်သွားမလဲ ဆိုတာတော့ တိတိကျကျထုတ်ဖော်မပြောကြပါဘူး။

### စီးပွားရေးကျဆင်းမှုတွေဖြစ်ပေါ်

စက်မှုထိပ်သီးနိုင်ငံတွေက စီးပွားရေးဝန်ကြီးတွေနဲ့ ဗဟိုဘဏ်ဥက္ကဋ္ဌတွေဟာ အရေးပေါ်အစည်းအဝေးတစ်ခု ပြုလုပ်ခဲ့ကြပြီး ကိုရိုနာဗိုင်းရပ်စ်ကူးစက်ရောဂါပျံ့နှံ့လာမှုကြောင့် နိုင်ငံတွေရဲ့ စီးပွားရေးကြီးထွားမှုကို အန္တရာယ်ပေးလာနိုင်ပြီး တချို့နိုင်ငံတွေကို စီးပွားရေးကျဆင်းမှုတွေ ဖြစ်ပေါ်လာစေနိုင်တယ်ဆိုတဲ့ကိစ္စကို ဆွေးနွေးခဲ့ကြပါတယ်။

ကိုရိုနာဗိုင်းရပ်စ်ကို တွန်းလှန်ဖို့စက်မှုထိပ်သီးနိုင်ငံတွေက ဘဏ္ဍာရေးဝန်ကြီးတွေဟာ အကယ်၍လိုအပ်လာမယ်ဆိုပါက ဘဏ္ဍာရေးဆိုင်ရာ အရေးယူဆောင်ရွက်မှုတွေ ပြုလုပ်ဖို့အထိ ပါဝင်တဲ့ ဆောင်ရွက်မှုတွေလုပ်ဆောင်ဖို့ အဆင်သင့်ဖြစ်နေကြပါပြီ။ ကိုရိုနာဗိုင်းရပ်စ်ကို တွန်းလှန်ရာမှာ စီးပွားရေးဆိုင်ရာ ထောက်ပံ့မှုတွေလည်း လိုအပ်ရင် လုပ်ဆောင်သွားမှာဖြစ်တယ်လို့ ပြောပါတယ်။

ကမ္ဘာ့ထိပ်သီး စီးပွားရေးနိုင်ငံတွေဖြစ်တဲ့ ဗြိတိန်၊ ကနေဒါ၊ ပြင်သစ်၊ ဂျာမနီ၊ အီတလီ၊ ဂျပန်နဲ့ အမေရိကန်ပြည်ထောင်စုတို့က ဗဟိုဘဏ်ဥက္ကဋ္ဌတွေဟာ ဒူပေနာပေခံနေရတဲ့ ဘဏ္ဍာရေးစနစ်ကို ပြုပြင်ရာမှာ ဈေးနှုန်းတည်ငြိမ်ရေးနဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားကြမယ်လို့ ပြောပါတယ်။

### ညှိနှိုင်းမှုမရှိ

ကိုရိုနာဗိုင်းရပ်စ် တရုတ်နိုင်ငံမှာ စတင်ဖြစ်တဲ့အချိန်ကတည်းက အဲဒီဗိုင်းရပ်စ်ပြန့်ပွားမှုကို တားဆီးဖို့ကြိုးစားမှုတွေ လုပ်ဆောင်တဲ့နေရာမှာ ကမ္ဘာအနှံ့မှာရှိတဲ့ ကုမ္ပဏီတွေဟာ အဲဒီရဲ့ ရိုက်ခတ်မှုဒဏ်တွေကို ခံစားခဲ့ရပါတယ်။ ကိုရိုနာဗိုင်းရပ်စ် စတင်ဖြစ်ပွားရာတရုတ်နိုင်ငံအလယ်ပိုင်း ဟူပေပြည်နယ်ကိုလည်း သီးခြားခွဲခြားခဲ့ပြီး အဲဒီမှာရှိတဲ့ စက်ရုံတွေကိုလည်း ပိတ်ခဲ့ရပါတယ်။

ကိုရိုနာဗိုင်းရပ်စ် ပျံ့နှံ့မှုကြောင့် ဖြစ်ပွားလာတဲ့ အကြောက်တရားတွေဟာ ရှယ်ယာဈေးကွက်မှာလည်း ကမောက်ကမတွေဖြစ်ခဲ့ပါတယ်။ သို့သော်လည်း စက်မှုထိပ်သီးနိုင်ငံတွေရဲ့ ကြေညာချက်မှာတော့ ဘယ်လိုမျိုးဆောင်ရွက်သွားမလဲဆိုတဲ့ အစီအစဉ်အသေးစိတ်ကို ဖော်ပြခြင်းတော့ မရှိသေးပါဘူး။ ဘဏ္ဍာရေးပိုင်းဆိုင်ရာနဲ့ အတိုးနှုန်းဖြတ်တောက်မှုတွေမှာ ယခင်ကထက်နှိုင်းစာရင် စိတ်ပျက်စရာ ကောင်းနေကြောင်း လန်ဒန်ရှိ စီးပွားရေးပညာရှင်တစ်ယောက်က သုံးသပ်ထားပါတယ်။

စက်မှုထိပ်သီးနိုင်ငံတွေအနေနဲ့ ပူးပေါင်းဆောင်ရွက်ဖို့ကတိပြုထားသော်လည်း တကယ်တမ်းမှာတော့ ညှိနှိုင်းမှုမရှိကြောင်းနဲ့ အကောင်အထည်ဖော်မှု မရှိကြောင်း ဈေးကွက်သုတေသနအကြီးအကဲ နေးလ်ဝယ်လ်ဆင်က ပြောပါတယ်။

### သင့်တော်တဲ့ဆောင်ရွက်မှုတွေကို လုပ်ဆောင်မယ်

ဥရောပရဲ့ အဓိက စတော့ဈေးကွက်ဟာလည်း စက်မှုထိပ်သီးခုနစ်နိုင်ငံရဲ့ ကြေညာချက်ထွက်ပေါ်လာပြီးနောက်မှာ အခြေအနေကောင်းမွန်လာခဲ့ပါတယ်။ သို့သော်လည်း ခိုင်မာတည်ငြိမ်ဖို့တော့ လိုနေသေးပါတယ်။




ကိုရိုနာဗိုင်းရပ်စ် ကာကွယ်ဆေးစမ်းသပ်နေသည်ကို တွေ့ရစဉ်။

ကျန်းမာရေးဆိုင်ရာ စိုးရိမ်ထိတ်လန့်မှုတွေနဲ့အတူ အစိုးရတွေဟာလည်း စီးပွားရေးနှောင့်နှေးမှာ စိုးရိမ်ပူပန်နေကြပါတယ်။ လွန်ခဲ့တဲ့ရက်သတ္တပတ်မှာ အဓိကစတော့ဈေးကွက်မှာ ၁၀ ရာခိုင်နှုန်းလောက် ကျဆင်းသွားတာကို တွေ့ရပါတယ်။

ကိုရိုနာဗိုင်းရပ်စ် ပျံ့နှံ့ဖြစ်ပွားမှုကြောင့် ယခုအခါမှာဆိုရင် ကမ္ဘာတစ်ဝန်းလုံးမှာ သေဆုံးသူအရေအတွက်ဟာ ၃၁၀၀ကျော်လာပြီး ကူးစက်ခံရသူအရေအတွက်ဟာလည်း ၉၀၀၀၀ ကျော်ရှိလာပါတယ်။

စက်မှုထိပ်သီးနိုင်ငံတွေ အစည်းအဝေး မလုပ်မီက သက်ဆိုင်ရာ အရာရှိတွေဟာရင်းနှီးမြှုပ်နှံသူတွေကို စီးပွားရေးပိုမိုကျယ်ပြန့်လာအောင် လုပ်ဆောင်သွားမှာဖြစ်ကြောင်း ထပ်လောင်းပြောကြားလိုက်ပါတယ်။ မိမိတို့အနေနဲ့ သင့်တော်တဲ့ ဆောင်ရွက်မှုတွေကို လုပ်ဆောင်ဖို့ အဆင်သင့်ဖြစ်နေကြောင်း စက်မှုထိပ်သီးနိုင်ငံများမှ စီးပွားရေးခေါင်းဆောင်တွေက ပြောပါတယ်။

### ဝေဖန်မှုနဲ့ ရင်ဆိုင်နေရ

အင်္ဂလန်ဘဏ်ကလည်း ကိုရိုနာဗိုင်းရပ်စ် ဖြစ်ပွားချိန်မှာ အင်္ဂလန်ရဲ့စီးပွားရေးတောင့်တင်းဖို့ လိုအပ်တဲ့ ဆောင်ရွက်မှုတွေကို လုပ်ဆောင်သွားမယ်ဆိုပြီး ပြောထားတာရှိပါတယ်။ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့နဲ့ ကမ္ဘာ့ဘဏ်တို့ကလည်း ပူးတွဲကြေညာချက်တစ်ရပ်ထုတ်ပြန်ခဲ့ပြီး ကိုရိုနာဗိုင်းရပ်စ် ကူးစက်ပျံ့နှံ့မှုကို တားဆီးရာမှာ ကူညီဖို့လုပ်ဆောင်သွားမယ်လို့ ဖော်ပြထားပါတယ်။

နိုဗယ်ကိုရိုနာဗိုင်းရပ်စ် ကူးစက်ပျံ့နှံ့မှုကြောင့် နိုင်ငံတကာရဲ့ စီးပွားရေးကို ပျက်စီးဆုံးရှုံးမှုတွေ ဖြစ်ပေါ်စေပါတယ်။ အထူးသဖြင့် ဟိုတယ်နဲ့ ခရီးသွားလာရေးကဏ္ဍကို ဆိုးရွားစွာထိခိုက်သလို သယ်ယူပို့ဆောင်ရေးနဲ့ ကုန်သွယ်ရေးတွေကိုလည်း ဆိုးရွားစွာထိခိုက်မှုတွေ ဖြစ်ပေါ်စေပါတယ်။ ထို့အတူ တရုတ်နိုင်ငံ၏စီးပွားရေးကိုလည်း အကြီးအကျယ်ထိခိုက်စေသလို တစ်ကမ္ဘာလုံးရဲ့ စီးပွားရေးကိုလည်း ကျိန်းသေထိခိုက်စေမှာဖြစ်ပါတယ်။

လွန်ခဲ့တဲ့နှစ်က တရုတ်နိုင်ငံ ဟူပေပြည်နယ်မှာ စတင်လာတဲ့ ကိုရိုနာဗိုင်းရပ်စ်ဟာ ယခုအခါမှာတော့ လူပေါင်း ၉၀၀၀၀ ကျော် ကူးစက်ခံစားနေရပြီဖြစ်ပြီး နိုင်ငံပေါင်း ၇၀ ကျော်အထိ ပျံ့နှံ့ရောက်ရှိနေပြီဖြစ်ပါတယ်။ ကိုရိုနာဗိုင်းရပ်စ်ကို လျှော့တွက်ထားတဲ့ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်အစိုးရအဖွဲ့ဟာ ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ရေးလုပ်ငန်းတွေနဲ့ ပတ်သက်ပြီး အခုအခါမှာတော့ ဝေဖန်မှုတွေနဲ့ ရင်ဆိုင်နေရပါတော့တယ်။

### ပူးပေါင်းဆောင်ရွက်သွားမယ်

တောင်ကိုရီးယားနိုင်ငံဟာ တရုတ်နိုင်ငံပြင်ပမှာ ကိုရိုနာဗိုင်းရပ်စ် အများဆုံးပျံ့နှံ့ကူးစက်ခံရတဲ့ နိုင်ငံဖြစ်လာပြီးတော့ မတ် ၂ ရက်မှာ ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသူပေါင်း ၅၀၀ နီးပါးရှိတယ်လို့ ဖော်ပြထားပါတယ်။ အခုချိန်အထိ စုစုပေါင်းကူးစက်ခံရသူဟာ ၄၀၀၀ ကျော်လာပြီဖြစ်ပါတယ်။

ကိုရိုနာဗိုင်းရပ်စ် အလျင်အမြန် ကူးစက်ပျံ့နှံ့လာတာကြောင့် ကမ္ဘာ့စီးပွားရေးကိုလည်း ထိခိုက်စေပါတယ်။ ကမ္ဘာ့စီးပွားရေးဈေးကွက်ဟာ ၂၀၀၈ ခုနှစ်မှ စပြီးအခုအခါမှာတော့ အဆိုးရွားဆုံးအနေအထားကို ရောက်နေပါတယ်။ သို့သော်လည်း အာဆီယံစီးပွားရေးဈေးကွက်ဟာ မတ် ၂ ရက်မှာတော့ ပြန်လည်ကောင်းမွန်လာတဲ့သဘောကို တွေ့ရပါတယ်။

တရုတ်နိုင်ငံရဲ့ နေရာအတော်များများမှာလည်း ခရီးသွားလာမှု ပိတ်ပင်မှုတွေသို့မဟုတ် အလုံပိတ်ခွဲခြားမှုတွေ ပြုလုပ်ထားကြတဲ့အတွက် တရုတ်နိုင်ငံရဲ့ စီးပွားရေးကတော့ ထင်သလောက် မကောင်းသေးပါဘူး။ အခြားနိုင်ငံတွေကတော့ ကိုရိုနာဗိုင်းရပ်စ် ကူးစက်ပျံ့နှံ့မှုဆိုင်ရာ ဆောင်ရွက်ချက်တွေကို လုပ်ဆောင်ထားပါတယ်။ အဲဒီထဲမှာ ဗိုင်းရပ်စ်ဖြစ်ပွားတဲ့နိုင်ငံတွေကို ခရီးသွားလာမှု ပိတ်ပင်တာတွေ၊ မြို့တွေကို အလုံပိတ်မှုတွေ ပြုလုပ်ထားပြီး နိုင်ငံသားတွေကိုလည်း အိမ်ထဲမှာနေပဲ နေထိုင်သွားကြဖို့နဲ့ ပွဲလမ်းသဘင်တွေကို မပြုလုပ်ဖို့ တိုက်တွန်းထားပါတယ်။

ကိုရိုနာဗိုင်းရပ်စ် ပျံ့နှံ့မှုဟာ တရုတ်နိုင်ငံထက် တခြားနိုင်ငံတွေမှာ ပိုမိုမြန်ဆန်စွာ မြင့်တက်နေတာကို တွေ့ရပါတယ်။ တရုတ်နိုင်ငံမှာ ကိုရိုနာဗိုင်းရပ်စ်ရောဂါကာကွယ်ဖို့ စီမံဆောင်ရွက်မှုတွေကို အပြင်းအထန်ပြုလုပ်ခဲ့ကြပါတယ်။ အဲဒီလိုပြုလုပ်တဲ့အထဲမှာ ဇန်နဝါရီလ နှောင်းပိုင်းက လူဦးရေ ၅၆ သန်းလောက်ရှိတဲ့ ဟူပေးပြည်နယ်ကို ပြင်ပကမ္ဘာနဲ့ သီးသန့်ခွဲခြားမှုတွေ ဆောင်ရွက်ခဲ့ကြပါတယ်။

မည်သို့ပင်ဆိုစေ ကိုရိုနာဗိုင်းရပ်စ် ပျံ့နှံ့မှုဟာ ကြောက်စရာကောင်းလောက်အောင်ကို ဖြစ်ပွားခဲ့ပြီး စီးပွားရေးကို ခြိမ်းခြောက်နေသော်လည်း စက်မှုထိပ်သီးနိုင်ငံတွေကတော့ စီးပွားရေးကို မထိခိုက်အောင် အတတ်နိုင်ဆုံး ပူးပေါင်းဆောင်ရွက်သွားမယ်လို့တော့ ပြောဆိုထားကြပါတယ်။

**အေအက်ဖ်ပီ**

> **"ကမ္ဘာ့အဆင့်မီဆုံး စီးပွားရေးနိုင်ငံတွေဖြစ်တဲ့ ဗြိတိန်၊ ကနေဒါ၊ ပြင်သစ်၊ ဂျာမနီ၊ အီတလီ၊ ဂျပန်နဲ့ အမေရိကန်ပြည်ထောင်စုတို့က ဗဟိုဘဏ်ဥက္ကဋ္ဌတွေဟာ ဒူပေနာပေခံနေရတဲ့ ဘဏ္ဍာရေးစနစ်ကို ပြုပြင်ရာမှာ ဈေးနှုန်းတည်ငြိမ်ရေးနဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားကြမယ်လို့ ပြောပါတယ်"**

# ပခုက္ကူမြို့နဲ့ ဝန်းကျင်ဆီ

## Awesome Hours in Pakokku

Thiha, the Traveller @ သီဟလုလင်

ကျွန်တော် အညာဒေသတွေ လည်ဖို့ပတ်ဖို့ စိတ်ဝင်စားမှုနည်းတာ အမှန်ဝန်ခံပါတယ်။ အဓိကက ရာသီဥတုပူတယ်၊ ခြောက်သွေ့တယ်ဆိုတာကို လန့်တာပေါ့ဗျာ။ တကယ်တမ်း အညာဘက် ရောက်သွားတဲ့အခါမှာ ကျွန်တော်သွားလာနေကျ တောင်ပေါ်ဒေသတွေနဲ့ မတူကွဲပြားတဲ့အတွေ့အကြုံ၊ ဓလေ့စရိုက်တွေကို လေ့လာတွေ့ကြုံခွင့်ရခဲ့ပါတယ်။ အခုလည်း ပခုက္ကူမြို့ကို ရောက်ခဲ့တော့ ရုတ်တရက်ကြည့်ရင် လည်ပတ်စရာနည်းပါးတယ်လို့ ထင်ရပေမယ့် လည်ပတ်သွားလာလို့ကောင်းတဲ့ မြေလတ်ပိုင်းမြို့လေးအဖြစ် သဘောကျမိသွားခဲ့ပါတယ်။ မြို့အဝင် ဧရာဝတီတံတားရှည်ကြီးကိုက ဆွဲဆောင်မှုတစ်မျိုး ပေးနေတယ်လို့ ထင်ပါတယ်။

### သားထုတ်ဂူကနေ ပခုက္ကူ

သူ့ရဲ့ မြို့အမည် ဖြစ်ပေါ်လာပုံလေးကတော့ အဆန်းသား။ ပုဂံပြည့်ရှင် အလောင်းစည်သူမင်း ဖောင်စီးပြီး တိုင်းခန်းလှည့်လည်တုန်း ပခုက္ကူ ဧရာဝတီတံတားအနီးက ပေါက်အင်းရွာရောက်တော့ တံငါသည်ယောကျ်ားတစ်ဦးကို အလောင်းစည်သူမင်းရဲ့ ကိုယ်လုပ်တော် မယ်စိမ့်ညိုက သည်းသည်းလှုပ် သဘောကျသွားပြီး အနေအထိုင်မတတ် ဖြစ်သွားလို့ မင်းကြီးက အမျက်ရှသွားတယ်။ အဲဒီအချိန်မှာ မယ်စိမ့်ညိုမှာကလည်း ကိုယ်ဝန်ကြီးနဲ့။ ဒါပေမယ့်လည်း အမျက်ရှလို့ အပြစ်ပေးခံရတော့ လက်လွန်သွားလို့ မယ်စိမ့်ညိုနဲ့ ဗိုက်ထဲက ကလေး ကွယ်လွန်သွားကြရှာတယ်။ အဲဒီတော့မှ ဗိုက်ထဲက ကလေးသေကို ခွဲထုတ်ပြီး အုတ်ဂူနဲ့ စေတီငယ်တစ်ဆူတည်လိုက်တယ်။ အဲဒီနေရာကို သားထုတ်ဂူလို့ နာမည်ပေးခဲ့တယ်။ အဲဒီနာမည်ကို အစွဲပြုပြီး ဒီအရပ်ကို သားထုတ်ဂူလို့ ခေါ်ခဲ့ကြတယ်။ ကြာတော့ ပခုက္ကူဆိုပြီး ဖြစ်လာတယ်လို့ ဖတ်မှတ်ဖူးပါတယ်။

### ပခုက္ကူကို လည်လည်သွားဖို့

ပခုက္ကူမြို့ကို အလည်လာလိုသူတွေ အနေနဲ့ ပုဂံ ညောင်ဦးကိုလာရင်း လာလည်သင့်တယ်လို့ ညွှန်းချင်ပါတယ်။ လေယာဉ်နဲ့ဆိုရင် ညောင်ဦးလေဆိပ်ကနေ ၄၅ မိနစ်လောက် ကားစီးလာရင် ရောက်တယ်။ ဆိုတော့ ပုဂံကို အလည်သွားရင်း ဝင်ရောက်လည်ပတ်နိုင်တယ်ပေါ့ဗျာ။ အဝေးပြေးကားတွေလည်းရှိသလို သင်္ဘောစီးပြီးလည်း လာလည်နိုင်တယ်လို့ သိရပါတယ်။ ချင်းပြည်နယ်တောင်ပိုင်း နတ်မတောင် သွားလည်တဲ့သူများလည်း ဝင်ရောက်လည်ပတ်နိုင်တဲ့ မြို့ဖြစ်ပါတယ်။ ကျွန်တော်ကတော့ ပုဂံကို အလည်သွားရင်း တစ်နေ့တာ သွားရောက်လည်ပတ်ဖြစ်ခဲ့တာပါ။

### ဘာကြောင့် ပခုက္ကူကို လည်သင့်သလဲ

အဓိကအကြောင်းရင်းက ပခုက္ကူမြို့ဟာ ပုဂံဒေသရဲ့ အစိတ်အပိုင်းတစ်ခု ဖြစ်နေတာကြောင့်ပါ။ ပုဂံမြို့ဟောင်းနဲ့ ပခုက္ကူဆိုတာ ဧရာဝတီမြစ်ကြီးပဲ ခြားနေတာဖြစ်ပါတယ်။ ပုဂံကိုလာတိုင်း စွယ်တော်လေးဆူ နေ့ချင်းဖူးကြတဲ့အထဲ မြစ်ကူးပြီး ဖူးမြော်ရတဲ့ တန့်ကြည့်တောင်ဟာ ဒီပခုက္ကူဘက်မှာ ရှိနေတာက သက်သေပါပဲ။ ပခုက္ကူမှာလည်း ရှေးဟောင်းအမွေအနှစ်တွေကို လေ့လာစရာနေရာတွေ ရှိနေပါတယ်။

### ပခုက္ကူမှာ လည်ပတ်စရာ

မြို့က သေးငယ်တဲ့အတွက် များများစားစား အချိန်ပေးစရာမလိုဘဲ နေရာစုံကို ရောက်နိုင်ပါတယ်။ အနီးဝန်းကျင်က ရွာတွေဆီ အချိန်နည်းနည်းပေးပြီး သွားနိုင်ရင် ပိုပြီး တန်ဖိုးရှိတဲ့ သမိုင်းအမွေအနှစ် လည်ပတ်စရာတွေနဲ့ အညာဓလေ့တွေကို မြင်တွေ့ကြရဦးမှာပါ။ လည်ပတ်စရာ နေရာလေးတွေ ကြည့်လိုက်ရအောင်…

### ရွှေကူမြတ်စွာဘုရားနဲ့ သားထုတ်ဂူ

ပခုက္ကူဆိုတဲ့ ဒေသအမည် ထွက်ပေါ်လာရာရဲ့အစ သားထုတ်ဂူဟာ ဒီရွှေကူဘုရားမှာ ရှိနေတာပါ။ သားထုတ်ဂူရှိလို့ အရင်က ရွှေဂူဘုရားလို့ ခေါ်ခဲ့ပြီး နောက်တော့ ရွှေကူဖြစ်သွားပါတယ်။ ရွှေကူဘုရားစောင်းတန်းအဝင်မှာ ဘုရားပန်း၊ ဘုရားစာအုပ်တွေနဲ့ ဒေသထွက်လက်ဆောင်ပစ္စည်းတွေ ရောင်းချတဲ့ဆိုင်တွေ ရှိပါတယ်။ မြန်မာ့အနုသုခုမလက်ရာမြောက် တန်ဆောင်းပြာသာဒ်တွေကတော့ မီးသင့်တုန်းက ပါသွားခဲ့တာကတော့ နှမြောစရာကောင်းပါတယ်။ ဒါပေမယ့် ဒီရွှေကူဘုရားမှာ ကမ္ဘာ့အံ့ချီးစရာ ပန်းပုလက်ရာ တံကဲတော်ပလ္လင်တစ်ခု ရှိပါတယ်။ ဒါကို လေ့လာနိုင်တာနဲ့တင် ဒီကိုလာရတာ တန်ပါတယ်။ တံကဲတော်ဆိုတာက ဘုရားဆင်းတုအတွက် ထုလုပ်ထားတဲ့ ပလ္လင်နဲ့ ဘေးဘောင်တစ်ဆက်တည်းရှိတဲ့ သစ်ပင်တစ်လုံးတည်းကို ဇာတ်တော်တွေ ထုဆစ်ထားတဲ့ မြန်မာ့လက်မှုပညာတွေနဲ့ ဖန်တီးမှုတစ်ခုပါ။ သစ်တစ်လုံးထဲကို ဇာတ်တော်တွေပေါ်လာအောင် ထူးခြားတဲ့ ပစ္စည်းတစ်မျိုးသုံးပြီး အတွင်းအဖု အရစ် အထွင်းအထု အဖောင်းအကြွတွေကို ဖန်တီးထားတယ်။ လေးနှစ်အချိန်ယူပြီး ဖန်တီးထားတဲ့ အဆင့်မြင့်လက်ရာကို မြင်တွေ့ကြရမှာပါ။ ဒီမှာ ရှင်းပြပေးတဲ့ အဘွားတစ်ဦး ရှိပါတယ်။ တံကဲတော်နဲ့ ဆက်စပ်တဲ့ သမိုင်းကြောင်း အစအဆုံးကို တစ်ဖွဲ့ချင်းဆီ သေချာ ရှင်းပြပေးတတ်ပါတယ်။

ဒီ ရွှေကူဘုရားဝင်းထဲမှာပဲ နည်းနည်းလှည့်ပတ်ကြည့်ရင် သားထုတ်ဂူစေတီကို တွေ့ရပါမယ်။ နီးလျက်နဲ့ဝေးနေတဲ့ စေတီပါ။ ရင်ပြင်ထဲမှာပဲ ရှိပေမယ့် ပျောက်သလိုဖြစ်နေပါတယ်။ ကျွန်တော်တောင် အဲဒီစေတီကြီး ဘေးမှာထားပြီး ဂေါပကလူကြီးတစ်ယောက်ကို သားထုတ်ဂူစေတီ ရှာမတွေ့လို့လို့ မေးတော့ သူက ရယ်ပြီး ဒီဟာပဲလို့ လက်ညှိုးထိုးပြရတယ်။ သားထုတ်ဂူဆိုတဲ့ ကျောက်ပြားစိုက်ထားတဲ့နေရာရှိပေမယ့် စေတီကို ပတ်ထားတဲ့ အုတ်တံတိုင်းအနိမ့်လေးက အလွန်ကပ်ပြီး ဖုံးထားလို့ ရုတ်တရက်ဆို မမြင်ရဘူး။ စေတီက ကျဉ်းကျဉ်းကျုတ်ကျုတ် ရှိလှပါတယ်။

ရွှေကူဘုရားက ဗိုလ်ချုပ်လမ်းပေါ်မှာ တည်ရှိပါတယ်။ ဘေးကပ်လျက်မှာလည်း နောက်ထပ် စေတီတစ်ဆူရှိပါသေးတယ်။ အဲဒီကနေ ရှေ့ဆက်သွားမယ်ဆိုရင် ဖောင်တော်ဦးဘုရားကို ရောက်မှာပါ။

### ဖောင်တော်ဦးဘုရား

ဒဏ္ဍာရီလိုလို၊ သမိုင်းလိုလိုအရတော့ အလောင်းစည်သူမင်းကြီးက မြင်းမိုရ်တောင် အလည်အပတ်ခရီးကနေ ပြန်လာတော့ သီဟိုဠ်ဘုရင်က ဗုဒ္ဓရုပ်ပွားတော် ဆက်သလိုက်တယ်။ အဲဒီရုပ်ပွားတော်ကို ပင့်ဆောင်လာပြီး ဧရာဝတီမြစ်အတိုင်း ဆင်းလာတော့ စောစောက ကံကုန်သွားတဲ့ မယ်စိမ့်ညိုနတ်က ကိုယ်ထင်ပြပြီး တောင်းပန်လာလို့ ဖောင်တော် ခဏရပ်ခဲ့ရတယ်။ ဒါကို အစွဲပြုပြီး ဖောင်တော်ရပ်နားခဲ့တဲ့နေရာမှာ စေတီတစ်ဆူတည်ခဲ့တယ်။ စေတီရဲ့ ဖွဲ့စည်းပုံက တခြားစေတီတွေနဲ့ မတူဘူးလို့ ခံစားရတယ်။ ဟိန္ဒူဘက် နည်းနည်းနွယ်တဲ့ အဆောက်အဦပုံစံကို သတိပြုမိတယ်။ ဘုရားရင်ပြင်က ကျဉ်းတယ်။ အောင်မြေနင်းချင်သူတွေအတွက် အောင်မြေ ရှိတယ်။ ဒါပေမယ့် မြေဆိုတာ အတော်ရှာယူရတယ်။ အထဲမှာ စက်နဲ့လည်တဲ့ အရုပ်လေးတွေ ရှိတယ်။ ငယ်ငယ်တုန်းကဆို သိပ်သဘောကျတာ အဲဒီအရုပ်လေးတွေကိုလေ။ အကြွေစေ့ ပစ်ပြီး လှူခဲ့ဖူးတယ်။ ဘုရားဝင်းထဲမှာ နေရာကျယ်လို့ ကားရပ်ဖို့ အဆင်ပြေတယ်။

ဖောင်တော်ဦးဘုရားကလည်း ဗိုလ်ချုပ်လမ်းပေါ်မှာပဲ တည်ရှိပြီး အဲဒီကနေ သီတာလမ်းကို ဖောက်ထွက်လို့ မြို့မလမ်းကို တက်ပြီး တံတားကူးရင် ရွှေမုဋ္ဌောဘုရားကို ရောက်နိုင်တယ်။

### ရွှေမုဋ္ဌောဘုရား

မြို့မလမ်းအတိုင်း ဆင်းလာရင် ရွှေချောင်းတံတား(၁)ကို ဖြတ်ပြီး ရွှေမုဋ္ဌောဘုရားကို သွားနိုင်ပါတယ်။

ပခုက္ကူမှာ အသောကမင်းကြီး တည်ထားတဲ့ မုဋ္ဌောကိုးဆူရှိပါတယ်။ ရှင်မတောင်၊ မအူရွာ၊ ရေစကြိုမြို့၊ မြိုင်မြို့၊ ပခုက္ကူမြို့၊ ချောက်တောင်ရွာ၊ တန့်ကြည့်တောင်၊ ရွှေပေါင်လောင်၊ ကမ္ဘူရွာဂေါတမ တို့ပါ။ အခု ပခုက္ကူ ရွှေမုဋ္ဌောဟာလည်း အသောကမင်းကြီး တည်ထားတဲ့ မုဋ္ဌောကိုးဆူထဲက တစ်ဆူ ဖြစ်ပါတယ်။ ဒီနေရာကိုတော့ လူငယ်တွေ အလာများပြီး ဘုရားဖူးရင်း ဧရာဝတီမြစ်ရဲ့ အလှကို ငေးကြည့်နိုင်တဲ့အတွက်ပဲ ဖြစ်ပါတယ်။ သောင်ထွန်းတာ၊ လယ်ကွင်း စိုက်ခင်းတွေရဲ့အလှ၊ မြစ်နဲ့ တံတားတွေ အားလုံးကို သေချာမြင်တွေ့နိုင်တဲ့ နေရာဖြစ်တဲ့အပြင် စားသောက်စရာ မုန့်ဆိုင်လေးတွေလည်း ရှိနေတာမို့ လာကြတာများပါတယ်။ အဲဒီက အညာအသုပ်ဆိုင်လေးဆို ကြိတ်ကြိတ်တိုး စားနေကြတာ။ ဒီဒေသဝန်းကျင်မှာပဲ ရနိုင်မယ့် အရွက်၊ အသီး၊ အပွင့်တွေကို ရာသီအချိန်အခါအလိုက် စီစဉ်ရောင်းချကြတော့ ခရီးသွားတွေကြား နာမည်ကြီးတယ်။ ကျွန်တော်တောင် အရင် မစားဖူးသေးတဲ့ အရွက်နဲ့ အပွင့်သုပ်လေးတွေ စားခဲ့သေးတယ်။ သွားတုန်းက သခွပ်ပွင့်၊ သမုန်း၊ ကြောင်လျှာပွင့်၊ မြူရွက်၊ ရေနတောင်း၊ ငှက်ပျောဖူး အသုပ်လေးတွေ စုံစိနေအောင် ရတယ်။ စားကြည့်တော့ တစ်မျိုးနဲ့တစ်မျိုး အရသာတော့ သိပ်မကွဲလှဘူး။ အရွက်နဲ့ အပွင့်တွေမှာ သူ့ကောင်းကျိုး အာနိသင်လေးတွေရှိတော့လည်း စားဖြစ်အောင်တော့ စားကြည့်ခဲ့တယ်။ သူ့အရသာလေး ပိုပေါ်အောင် သုပ်ပေးနိုင်ရင် ပိုကောင်းမယ်လို့ ယူဆမိတယ်။

### သီဟိုဠ်ရှင်ဘုရား

ပခုက္ကူဆိုတာနဲ့ မြန်မာဗုဒ္ဓဘာသာတိုင်း အရင်မြင်ကြတာက သီဟိုဠ်ရှင် ဘုရားပါ။ သီဟိုဠ်ဘုရင်က အလောင်းစည်သူမင်းကြီးကို ဆက်သခဲ့တဲ့ ရုပ်တော်မူရုပ်ပွားတော်ကို ဖူးမြင်လိုကြသူတွေ တကူးတက လာရောက်ခဲ့ကြပါတယ်။ သစ် ၁၀ မျိုးကို ပေါင်းစပ်ထုလုပ်ထားတဲ့ ရုပ်ပွားတော်ဖြစ်ပြီး အခုချိန်မှာတော့ ရုပ်တော်မူ သုံးဆူအနက် အလယ်အဆူဟာ သီဟိုဠ်လက်ရာအစစ်ဖြစ်ပါတယ်။ ဒီ သီဟိုဠ်လက်ရာရုပ်ပွားတော် ရဲ့ ထူးခြားချက်ကတော့ မူလသီဟိုဠ်အရုပ်ကို ပြန်ပြန်ကြွသွားတတ်ခြင်းပါပဲ။ ဒါကြောင့် သံခြေကျင်းခတ်ထားရတယ်လို့ ဆိုပါတယ်။ ကျွန်တော်တော့ သတိမထားမိခဲ့ပါဘူး။ ဒီမှာလည်း တံကဲတော်ကြီးတစ်ခု ရှိခဲ့ပေမယ့် မီးသင့်သွားလို့ နှမြောစရာ ပျက်စီးဆုံးရှုံးသွားခဲ့ရပါတယ်။

ဒီဘုရားအနီးမှာတော့ လက်ဆောင်ပစ္စည်းဆိုင်တွေ အလွန်များပြား စည်ကားပါတယ်။ သနပ်ခါးတုံးရောင်းတဲ့ဆိုင်တွေ အတော်များပါတယ်။ ယိုစုံရောင်းတဲ့ဆိုင်နဲ့ စားသောက်ဆိုင်လေးတွေလည်း ရှိပါတယ်။ ပြီးတော့ မုန့်ပေါင်းဆိုင်လေးတွေလည်း ရှိတယ်။ အချိန်နဲ့ရောင်းတာ။ အဲဒါလေးတွေလည်း ဒီဒေသရဲ့ ရိုးရာအစားအစာလို ဖြစ်နေတော့ အားပေးဝယ်စားကြည့်နိုင်ပါတယ်။

ဒီနေရာတွေကတော့ လွယ်လွယ်ကူကူ ပခုက္ကူမြို့အနီးအပါးလည်ပတ်နိုင်မယ့်နေရာတွေပါ။ နည်းနည်းခပ်လှမ်းလှမ်းကို သွားမယ်ဆိုရင် ဒီနေရာတွေကို လည်ပတ်သွားလာနိုင်ပါသေးတယ်။ *(ဆက်လက်ဖော်ပြပါမည်)*



ရွှေကူဘုရားရှိ ကမ္ဘာ့အံ့ချီးဖွယ်ရာ ပန်းပုလက်ရာ တံကဲတော်ပလ္လင်နှင့် ဗုဒ္ဓရုပ်ပွားတော်



ရွှေမုဋ္ဌောဘုရား



ဖောင်တော်ဦးဘုရား

## ရွှေတိဂုံစေတီတော်ကြီး၏ (၅၇၇)ကြိမ်မြောက် အလှူတော်ငွေပေးအပ်ပွဲနှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ပွဲကျင်းပ

**ရန်ကုန် မတ် ၄**

ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့က စီစဉ်ကျင်းပသော ရွှေတိဂုံစေတီတော်ကြီး၏ (၅၇၇) ကြိမ်မြောက် အလှူတော်ငွေ ပေးအပ်လှူဒါန်းပွဲနှင့် အလှူရှင်များအား ထုတိအနုမောဒနာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ချီးမြှင့်ပွဲ အခမ်းအနားကို ယမန်နေ့က စေတီတော်ရင်ပြင်တော်တောင်ဘက် ရေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်း၌ ကျင်းပသည်။

ရှေးဦးစွာ အလှူရှင်များက အလှူတော်ငွေများကို ပေးအပ်လှူဒါန်းရာ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ အလှည့်ကျသဘာပတိ ဒေါက်တာ ရဲအောင်နှင့် အဖွဲ့ဝင်များကလက်ခံပြီး ထုတိအနုမောဒနာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။ **(ယာပုံ)**

ထို့နောက် နိုင်ငံတော် ဩဝါဒါစရိယ၊ ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ အင်းစိန်မြို့နယ် ရွာမပရိယတ္တိစာသင်တိုက် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တတိလောကာဘိဝံသထံမှ ဂေါပကအဖွဲ့ဝင်များနှင့် ဧည့်ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ရေစက်ချအနုမောဒနာ တရားနာယူကြသည်။

ယခုကျင်းပသည့် အလှူတော်ငွေ ပေးအပ်လှူဒါန်းပွဲတွင် ရွှေသင်္ကန်းတော်(ရွှေပြား) အလှူရှင် ၁၁၁ ဦးက ရွှေပြား ၁၄၂ ချပ်၊ ရင်ပြင်တော်အခင်း ကျောက်ပြားအလှူရှင်များက ကျောက်ပြား ၅၇၆၂၆ ချပ် လှူဒါန်းခဲ့ကြပြီး ငွေသားအလှူရှင် ၃၀ အပါအဝင် လှူဒါန်းငွေ စုစုပေါင်းငွေကျပ် ၁၅၄၀၁၅၂၉၅၀ ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



## မိုင်းရယ်မြို့ လုတ်ခိုက်ကျေးရွာတွင် စာဖတ်ရှိန်မြှင့်တင်ရေးဟောပြော

**မိုင်းရယ် မတ် ၄**

မိုင်းရယ်မြို့ လုတ်ခိုက်ကျေးရွာအုပ်စု အခြေခံပညာ မူလတန်းလွန်ကျောင်း (လုတ်ခိုက်)တွင် ယမန်နေ့က စာဖတ်ရှိန်မြှင့်တင်ရေး ဟောပြောပွဲ ပြုလုပ်သည်။

စာဖတ်ရှိန်မြှင့်တင်ရေး ဟောပြောပွဲတွင် မိုင်းရယ်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဒေါ်ခင်မာလာက စာဖတ်ရှိန်မြှင့်တင်ရေး အကြောင်း ဟောပြောရာ ကျောင်းသား ကျောင်းသူများသည် ကျောင်းစာများ သာမက ပြင်ပဗဟုသုတစာပေများကိုလည်း ဖတ်ရှုရန်လိုကြောင်း၊ ပြင်ပစာပေများမှ ရရှိသော ဗဟုသုတများက ကျောင်းစာကိုလည်း အထောက်အပံ့ပေးနိုင်ကြောင်း ဟောပြောသည်။

ယင်းနောက် နယ်လှည့်စာကြည့်တိုက်နှင့် နိုင်ငံတော်သမ္မတ၏ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု ဆောင်ရွက်ချက်မှတ်တမ်းဓာတ်ပုံများနှင့် ဗိုလ်ချုပ်အောင်ဆန်း၏ လွတ်လပ်ရေးကြိုးပမ်းမှု မှတ်တမ်း ဓာတ်ပုံများကို ပြသရာ ကျောင်းသား ကျောင်းသူများက ကြည့်ရှုလေ့လာကြသည်။ **ခင်မာလာ(ပြန်/ဆက်)**

## ဝမ်းတွင်း၌ ၁၆ ခုတင်ဆံ့ဆေးရုံနှင့် ဝန်ထမ်းအိမ်ရာတည်ဆောက်

**ဝမ်းတွင်း မတ် ၄**

မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ် ညောင်အုပ်ဖီးကျေးရွာရှိ ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံ **(အောက်ပုံ)** နှင့် ဝန်ထမ်းအိမ်ရာ တည်ဆောက်နေမှု၇၀ ရာခိုင်နှုန်းကျော် ပြီးစီးပြီဖြစ်ကြောင်း အဆိုပါ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးတင်ဆင့်ထံမှ သိရသည်။

၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံနှင့် ဝန်ထမ်းအိမ်ရာတည်ဆောက်ခြင်းကို ကုသရေးဦးစီးဌာန ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ခွင့်ပြုရန်ပုံငွေကျပ် ၆၁၁ ဒသမ ၁ သန်းဖြင့် ၂၀၁၉ မေ ၁၂ ရက်တွင် ပန္နက်တင်စတင်ဆောက်လုပ်ခဲ့ပြီး ၂၀၁၈–၂၀၁၉ ဘဏ္ဍာနှစ်နှင့် ၂၀၁၉–၂၀၂၀ ဘဏ္ဍာနှစ် ဘတ်ဂျက်တို့ဖြင့် ဆောင်ရွက်ခဲ့ခြင်း ဖြစ်ကြောင်း၊ ယခုဘဏ္ဍာနှစ်တွင် ၅၀ ရာခိုင်နှုန်းကျော် ပြီးစီးပြီဖြစ်ပြီး ဆောက်လုပ်ရေးလုပ်ငန်းတစ်ခုလုံး၏ ၇၀ ရာခိုင်နှုန်းကျော် ပြီးစီးပြီဖြစ်ကြောင်း၊ Kinetic Arts ကုမ္ပဏီမှတာဝန်ယူ တည်ဆောက်ခြင်းဖြစ်ပြီး အောက်တိုဘာလတွင် အပြီးတည်ဆောက်ရမည် ဖြစ်ကြောင်း သိရသည်။



အဆိုပါ တိုက်နယ်ဆေးရုံနှင့် ဝန်ထမ်းအိမ်ရာ တည်ဆောက်ခြင်း လုပ်ငန်းတွင် အလျား ၁၄၁ ပေ အနံ ပေ ၁၁၀ အမြင့် ၆ပေ တစ်လုံး၊ နှစ်ခန်း တွဲ ဆရာဝန်နေအိမ် အလျား ၆၆ ပေ အနံ ၂၄ ပေ တစ်လုံး၊ နှစ်ခန်းတွဲ ဝန်ထမ်းနေအိမ် အလျား ၆၃ ပေ အနံ ၂၃ ပေ နေအိမ်တစ်လုံး၊ လေးခန်းတွဲ သူနာပြုနေအိမ် အလျား ၈၈ ပေ၊ အနံ ၂၄ ပေ တစ်လုံး၊ လေးခန်း တွဲဝန်ထမ်း နေအိမ် အလျား ၈၄ ပေ၊ အနံ ၂၃ပေ တစ်လုံး၊ ရင်ခွဲရုံ အလျားပေ ၂၀၊ အနံ ၁၅ ပေ တစ်လုံးနှင့် ဆက်စပ် လုပ်ငန်း များ ပါဝင်ကြောင်း၊ အဆိုပါ ဆေးရုံ တည်ဆောက်ရေးတွင် ခြံစည်းရိုး ကာရံခြင်းမှာ ပေ ၁၂၀၀ ဆောင်ရွက် ပေးမည်ဖြစ်ကာ ပေ ၇၀၀ ခန့် ကာရံ ခြင်းအတွက် လိုအပ်လျက်ရှိပြီး ဆေးရုံကြီး ဆောက်လုပ်ပြီးပါက လျှပ်စစ်မီးလိုအပ်ချက်အရ ၁၀၀ ကေဗွီ ထရန်စဖော်မာနှင့် ၄၀၀ ဗို့အားလိုင်းပေ ၁၇၀၀ တို့ လိုအပ်မည်ဖြစ်ကြောင်း သိရသည်။

**ဘိုဘို(မလှိုင်)**

## ရွှေသွေးဂျာနယ်ထွက်ရှိ

**နေပြည်တော် မတ် ၄**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

မတ်လ ၇ ရက် (စနေနေ့)တွင် ထုတ်ဝေမည့် ရွှေသွေးဂျာနယ်တွင် ကာတွန်းစိုးစံက သရုပ်ဖော်ရေးဆွဲကာ သပြေစမ်းရွာတွင် ဝက်ဝံအယောင်ဆောင်၍ ရွာသားများအား ခြောက်လှန့်သည်ကို ဖိုးချွန်းနှင့် ဝိတ်ပေါတို့က ဖမ်းဆီးပေးပုံအကြောင်းကို ရေးဖွဲ့ထားသည့် ဆရာရဲဘော် ညိုမောင်၏ "ဖိုးချွန်း၊ ဝိတ်ပေါနှင့် မုဆိုးစုံထောက်" မျက်နှာဖုံး ကာတွန်း၊ ရွှေသွေး ပရိသတ်များ ဗဟုသုတ တိုးပွားစေရန်အလို့ငှာ မြင်းကျားများ၏ အပြေးသန်ပုံကို ဗဟုသုတဖြစ်ဖွယ် တင်ဆက်ထားသည့် "အပြေးသန် မြင်းကျားများ" သုတဆောင်းပါး၊ ကစားသန်သော ချက်စူ၏အဖြစ်ကို ဟာသမြောက်အောင် ရေးဖွဲ့ထားသည့် "ချက်စူး–မြွေချစ်သူ"နှစ်မျက်နှာကာတွန်း၊ ရေရှားပါးသော အညာဒေသ၏ ရေရှားပါးချိန် ဒုက္ခ ဖြစ်ရပုံ အကြောင်းကို ကရဏာ သက်ဖွယ် ရေးဖွဲ့ထားသည့် "ရေ" ဝတ္ထုအပါအဝင် ရွှေသွေး အင်္ဂလိပ်စကားဝိုင်း၊ ပဟေဠိကဏ္ဍ၊ ကဗျာ စုံလင်စွာဖြင့် ဖတ်စရာမှတ်စရာများ ပါရှိကြောင်း သိရသည်။

**သတင်းစဉ်**




## ပင်စင်ထုတ်ရာတွင် EasyPay ဖြင့် ပင်စင်လစာထုတ်ယူနိုင်

**ရန်ကုန် မတ် ၄**

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ်ရှိ ပင်စင်စားအများဆုံး ပင်စင်ထုတ်ရာ မြန်မာ့စီးပွားရေးဘဏ်တွင် ပင်စင်စားသုံးသောင်းခန့်ကို လစဉ်ပင်စင်လစာ ထုတ်ပေးလျက်ရှိရာ သက်ကြီးရွယ်အိုများနှင့် မကျန်းမာ သောပင်စင်စားတို့အတွက် ဘဏ်မှ အိမ်တိုင်ရာရောက် ထုတ်ပေးလျက်ရှိသည်။ ပင်စင်စားတို့၏ နီးစပ်ရာ ငွေပို့/ ငွေထုတ်နေရာတို့တွင် မြန်ဆန်စွာ ထုတ်ယူနိုင်ရန် ပုဂ္ဂလိက ဝန်ဆောင်မှုကိုလည်း ပေးလျက်ရှိကြောင်း သိရသည်။ လစဉ် ပင်စင်လစာကို ယင်းလအတွက် ၂၁ ရက်တွင် ထုတ်ပေးလျက်ရှိပြီး ၂၀ ရက်က ပင်စင်ရုံးရှေ့တွင် အိပ်စက်စောင့်ဆိုင်းနေသောသက်ကြီးပင်စင်စားများလည်းရှိရာ ယင်းနေ့သည် ထုတ်ယူသူ များပြားသောကြောင့် တန်းစီစောင့်ဆိုင်းရသည့် အတွက်ပင်စင်စားကြီးများ ကျန်းမာရေးထိခိုက်မှုမရှိစေရန်၊ ယင်းနေ့တွင် မိမိတို့၏ အနီးဆုံးနေရာ၌ ထုတ်ယူနိုင်ရန် ပုဂ္ဂလိကဝန်ဆောင်မှုဖြစ်သော Easy Pay ဖြင့် Myanmar Mobile Money ကိုယ်စားလှယ် ဆိုင်များတွင် MPT၊ MecTel မိုဘိုင်းဖုန်းကို အသုံးပြု ထုတ်ယူနိုင်ပြီဖြစ်သည်။ ထိုသို့ ထုတ်ယူနိုင်ရန် မြန်မာ့စီးပွားရေးဘဏ်တို့တွင် ယင်းဝန်ဆောင်မှုများဖြင့် ထုတ်ယူလိုကြောင်း လျှောက်ထားရန် လိုအပ်မည်ဖြစ်သည်။

**သစ္စာ**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၄-၃-၂၀၂၀

**ရွှေ**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၂၂၂၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၅၀၁၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၂၁၉၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၄၇၃၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၇၅၀/၈၁၅ | ကျပ် | ၈၀၅/၈၃၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၇၆၀/၈၂၅ | ကျပ် | ၈၂၀/၈၄၀ | ကျပ် |
| အောက်တိန်း ၉၂ | ၆၉၀/၇၄၀ | ကျပ် | ၇၆၅/၇၈၀ | ကျပ် |
| အောက်တိန်း ၉၅ | ၇၉၀/၈၆၀ | ကျပ် | ၈၉၅/၉၁၀ | ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၄၀၇ . ၉ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၅၇၁ . ၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၀၁၆ . ၆ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၇၉၉ . ၇ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၃၁၀ . ၆ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၉၃၀ . ၃၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၀၃ . ၁၃ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၉ . ၁၇၂ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၁၈ . ၉၂ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၃၆ . ၇၈ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၄ . ၉၃၈ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၁၅၀၀ | ၁၂၀၀၀ | ၁၇၇၄ | ၂၀၆၀၆၅၀၀ |
| MTSH | ၃၉၀၀ | ၃၉၅၀ | ၆၃၇၁ | ၂၅၀၃၇၉၅၀ |
| MCB | ၈၄၀၀ | ၀ | ၀ | ၀ |
| FPB | ၂၂၅၀၀ | ၂၂၅၀၀ | ၁၁၁၄ | ၂၉၃၉၅၀၀၀ |
| TMH | ၂၉၀၀ | ၂၉၀၀ | ၁၅ | ၄၃၅၀၀ |

(ရန်ကုန်စတော့အိတ်ချိန်းမှ ရရှိပါသည်)

ခင်ရတနာ–စုစည်းသည်။

မြန်မာ့အလင်း

စာတည်းမှူးချုပ် – အောင်နိုင်ဦး
စာတည်းမှူး – စိုးစိုးနိုင်
သတင်းထောက်ချုပ် – မြင့်ဆွေ
စာတည်းများ – ကြည်ဝင်း၊ ဝင်းကျော်၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ ခင်ရတနာ
အကြီးတန်း သတင်းထောက်များ – ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ)၊ မြတ်မွန်ထွေး၊ ဇင်ဦး၊ တင်လင်းအောင်၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်း သတင်းထောက်များ – နေဝင်းထွန်း(၂)၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် – (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် – (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

**နေပြည်တော်–စာတည်းမှူး** ၀၆၇–၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇–၃၆၁၄၅၊ **ဖက်စ်** ၀၆၇–၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ–** အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ **စာတိုက်သေတ္တာအမှတ်**–၄၀၊ **စာတည်းအဖွဲ့** ၀၁–၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁–၅၄၄၃၁၄၊ **စီမံ** ၀၁–၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁–၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁–၅၄၅၈၃၄၊ ၀၁– ၅၅၉၁၁၈၊ **Fax** ၀၁–၅၄၆၂၂၁၊ ၀၆၇–၃၆၁၄၈၊ ဖြန့်ချိရေး ၀၁–၅၄၄၃၁၇၊ **Fax** ၀၁–၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# မြန်မာနိုင်ငံ၏ ပထမဦးဆုံးသော လျှပ်စစ်ယာဉ်နည်းပညာဆိုင်ရာဖိုရမ်

**သိပ္ပံစာရေးဆရာကိုကိုအောင်**

**ပထမဆုံးအကြိမ်ကျင်းပသောဖိုရမ်**

မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ အပြည်ပြည်ဆိုင်ရာနှင့် ပြည်သူ့ဆက်ဆံရေးလုပ်ငန်းကော်မတီက ကြီးမှူးပြီး မော်တော်ယာဉ်ထုတ်လုပ်သုံးစွဲမှုဆိုင်ရာ အင်ဂျင်နီယာပညာရှင်များအသင်း(မြန်မာနိုင်ငံ) "Automotive Industrial Professional Engineer's Asso-ciation(AIPA-Myanmar)"နှင့် မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီတို့ ပူးပေါင်းလက်တွဲ၍ ပထမအကြိမ် မြန်မာ လျှပ်စစ်ယာဉ်နည်းပညာဆိုင်ရာဖိုရမ်နှင့် စားပွဲဝိုင်းဆွေးနွေးပွဲ(The 1st Myanmar Electric Vehicle(EV) Forum & Round Table Meeting with Motor Show)ကို ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ ၂၉ ရက်က မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီရုံး Func-tion Hall ၌ ကျင်းပပြုလုပ်ခဲ့သည်။

အဆိုပါဖိုရမ်သည် မြန်မာနိုင်ငံ၌ ပထမဆုံးအကြိမ်အဖြစ် ကျင်းပသော လျှပ်စစ်ယာဉ်နည်းပညာဆိုင်ရာ ဖိုရမ်ဖြစ်ပြီး ၎င်းဖိုရမ်နှင့်အတူ အသစ်စက်စက် လျှပ်စစ်ကား(Electric Vehicles)များ၊ အဆင့်မြင့် နည်းပညာသုံး အသစ်စက်စက် ခ‌တ်ဆီသုံးနှင့် ဒီဇယ်သုံးကားများကိုပါ ခင်းကျင်းပြသခဲ့သည်။ ယခုကဲ့သို့ မြန်မာ့ ပထမဦးဆုံးသော လျှပ်စစ်ယာဉ်နည်းပညာဆိုင်ရာဖိုရမ်ကို ပူးတွဲကျင်းပခြင်းမှာ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ၏ ရည်ရွယ်ချက်အချို့နှင့် မော်တော်ယာဉ်ထုတ်လုပ်သုံးစွဲမှုဆိုင်ရာ အင်ဂျင်နီယာပညာရှင်များအသင်း(မြန်မာနိုင်ငံ)၏ ရည်ရွယ်ချက်အချို့တို့မှာ ထူးခြားစွာ တိုက်ဆိုင်နေသောကြောင့်ဖြစ်သည်။

မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ၏ ရည်ရွယ်ချက်များထဲတွင် "အင်ဂျင်နီယာနည်းပညာများနှင့် သတင်းအချက်အလက်နည်းပညာများကို ပေါင်းစပ်အသုံးချလျက် နိုင်ငံတော်၏ သဘာဝသယံဇာတနှင့် လူသားအရင်းအမြစ်များကို သဘာဝပတ်ဝန်းကျင်ထိခိုက်မှုအနည်းဆုံးဖြင့် အကျိုးရှိစွာ အသုံးချနိုင်မည့် နည်းလမ်းကောင်းများ၊ သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှုနည်းလမ်းများကို ရှာဖွေဖော်ထုတ်ရန်" ဟူသော ရည်ရွယ်ချက်တစ်ရပ်ပါဝင်နေသလို မော်တော်ယာဉ် ထုတ်လုပ်သုံးစွဲမှုဆိုင်ရာ အင်ဂျင်နီယာပညာရှင်များအသင်း(မြန်မာနိုင်ငံ)၏ ရည်ရွယ်ချက်များတွင်လည်း "မော်တော်ယာဉ် တပ်ဆင်ထုတ်လုပ်ခြင်းနှင့် စက်ပစ္စည်းအစိတ်အပိုင်းများ ထုတ်လုပ်ခြင်းဆိုင်ရာ နည်းပညာနှင့် သုတေသနလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပံ့ပိုးကူညီရန်"ဟူသော ရည်ရွယ်ချက်တစ်ရပ်ပါဝင်နေသည်။



ပထမအကြိမ် မြန်မာ လျှပ်စစ်ယာဉ်နည်းပညာဆိုင်ရာဖိုရမ် ကျင်းပနေစဉ်။

**နှစ်ဦးနှစ်ဖက် အကျိုးဖြစ်ထွန်းစေ**

Electric Vehicle (EV)ခေါ် လျှပ်စစ်ယာဉ်များကို တပ်ဆင်ထုတ်လုပ်ထားသည့် နည်းပညာသည် ၎င်းနည်းပညာ၏ အဆင့်အပေါ်မူတည်ပြီး သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုအနည်းငယ်သာရှိစေခြင်း သို့တည်းမဟုတ် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိစေခြင်းဟူသော အကျိုးဆက်နှစ်ရပ်သာ ရှိနိုင်သဖြင့် အဆိုပါနည်းပညာကို ပံ့ပိုးပေးလိုသော မော်တော်ယာဉ်ထုတ်လုပ်သုံးစွဲမှုဆိုင်ရာ အင်ဂျင်နီယာပညာရှင်များအသင်း(AIPA-Myanmar)နှင့် အဆိုပါနည်းပညာမျိုးကို ရယူပြန့်ပွားစေလိုသော မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ (MEngC)တို့အတွက် နှစ်ဦးနှစ်ဖက် အကျိုးဖြစ်ထွန်းစေသည့် Win-Win Situation အနေအထားပင် ဖြစ်သည်။

အဆိုပါ အနေအထားမျိုးသည် မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ၏ အပြည်ပြည်ဆိုင်ရာနှင့် ပြည်သူ့ဆက်ဆံရေး လုပ်ငန်းကော်မတီအနေဖြင့် ၎င်း၏ မူလတာဝန်တစ်ရပ်ဖြစ်သော "မြန်မာနိုင်ငံသား အင်ဂျင်နီယာများ၊ ဘွဲ့ရ နည်းပညာကျွမ်းကျင်သူများနှင့် နည်းပညာကျွမ်းကျင်သူများအတွက် နိုင်ငံတကာအတွေ့အကြုံများ ရရှိစေမည့် ဆွေးနွေးပွဲများ၊ ကွန်ဖရင့်များ၊ သင်တန်းများ၊ လေ့လာရေးခရီးစဉ်များ၊ စာတမ်းဖတ်ပွဲများသို့ တက်ရောက်ခွင့်ရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးခြင်း"ဟူသော တာဝန်ကို ကျေပွန်စေရန်အတွက် အခွင့်အခါကောင်းဖြစ်သည်နှင့်အညီ ယခုကဲ့သို့သောဖိုရမ်ကြီးကို ခမ်းနားကြီးကျယ်စွာ ကျင်းပပေးခဲ့ခြင်းဖြစ်သည်။

**အဆင့်မြင့် နည်းပညာသုံးကားများ**

အဆိုပါ ဖိုရမ်နှင့် ဆွေးနွေးပွဲကို အားဖြည့်ထောက်ကူသောအားဖြင့် TTAS Co., က တိုယိုတာအမှတ်တံဆိပ် အသစ်စက်စက်ကားများဖြစ်ကြသည့် အဆင့်မြင့် နည်းပညာသုံး Revo Extra Cab, Revo Double Cab, Fortuner, Majesty, Innova, Corolla Altis နှင့် Rush မော်တော်ကားများကိုလည်းကောင်း၊ MSP Motors က Isuzu အမှတ်တံဆိပ် အသစ်စက်စက် ကားများဖြစ်ကြသည့် D-Max Crew Cab Type (A) နှင့် Type (B), Mu-X, Cargo Truck နှင့် Box Truck မော်တော်ကားများကိုလည်းကောင်း၊ KKS Group Limited က Electric Vehicle(EV) Model KSDV1-NE1 နှင့် Hybrid Electric Vehicle (HEV) Model KSDV1-NE2 မော်တော်ကားများကိုလည်းကောင်း တစ်တပ်တစ်အား ပါဝင်ခင်းကျင်းပြသခဲ့ကြသည်။

**ဖိုရမ်ဖွင့်ပွဲ**

ဖိုရမ်ဖွင့်ပွဲသို့ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ နာယကကြီးများ၊ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ကောင်စီဝင်များ၊ မော်တော်ယာဉ် ထုတ်လုပ်သုံးစွဲမှုဆိုင်ရာ အင်ဂျင်နီယာပညာရှင်များအသင်း(မြန်မာနိုင်ငံ)(AIPA-Myanmar) ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ နည်းပညာတက္ကသိုလ်များမှ ပါမောက္ခချုပ်နှင့် ပါမောက္ခများ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များ၊ မှတ်ပုံတင် အင်ဂျင်နီယာပညာရှင်(PE)များနှင့် မှတ်ပုံတင်အကြီးတန်းအင်ဂျင်နီယာ(RSE)များ တက်ရောက်ခဲ့ကြသည်။

**ဖိုရမ်အစီအစဉ်များ**

နံနက်ပိုင်း ဖိုရမ်အစီအစဉ်တွင် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ အပြည်ပြည်ဆိုင်ရာနှင့် ပြည်သူ့ဆက်ဆံရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ ကမ္ဘာလုံးဆိုင်ရာ လျှပ်စစ်ယာဉ်များကွန်ရက်၏ ပညာရှင်အဖွဲ့ဝင်နှင့် မော်တော်ယာဉ် ထုတ်လုပ်သုံးစွဲမှုဆိုင်ရာ အင်ဂျင်နီယာ ပညာရှင်များအသင်း (မြန်မာနိုင်ငံ) ဥက္ကဋ္ဌ Engr. ဦးကိုကိုအောင် (သိပ္ပံစာရေး ဆရာကိုကိုအောင်) က သဘာပတိအဖြစ် ဆောင်ရွက်ပြီး အငြိမ်းစားပါမောက္ခချုပ် ဒေါက်တာလှသန်းနှင့် အငြိမ်းစားပါမောက္ခ ဒေါက်တာ ခင်မောင်တင်တို့က ဒုတိယသဘာပတိများအဖြစ် ဆောင်ရွက်ခဲ့ကြသည်။

သဘာပတိ Engr. ဦးကိုကိုအောင်က Automotive Engineering Technology Improvement ခေါင်းစဉ်ဖြင့် Keynote Speech ပြောကြားပြီး ဖိုရမ် Speaker များဖြစ်ကြသော မော်တော်ယာဉ်ထုတ်လုပ်သုံးစွဲမှုဆိုင်ရာ အင်ဂျင်နီယာ ပညာရှင်များ အသင်း(မြန်မာနိုင်ငံ) ဒုတိယ ဥက္ကဋ္ဌ ဒေါက်တာနွယ်နီဝေက Automotive Coating Industry Towards EV ခေါင်းစဉ်ဖြင့်လည်းကောင်း၊ အလုပ်အမှုဆောင်အဖွဲ့ဝင် အငြိမ်းစားအင်ဂျင်နီယာမှူးကြီး Engr. ဦးကြည်ဝင်းက Fuel Cell Technology & EV ခေါင်းစဉ်ဖြင့်လည်းကောင်း၊ အလုပ်အမှုဆောင်အဖွဲ့ဝင် ပါမောက္ခချုပ် ဒေါက်တာကေသီလွင်က The Materials used in Electric Vehicle & Conventional Vehicle ခေါင်းစဉ်ဖြင့်လည်းကောင်း Presentation များ ပြုလုပ်ခဲ့သည်။

မွန်းလွဲပိုင်းတွင် ဖိုရမ် Speaker များဖြစ်ကြသော မော်တော်ယာဉ်ထုတ်လုပ်သုံးစွဲမှုဆိုင်ရာ အင်ဂျင်နီယာ ပညာရှင်များအသင်း(မြန်မာနိုင်ငံ) တွဲဖက်အတွင်းရေးမှူး အငြိမ်းစားအင်ဂျင်နီယာမှူးကြီး Engr. ဦးချစ်အောင်က Introduction to Hybrid & EV ခေါင်းစဉ်ဖြင့်လည်းကောင်း၊ အလုပ်အမှုဆောင်အဖွဲ့ဝင် အငြိမ်းစားအင်ဂျင်နီယာမှူးကြီး ဦးမင်းဦးက Electric Buses, Technology, Policy & Benefits ခေါင်းစဉ်ဖြင့် လည်းကောင်း၊ အတွင်းရေးမှူး ပါမောက္ခ ဒေါက်တာ မျိုးဇော်မင်းက Important Role of EV in the Future of Myanmar ခေါင်းစဉ်ဖြင့် လည်းကောင်း Presentation များ ပြုလုပ်ပေးခဲ့ကြသည်။

**ရှင်းလင်းဖြေကြား**

ဖိုရမ်သို့ တက်ရောက်လာသူများက သိလိုသမျှ မေးမြန်းမှုကိုလည်း သက်ဆိုင်ရာ Speaker များက ပြန်လည်ရှင်းလင်းဖြေကြားပေးခဲ့ကြသည်။ ဖိုရမ်သဘာပတိ Engr. ဦးကိုကိုအောင် (သိပ္ပံစာရေးဆရာကိုကိုအောင်)က ဖိုရမ် ဒုတိယသဘာပတိများ၊ Speaker များ၊ Coordinator များ၊ ဖိုရမ်ကျင်းပနေစဉ်အတွင်း မေတ္တာဖြင့် Medical Cover ဆောင်ရွက်ပေးသော Royal Health Care မှ ဆရာဝန်ကြီးများ၊ ဖိုရမ်ကျင်းပရေးကော်မတီဝင်များနှင့် ကားများ ပါဝင်ခင်းကျင်းပြသပေးကြသော TTAS Co., MSP Motors နှင့် KKS Group Ltd. တို့အား ဂုဏ်ပြုမှတ်တမ်းနှင့် အမှတ်တရ ဂုဏ်ပြုလက်ဆောင်များကို ပေးအပ်ခဲ့သည်။

**မှတ်တမ်းပြု**

ဖိုရမ်သဘာပတိ Engr. ဦးကိုကိုအောင် (သိပ္ပံစာရေးဆရာကိုကိုအောင်) က နိဂုံးချုပ် ကျေးဇူးတင်စကားပြောကြားပြီး ဖိုရမ်ကို ရုပ်သိမ်းခဲ့ကြောင်း ပထမအကြိမ် မြန်မာ လျှပ်စစ်ယာဉ်နည်းပညာဆိုင်ရာ ဖိုရမ်နှင့် စားပွဲဝိုင်းဆွေးနွေးပွဲ အောင်မြင်စွာ ကျင်းပနိုင်ခဲ့မှုကို မှတ်တမ်းပြုရေးသားတင်ပြလိုက်ရပါသည်။ ။

**Electric Vehicle(EV)ခေါ် လျှပ်စစ်ယာဉ်များကို တပ်ဆင်ထုတ်လုပ်ထားသည့် နည်းပညာသည် ၎င်းနည်းပညာ၏ အဆင့်အပေါ် မူတည်ပြီး သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှု အနည်းငယ်သာရှိစေခြင်း သို့တည်းမဟုတ် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိစေခြင်းဟူသော အကျိုးဆက်နှစ်ရပ်သာ ရှိနိုင်သဖြင့် အဆိုပါနည်းပညာကို ပံ့ပိုးပေးလိုသော မော်တော်ယာဉ်ထုတ်လုပ်သုံးစွဲမှုဆိုင်ရာ အင်ဂျင်နီယာပညာရှင်များအသင်း(AIPA-Myanmar)နှင့် အဆိုပါ နည်းပညာမျိုးကို ရယူပြန့်ပွားစေလိုသော မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ(MEngC)တို့အတွက် နှစ်ဦးနှစ်ဖက် အကျိုးဖြစ်ထွန်းစေသည့် Win-Win Situation အနေအထားပင် ဖြစ်သည်။**

# အခွန်အခများ ပေးဆောင်နိုင်မည့် MSP Wallet ကို မန္တလေးမြို့၌ မတ် ၁၄ ရက်တွင် စတင် အသုံးပြုနိုင်မည်

**မန္တလေး မတ် ၄**

မန္တလေးမြို့တွင် ပေးဆောင်ရမည့် အခွန်အခများကို အွန်လိုင်းမှတစ်ဆင့် ပေးဆောင်နိုင်မည့် Mandalay Smart Pay(MSP Wallet) ကို မတ် ၁၄ ရက်တွင် စတင်မိတ်ဆက်မည်ဖြစ်ပြီး ယခု မတ်လအတွက် ရေခွန်နှင့် အမှိုက်ခွန် ပြေစာများတွင်လည်း ငွေပေးချေနိုင်မည့် QR Code များ စတင်ထည့်ပေးသွားမည်ဖြစ်ကြောင်းနှင့် အီလက်ထရွန်နစ်စနစ်ဖြင့် ငွေပေးချေရန် လုပ်ငန်းဆောင်ရွက်မှုများကို ဆက်တိုက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဝင် ဦးရဲမြတ်သူထံမှ သိရသည်။

အဆိုပါ MSP Wallet ကို အသုံးပြုနိုင်ရန်အတွက် အမြဲတမ်းအသုံးပြုမည့် တယ်လီဖုန်းနံပါတ်တစ်ခုရှိရန်သာ လိုအပ်ကြောင်း၊ MSP Wallet ကို မတ် ၁၄ ရက်တွင် တရားဝင် စတင်အသုံးပြုနိုင်မည်ဖြစ်ကြောင်း၊ လောလောဆယ်တွင် Mandalay Smart Pay Application early access ကို Play Store မှ ဒေါင်းလုပ်ဆွဲ၍ ရယူနိုင်ကြောင်း၊ မတ် ၁၄ ရက်တွင် Register လုပ်ကာ MSP Application ကို မြန်မာနှင့် အင်္ဂလိပ် နှစ်ဘာသာဖြင့် အလွယ်တကူ တရားဝင် စတင်အသုံးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

အခွန်အခများ ပေးဆောင်ရန်အတွက် ယခု မတ်လတွင် ပေးချေရမည့် ရေခွန်နှင့် အမှိုက်သိမ်းဆည်းခများအတွက် နို့တစ်စာနှင့် ပြေစာများတွင် QR Code များ စတင် ထည့်ထားပြီးဖြစ်ကြောင်း၊ QR Code တွင် ပါဝင်သည့် အချက်များမှာ အခွန်ထမ်းအမည်၊ ပြေစာအမှတ်၊ နေရပ်လိပ်စာ(အိမ်အမှတ်၊ အကွက်၊ ရပ်ကွက်၊ မြို့နယ်၊ Zip Code)၊ အခွန်အခ အမျိုးအစား(အိမ်ခွန်၊ အမှိုက်သိမ်းဆည်းခ၊ ရေခွန်၊ မြေခွန်)၊ စည်းကြပ်သည့် ကာလနှင့် စည်းကြပ်ငွေစသည်ဖြင့် ပါဝင်ကြောင်း သိရသည်။

ငွေပေးချေရန်အတွက် MSP Wallet အက်ပလီကေးရှင်းထဲတွင် ငွေကို MAB ဘဏ် သို့မဟုတ် AYA ဘဏ်တို့နှင့် ချိတ်ဆက်ဖြည့်သွင်းထားရမည်ဖြစ်ပြီး QR Code ကို Scan ဖတ်၍ ငွေပေးချေလိုက်သည်နှင့်တပြိုင်နက် ပေးဆောင်လိုက်သည့်ငွေနှင့်အတူ အိမ်၏ အချက်အလက်အားလုံးသည် မန္တလေးမြို့တော် စည်ပင်သာယာရေး ကော်မတီပိုင် ရတနာပုံဘဏ်သို့ ရောက်ရှိသွားမည်ဖြစ်ကြောင်း သိရသည်။

အိမ်ရှင်များအနေဖြင့် Mandalay Smart Pay(MSP Wallet) အက်ပလီကေးရှင်းဖြင့် ပြေစာများပေါ်တွင်ပါသည့် QR Code ကို Scan ဖတ်ကာ အခွန်အခငွေပေးဆောင်မှုကို အွန်လိုင်းမှတစ်ဆင့် ၂၄ နာရီ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ တိုက်ရိုက်ပေးဆောင်မှုစနစ်ဖြစ်သဖြင့် အကြွေမရှိ၍ ပိုပေးရသည့်ကိစ္စမျိုး မရှိနိုင်သလို ပေးဆောင်သည့်အပေါ်တွင် ဝန်ဆောင်ခ နုတ်ယူမည်လည်းမဟုတ်ကြောင်း သိရသည်။

ပြည်သူများအနေဖြင့် MSP Wallet Account ဖွင့်ခြင်းနှင့် ငွေဖြည့်သွင်းခြင်း (Topup)တို့ကို ကိုယ်တိုင် မပြုလုပ်တတ်ပါက မြို့နယ်စည်ပင် အုပ်ချုပ်ရေးမှူးရုံးများ၊ AYA ဘဏ်ခွဲများ၊ ရတနာပုံဘဏ်ခွဲနှင့် အခွန်ကောက်ဝန်ထမ်းများမှတစ်ဆင့် မေးမြန်းဆောင်ရွက်နိုင်ကြောင်း သိရသည်။

MSP Wallet ကို မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီပိုင် ရတနာပုံဘဏ်နှင့် စင်ကာပူနိုင်ငံအခြေစိုက် မြန်မာနိုင်ငံသားပိုင် 2C2P ကုမ္ပဏီလီမိတက်တို့ ပူးပေါင်းအကောင်အထည်ဖော်ခြင်းဖြစ်ပြီး မြို့တော်နေ စားသုံးသူများ အပါအဝင် အစားအသောက်နှင့် ကုန်ပစ္စည်းရောင်းချသူများအတွက်ပါ အခကြေးငွေဖြတ်တောက်မှု လုံးဝမရှိသော ဖုန်းဖြင့် ငွေပေးချေနိုင်မည့်စနစ်ဖြစ်ကြောင်း၊ အဆိုပါ နည်းပညာကို 2C2P ကုမ္ပဏီလီမိတက်က မေတ္တာဖြင့် အခမဲ့ ကူညီပေးခြင်းဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် MSP Wallet ဖြင့် ငွေပေးချေမှုစနစ်ကို မန္တလေးမြို့တွင်းနေထိုင်သူများသာ စတင်အသုံးပြုနိုင်မည်ဖြစ်ကြောင်း၊ မန္တလေးမြို့၌ ငွေပေးချေမှု စနစ်တိုင်းတွင် အီလက်ထရွန်နစ်စနစ်ဖြင့် ပေးချေနိုင်ရေးအတွက် လုပ်ငန်းစဉ်များကို စတင်လုပ်ကိုင်နေပြီဖြစ်ကာ MSP Wallet ဖြင့် ငွေပေးချေမှုကို လက်ခံရာတွင် မန္တလေးမြို့တွင်းရှိ ဆိုင်များအားလုံး ပါဝင်နိုင်ရန် လုပ်ဆောင်ထားသော်လည်း ဆိုင်ရှင်များ၏ စိတ်ပါဝင်စားမှုအပေါ်တွင် မူတည်ကြောင်း သိရသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**




MSP Wallet အက်ပလီကေးရှင်းကို မိတ်ဆက်ထားသည့် ကြော်ငြာ

## ဆောင်းဒါး ရက်ကန်းနှင့်အသက်မွေးပညာသိပ္ပံ၌ မူပိုင်ခွင့်အကြောင်းသိကောင်းစရာ ဆွေးနွေး

**အမရပူရ မတ် ၄**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့ရှိ ဆောင်းဒါး ရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံကျောင်း သင်တန်းခန်းမ၌ မူပိုင်ခွင့်အကြောင်းသိကောင်းစရာ ဆွေးနွေးပွဲကို မတ် ၃ ရက်က ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် ပညာရေးဝန်ကြီးဌာန မူပိုင်ခွင့်ဌာန သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာမိုးမိုးသွယ်၊ အထည်အလိပ်လုပ်ငန်းရှင်များအသင်း(မန္တလေး)မှ ဒုတိယဥက္ကဋ္ဌ ဒေါ်မြင့်မြင့်သန်း၊ ဆောင်းဒါး ရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံမှ ကျောင်းအုပ်ကြီး ဒေါ်တင့်တင့်နှင့် မြန်မာနိုင်ငံ ကြိုးကြိုးချိတ်လုပ်ငန်းရှင်များကော်မတီဖြစ်မြောက်ရေး ဥက္ကဋ္ဌ ဦးကျော်ကျော်(ရွှေယမင်းပိုးထည်တိုက်)တို့က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာမိုးမိုးသွယ်က "မူပိုင်ခွင့်အကြောင်း သိကောင်းစရာ"များကို အသေးစိတ် ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာသူများ၏ မေးခွန်းများကို ပြန်လည်ဖြေကြားပေးသည်။ ဆက်လက်၍ နေ့လယ်ပိုင်းတွင် မူပိုင်ခွင့်ဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာနှင်းနွယ်အေးက "ရိုးရာအသိပညာနှင့် ရိုးရာယဉ်ကျေးမှု ဖော်ပြချက်အကြောင်း သိကောင်းစရာ" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ခိုင်လင်းက "စက်မှုဒီဇိုင်းမူပိုင်ခွင့်အကြောင်း သိကောင်းစရာ" ခေါင်းစဉ်ဖြင့်လည်းကောင်း ဆွေးနွေးပြီး မေးမြန်းမှုများကို ရှင်းလင်းဖြေကြားခဲ့သည်။ အဆိုပါ ဆွေးနွေးပွဲသို့ ရက်ကန်းလုပ်ငန်းရှင်များအပြင် အခြားလုပ်ငန်းအသီးသီးမှ လုပ်ငန်းရှင်များနှင့် လေ့လာသူများပါ တက်ရောက်ခဲ့ကြသည်။

**တင်မောင်(မန်းကိုယ်ပွား)**

## ဖားကန့်၌ လက်လုပ်လက်စား ကျောက်စိမ်းတူးဖော်လိုသူများအား လျှောက်လွှာများ စတင်ရောင်းချနေ

**ဖားကန့် မတ် ၄**

ကချင်ပြည်နယ် ဖားကန့်ဒေသရှိ လုံးခင်း/ဖားကန့် ရတနာနယ်မြေအတွင်း ကျောက်စိမ်းတူးဖော်ရန် လက်လုပ်လက်စားလုပ်ကွက်(အသစ်)များ လုပ်ကိုင်လိုသူများအတွက် လုပ်ကွက် လျှောက်လွှာများကို မတ် ၃ ရက်မှစ၍ မော်ဝမ်းရပ်ကွက်ရှိ စုပေါင်းရုံး၌ စိစစ်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

လုံးခင်း/ဖားကန့် ရတနာနယ်မြေအတွင်း ကျောက်မျက်ရတနာ လက်လုပ်လက်စား လုပ်ကွက်ပေါင်း ၃၇၆ ကွက်ကို အိတ်ပိတ်တင်ဒါစနစ်ဖြင့် စတင်လုပ်ကိုင်ခွင့်ချထားပေးမည်ဖြစ်ပြီး လျှောက်လွှာများကို မတ် ၁၃ ရက်အထိ ဝယ်ယူလျှောက်ထားနိုင်ကြောင်း၊ သတ်မှတ်ပုံစံအတိုင်း ဖြည့်သွင်းလျှောက်ထားသည့် လျှောက်လွှာများကို ကချင်ပြည်နယ် ကျောက်မျက်ရတနာ လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့က စိစစ်ပြီး သတ်မှတ်ချက်များနှင့်အညီ လုပ်ကိုင်ခွင့်ပြုသွားမည်ဖြစ်ကြောင်း သိရသည်။

လက်လုပ်လက်စားလုပ်ကွက် တစ်ကွက်လျှင် တစ်ဦးသာ ခွင့်ပြုမည်ဖြစ်ပြီး လျှောက်ထားသူများအနေဖြင့် အိမ်ထောင်စုဇယားပုံစံ(၆၆/၆)၊ အိမ်ထောင်စုစာရင်းနှင့် ကချင်ပြည်နယ်မှတ်ပုံတင် (၁/... ) ကိုင်ဆောင်ထားသူများ ဖြစ်ရမည့်အပြင် အိမ်ထောင်စုဇယား ပုံစံ (၆၆/၆) တစ်စောင်လျှင် လုပ်ကွက်တစ်ကွက်သာ လျှောက်ထားခွင့်ရှိပြီး အိတ်ပိတ်တင်ဒါစနစ်အရ လုပ်ငန်းလုပ်ကိုင်ရန် လုပ်ကွက်တူညီမှုများရှိပါက အခြေခံသတ်မှတ်ဈေးနှုန်းထက် စပေါ်ငွေ ပိုတင်ထားသူက အသာရမည်ဖြစ်ကြောင်း သိရသည်။

ဒေသခံဦးစားပေးစနစ်အရ မှတ်ပုံတင်(၁/...) ကိုင်ဆောင်ထားသူချင်း လျှောက်ထားမှု လုပ်ကွက်တူညီနေပါက မြစ်ကြီးနား၊ ဝိုင်းမော် မှတ်ပုံတင် ကိုင်ဆောင်သူထက် ဖားကန့်၊ ကာမိုင်း မှတ်ပုံတင် ကိုင်ဆောင်ထားသူက အသာရမည်ဖြစ်ပြီး ဆက်လက်တူညီနေပါက အခြေခံသတ်မှတ်ဈေးနှုန်းထက် စပေါ်ငွေ ပိုတင်ထားသူက အသာရမည့်ပုံစံအဖြစ် အဆင့်ဆင့် တိုင်းတာအကဲဖြတ်သွားမည်ဖြစ်ကြောင်း သိရသည်။

လက်လုပ်လက်စား လုပ်ကွက် တစ်ကွက်လျှင် ပြည်နယ်အစိုးရအဖွဲ့သို့ အခြေခံစဘော်ငွေ ကျပ်ငါးသိန်း၊ မှတ်ပုံတင်ကြေး ကျပ် ၃၀၀၀၊ လျှောက်လွှာတစ်စောင်လျှင် ကျပ် ၁၀၀၀၊ ကွင်းဆင်းစစ်ဆေးခ ကျပ် ၅၀၀၀၀ နှင့် ဒေသဖွံ့ဖြိုးရေးရန်ပုံငွေ(CSR) ကျပ်တစ်သိန်း၊ စုစုပေါင်း ကျပ် ၆၅၄၀၀၀ ပေးသွင်းရမည်ဖြစ်ပြီး လုပ်ကိုင်ခွင့်ပြုသည့် တစ်နှစ်အတွင်း လေးပင်စနစ်၊ ကိုးပင်စနစ်၊ တွင်းလုံးစနစ်၊ မျောစနစ်၊ အင်းဖြဲစနစ်နှင့် လူးလက်ကြားစနစ်တို့ကို ရေစုပ်စက်၊ လေပေးစက်၊ မီးစက်၊ ကျောက်ဖောက်စက်နှင့် ဖြိုးခါစက်များအသုံးပြု၍ လုပ်ကိုင်နိုင်မည်ဖြစ်သည်။

အခြေခံ လက်လုပ်လက်စား လျှောက်ထားသူများ၊ လုပ်ကိုင်လိုသူများ နစ်နာမှုမရှိစေရေး အတွက် အလတ်စားနှင့် အသေးစားလုပ်ကွက် လုပ်ကိုင်ခွင့်ရထားသူများ ဝင်ရောက်လျှောက်ထားခွင့်မရှိသလို ကျောက်မျက်တူးဖော်ရေး ကုမ္ပဏီတစ်ခုခုတွင် ဒါရိုက်တာအဖွဲ့ဝင်အဖြစ် ပါဝင်နေသူများကိုလည်း လျှောက်ထားခွင့်ပြုမည်မဟုတ်ကြောင်း သိရသည်။

ယခု ခွင့်ပြုချထားပေးမည့် လက်လုပ်လက်စား လုပ်ကွက်များမှာ နမ္မဖြစ်ဧရိယာအတွင်း ၈၃ ကွက်၊ မရှီကထောင်ရပ်ကွက် ဂျန်ခပ်ဧရိယာအတွင်း ၅၄ ကွက်နှင့် တာမခန်/ဟောင်ပါးဧရိယာအတွင်း ၂၃၉ ကွက်၊ စုစုပေါင်း ငုတ်တိုင်အမှတ်စိုက်ထူထားသည့် လုပ်ကွက်ပေါင်း ၃၇၆ ကွက်ဖြစ်ကြောင်း သိရသည်။

**တာလင်းမောင် (ပြန်/ဆက်)**

## မဲခေါင်ဒေသ ကျွန်းစီမံကိန်း စတင်အကောင်အထည်ဖော်ခြင်း အလုပ်ရုံဆွေးနွေးပွဲပြုလုပ်

**နေပြည်တော် မတ် ၄**

မဲခေါင်ဒေသ ကျွန်းစီမံကိန်း စတင် အကောင်အထည်ဖော်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲနှင့်အတူ ကျွန်းပင်ခန္ဓာပိုင်းမျိုးပွားခြင်း သင်တန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးမှု အထောက်အကူပြု ဝါးလက်မှု သင်တန်းများ ဖွင့်ပွဲကို နေပြည်တော် သစ်တောသုတေသနဌာန ရေဆင်း၌ မတ် ၃ ရက်က ကျင်းပခဲ့သည်။

သစ်တောဦးစီးဌာနနှင့် အပြည်ပြည်ဆိုင်ရာ အပူပိုင်းဒေသ သစ်နှင့်ပတ်သက်သော အဖွဲ့အစည်း(ITTO)တို့ ပူးပေါင်း၍ အကောင်အထည်ဖော်မည့် "မဲခေါင်ဒေသ ကျွန်းမျိုးရိုးဗီဇထိန်းသိမ်းရေး စီမံကိန်း"ကို ၂၀၂၀ ခုနှစ်မှ ၂၀၂၂ ခုနှစ်အထိ ဆောင်ရွက်မည်ဖြစ်ပြီး အဆိုပါ စီမံကိန်းသည် မြန်မာ၊ ကမ္ဘောဒီးယား၊ လာအို၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံများ ပူးပေါင်းဆောင်ရွက်သည့် စီမံကိန်းလည်းဖြစ်သည်။

စီမံကိန်းကို သဘာဝကျွန်းတောများ ပေါက်ရောက်သည့် ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင်နှင့် နေပြည်တော် ဥတ္တရခရိုင်တို့တွင် ဆောင်ရွက်သွားမည်ဖြစ်၍ စီမံကိန်း၏ ပထမဆုံး လုပ်ငန်းစဉ်တစ်ရပ်ဖြစ်သည့် အလုပ်ရုံဆွေးနွေးပွဲနှင့် ကျွန်းပင် ခန္ဓာပိုင်း မျိုးပွားခြင်းသင်တန်းကို ဖွင့်လှစ်ခြင်းဖြစ်ကာ သင်တန်းကာလ ငါးရက်ကြာ ဖွင့်လှစ်ပို့ချသွားမည်ဟု သိရသည်။

ဝါးအခြေခံ လက်မှုပညာသင်တန်းကိုမူ မတ် ၃ ရက်မှ ၁၇ ရက်အထိ ၁၅ ရက်ကြာ ဖွင့်လှစ်မည်ဖြစ်ပြီး အဆိုပါ သင်တန်းမှာ KFS REDD+ စီမံကိန်း၏ ထောက်ပံ့မှုဖြင့် ဖွင့်လှစ်သည့် ပဉ္စမအကြိမ်မြောက်သင်တန်းဖြစ်သည်။

သစ်တောဦးစီးဌာနအနေဖြင့် သစ်တောအပေါ် မှီခိုနေသည့်ကျေးလက်နေပြည်သူများ၏အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ တိုးတက်လာရန်အတွက် သစ်တောထွက်ပစ္စည်းများ အထူးသဖြင့် ဝါးကိုအခြေခံသည့် လက်မှုပညာသင်တန်းများ ဖွင့်လှစ်ပို့ချခြင်း၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောများ တည်ထောင်ခွင့်ပြုခြင်း၊ သီးနှံသစ်တောရောနှောစိုက်ပျိုးခြင်း နည်းစနစ်များ ဖွံ့ဖြိုးလာစေရန် အားပေးကူညီခြင်းနှင့် ဒေသခံပြည်သူအစုအဖွဲ့ အင်တာပရိုက်စ်(CFE)များ ဖွံ့ဖြိုးလာစေရန် ပံ့ပိုးကူညီခြင်းများကို ဆောင်ရွက်ပေးလျက်ရှိသလို ဝါးအခြေခံစက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေပြီး ပြည်ပဝင်ငွေ တိုးတက်ရန် ရည်မှန်း၍ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သန့်ဇော်**

## ပြည်တွင်းကြက်သွန်နီဈေး ပြန်လည်မြင့်တက်လာ



ရန်ကုန်မြို့ ဘုရင့်နောင်ရှိ ကြက်သွန်ပွဲရုံတစ်ရုံ

**ရန်ကုန် မတ် ၄**

ဖေဖော်ဝါရီ ၂၅ ရက်မှစ၍ ရန်ကုန်အပါအဝင် နယ်ဈေးကွက်များ၌ ကြက်သွန်နီဈေးနှုန်း ကျဆင်းနေရာမှ မတ် ၃ ရက်တွင် ဈေးနှုန်း ပြန်လည်မြင့်တက်လာသည်ဟု ဘုရင့်နောင်ပွဲရုံများမှ သိရသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တင်ပို့မှုများကြောင့် ဖေဖော်ဝါရီ ၂၀ ရက်က ဆိပ်ဖြူကြက်သွန်နီ လက်ကားဈေးမှာ တစ်ပိဿာလျှင် ကျပ် ၁၃၀၀ မှ ၁၅၅၀ အထိနှင့် မြစ်သားကြက်သွန်နီမှာ ကျပ် ၁၃၅၀ မှ ၁၈၀၀ နှုန်းအထိ ဈေးအမြင့်တွင်ရှိခဲ့ပြီး ဖေဖော်ဝါရီ ၂၅ ရက်မှစ၍ ဘင်္ဂလားဒေ့ရှ်သို့ပို့ရန် အဝယ်နည်းလာပြီး ရန်ကုန်ဈေးကွက်သို့ တင်ပို့မှုများလာခြင်းကြောင့် ဈေးကျလာခဲ့ရာ ဆိပ်ဖြူ လက်ကား တစ်ပိဿာလျှင် ကျပ် ၇၀၀ မှ ၈၀၀ နှင့် မြစ်သား တစ်ပိဿာလျှင် ကျပ် ၈၀၀ မှ ၁၀၀၀ အထိ ဈေးကျဆင်းလာခဲ့သည်။

မတ် ၂ ရက်တွင် ဘင်္ဂလားဒေ့ရှ်သို့ ပြန်လည်တင်ပို့ရန် အဝယ်ရှိလာသည့် သတင်းနှင့်အတူ နယ်ဈေးကွက်များတွင် ကြက်သွန်နီဈေးနှုန်း ပြန်တက်လာ၍ ရန်ကုန်ဈေးနှုန်းများလည်း မြင့်တက်ခဲ့ရာ မတ် ၃ ရက်တွင် ဆိပ်ဖြူ လက်ကားတစ်ပိဿာလျှင် ကျပ် ၈၀၀ မှ ၁၀၅၀ အထိနှင့် မြစ်သား ကျပ် ၁၀၅၀ မှ ၁၂၅၀ နှုန်းအထိ ရှိသည်ဟုသိရသည်။

ကမ္ဘာ့ကြက်သွန်နီတင်ပို့မှု အများဆုံးဖြစ်သော အိန္ဒိယနိုင်ငံ၌ ၂၀၁၉ ခုနှစ်က ကြက်သွန်နီအထွက်နည်း၍ ပြည်ပသို့တင်ပို့ခြင်းကို စက်တင်ဘာလလယ်က ပိတ်ပင်ခဲ့သော်လည်း ယခုမတ်လထဲတွင် အိန္ဒိယ၌ ကြက်သွန်နီ ထွက်ရှိမှု ပိုလာနိုင်ပြီး ပြည်ပသို့ ပြန်လည်တင်ပို့လာပါက မြန်မာနိုင်ငံ၌ ပြည်ပတင်ပို့ရန် ကြက်သွန်နီဝယ်ယူမှု နည်းလာကာ ဈေးများပြန်ကျမည်ကို ဆောင်းကြက်သွန်နီ စိုက်ပျိုးသူများ စိုးရိမ်နေကြောင်း သိရသည်။ **ခင်ဆိုင်**

# လူမွဲခံယူခြင်းဆိုင်ရာ ဥပဒေပြဋ္ဌာန်း

*ယမန်နေ့မှအဆက်*

( ခ ) အကြောင်းကြားစာကို နည်းဥပဒေများတွင် ပြဋ္ဌာန်းထားချက်များနှင့်အညီ မြီစားအပေါ် ချအပ်ရမည်။

( ဂ ) အကြောင်းကြားစာတွင် ဖော်ပြထားသော ကြွေးမြီပမာဏသည် အမှန်တကယ် အချိန်စေ့ရောက်သော ကြွေးမြီပမာဏထက် ကျော်လွန်နေသော်လည်း ထိုသို့ အလွဲတင်ပြသည်ဆိုသော အချက်ကြောင့် အကြောင်းကြားစာ တရားမဝင်ကြောင်း ငြင်းဆိုသည့် ပြန်ကြားစာကို မြီစားက ထိုမြီရှင်ထံသို့ ငွေပေးချေရန် သတ်မှတ်ထားသော အချိန်အတွင်း ပြန်လည်ပေးပို့ခြင်း မပြုပါက လူမွဲခံယူခြင်းဆိုင်ရာ အကြောင်းကြားစာသည် အတည်ဖြစ်သည်ဟု မှတ်ယူရမည်။

(ဃ) လူမွဲခံယူခြင်းဆိုင်ရာ အကြောင်းကြားစာတွင် ဖော်ပြတောင်းဆိုထားသော ကြွေးမြီ ပမာဏသည် အမှန်တကယ်ကျသင့်သော ပမာဏထက်ကျော်လွန်နေသည့်အပြင် ထိုမြီစားက ထိုမြီရှင်ထံသို့ ပုဒ်မခွဲ (ဂ) နှင့်အညီ အကြောင်းကြားစာပေးပို့ခဲ့ခြင်း မရှိသည့် အနေအထားတွင် ထိုကြွေးမြီကို ပေးဆပ်ရန်အတွက် ခွင့်ပြုထားသော သတ်မှတ်ကာလအတွင်း ပေးဆပ်ရမည့် ကြွေးမြီပမာဏ အမှန်အား အကြောင်းကြားစာတွင် ဖော်ပြခဲ့ပါက မြီစားအနေဖြင့် အကြောင်းကြားစာကို လိုက်နာဆောင်ရွက်ခဲ့သည်ဟု ယူဆနိုင်သော ဆောင်ရွက်ချက်များကို ငွေပေးချေရန် သတ်မှတ်ကာလအတွင်း ပြုလုပ်ခဲ့လျှင် မြီစားသည် ယင်းအကြောင်းကြားစာအား လိုက်နာဆောင်ရွက်ခဲ့ပြီး ဖြစ်သည်ဟု မှတ်ယူနိုင်သည်။

( င ) သတ်မှတ်ချက်များနှင့်အညီ ပေးပို့သောအကြောင်းကြားစာကို သတ်မှတ်ကာလ ကုန်ဆုံးခြင်းမရှိမီ ပယ်ဖျက်ပေးရန် လျှောက်ထားလာသည့်အခါ တရားရုံးသည် ထိုအကြောင်းကြားစာကို လိုက်နာဆောင်ရွက်ရန်အတွက် အချိန်ကို တိုးချဲ့ သတ်မှတ်ပေးနိုင်သည်။

( စ ) သတ်မှတ်ချက်များနှင့်အညီပေးပို့သော အကြောင်းကြားစာကို သတ်မှတ်ကာလ မကုန်ဆုံးမီ ပြန်လှန်တောင်းဆိုမှု သို့မဟုတ် ခုနှိမ်မှု သို့မဟုတ် အပြန်အလှန်စွဲဆိုမှု ရှိကြောင်း အကြောင်းပြချက်ဖြင့် ထိုအကြောင်းကြားစာကို ပယ်ဖျက်ပေးရန် မြီစားက တရားရုံးသို့ လျှောက်ထားခဲ့ပြီး ထိုသတ်မှတ်ကာလ မကုန်ဆုံးမီအတွင်း ယင်းပြန်လှန်တောင်းဆိုမှု သို့မဟုတ် ခုနှိမ်မှု သို့မဟုတ် အပြန်အလှန်စွဲဆိုမှုတစ်ရပ်နှင့်စပ်လျဉ်း၍ တရားရုံးက ဆုံးဖြတ်ခြင်းမပြုသေးသည့်အခါ သတ်မှတ်ထားသောကာလအပါအဝင် တရားရုံးမှ ဆုံးဖြတ်ချက်ချမှတ်ပေးသည့် နေ့ရက်အထိ တိုးချဲ့သတ်မှတ်ပေးသည်ဟု မှတ်ယူရမည်။

**အာမခံအကျိုးခံစားခွင့်ရှိသော ကြွေးမြီ**

၂၅၁။ (က) အောက်ပါအခြေအနေတစ်ရပ်ရပ်တွင် မြီရှင်၏ လျှောက်လွှာပါ ကြွေးမြီ သို့မဟုတ် ကြွေးမြီများအနက် တစ်ရပ်ရပ်သည် အာမခံအကျိုးခံစားခွင့်ရှိသော ကြွေးမြီဖြစ်သည်ဟု မမှတ်ယူရ–

(၁) လူမွဲအဖြစ်ခံယူစေသည့်အမိန့်ချမှတ်သည့်ကိစ္စ၌ အာမခံအကျိုးခံစားခွင့်ရ မြီရှင်က ၎င်း၏အာမခံအကျိုးခံစားခွင့်ကို အခြားမြီရှင်များအားလုံး၏ အကျိုးအတွက် စွန့်လွှတ်ရန် ဆန္ဒရှိကြောင်း ဖော်ပြချက်ပါဝင်သည့် လျှောက်လွှာဖြစ်ခြင်း၊

(၂) ကြွေးမြီတစ်ရပ်၏ အာမခံအကျိုးခံစားခွင့်ရှိသော အစိတ်အပိုင်းနှင့်စပ်လျဉ်း၍ တောင်းခံခြင်း မဟုတ်ကြောင်း ဖော်ပြထားသည့်အပြင် ထိုကြွေးမြီ၏ အာမခံအကျိုးခံစားခွင့်ရှိသော အစိတ်အပိုင်းအတွက် ပေးထားသော အာမခံနှင့်စပ်လျဉ်း၍ လျှောက်လွှာတင်သွင်းသည့် နေ့ရက်၌ရှိသော ခန့်မှန်းခြေတန်ဖိုးနှင့်စပ်လျဉ်း၍ ထိုသူက ပြုလုပ်သော ဖော်ပြချက်ပါရှိသည့် လျှောက်လွှာဖြစ်ခြင်း။

( ခ ) ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် (၂) တွင် အကျုံးဝင်သောကိစ္စ၌ ကြွေးမြီတစ်ရပ်၏ အာမခံ အကျိုးခံစားခွင့်ရှိသော ကြွေးမြီအစိတ်အပိုင်းနှင့် အာမခံအကျိုးခံစားခွင့်မရှိသော ကြွေးမြီအစိတ်အပိုင်းများသည် ဤဥပဒေပုဒ်မ ၂၄၈ မှ ၂၅၀ ပါပြဋ္ဌာန်းချက်များအလို့ငှာ သီးခြားကြွေးမြီများအဖြစ် မှတ်ယူရမည်။

**ဆောလျင်စွာ လျှောက်ထားခြင်း**

၂၅၂။ အကြောင်းကြားစာ ပေးပို့တောင်းခံခဲ့သော ကြွေးမြီနှင့်စပ်လျဉ်း၍ ယင်းကြွေးမြီအားလုံးကို သို့မဟုတ် တစ်စိတ်တစ်ပိုင်းကို တောင်းဆိုရန် မြီရှင်တစ်ဦးက လူမွဲအဖြစ်ခံယူစေသည့်အမိန့်ချမှတ်ပေးရန် လျှောက်လွှာတင်သွင်းသည့်ကိစ္စတွင် မြီစားပိုင်ပစ္စည်း သို့မဟုတ် ၎င်းပိုင်ပစ္စည်းများအနက်မှ ပစ္စည်းတစ်ရပ်၏တန်ဖိုးသည် သတ်မှတ်ကာလအတွင်း၌ သိသာစွာ လျော့နည်းသွားရန် အမှန်တကယ် အလားအလာရှိကြောင်း လျှောက်လွှာတွင် ဖော်ပြပါရှိလျှင် သတ်မှတ်ကာလ ၂၁ ရက် မကုန်ဆုံးမီအတွင်း ထိုလျှောက်ထားချက်ကို တင်သွင်းနိုင်သည်။

**မြီရှင်၏ လျှောက်လွှာနှင့်စပ်လျဉ်း၍ ဆောင်ရွက်သည့်မှုခင်း**

၂၅၃။ (က) ဤပုဒ်မအရ တရားရုံးသို့ တင်သွင်းသည့် မြီရှင်၏လျှောက်လွှာကို နည်းဥပဒေများတွင် သတ်မှတ်ထားသော ပုံစံအတိုင်း တင်သွင်းရမည်ဖြစ်ပြီး သတ်မှတ်ထားသည့် ရုံးခွန်ကိုလည်း ထမ်းဆောင်ရမည်။

( ခ ) လျှောက်လွှာတွင် ပုဒ်မ ၂၄၈ ပုဒ်မခွဲ (ခ) ပုဒ်မခွဲငယ် (၁)ပါ ပြဋ္ဌာန်းချက်များအလို့ငှာ သတ်မှတ်ထားသော ပမာဏထက် ကျော်လွန်နေသော ကြွေးမြီကို မြီစားက ပေးဆပ်ရန်ရှိကြောင်း ဖော်ပြချက်ကို လျှောက်ထားသည့် မြီရှင် သို့မဟုတ် ကိုယ်စားလှယ်၏ ကျမ်းကျိန်ချက်ဖြင့် တင်ပြရမည်။

( ဂ ) အကြောင်းကြားစာကို မြီစားက လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခဲ့သည့်အတွက် လျှောက်လွှာတင်သွင်းသည့်အခါ ထိုလျှောက်လွှာနှင့်အတူ အကြောင်းကြားစာကို နည်းလမ်းတကျ ချအပ်ခဲ့ကြောင်းနှင့် မြီစားက လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခဲ့ကြောင်း သက်သေခံချက်များ ပူးတွဲပါရှိရမည်။

(ဃ) အပိုင်း (၆) လုပ်ငန်း ပြန်လည်ထူထောင်ရေးအစီအစဉ် သို့မဟုတ် မိမိဆန္ဒအလျောက် အစီအစဉ်တစ်ရပ်ရပ်အရ ဆောင်ရွက်ရမည့် မြီစား၏လုပ်ငန်းတာဝန်များကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သည့်အတွက် လူမွဲအဖြစ်ခံယူစေသည့် အမိန့်ချမှတ်ပေးရန် လျှောက်လွှာကို တင်သွင်းသည့်အခါ လျှောက်လွှာနှင့်အတူ မြီစားမှ မည်သို့မည်ပုံ ပျက်ကွက်ခဲ့ကြောင်း အသေးစိတ်ဖော်ပြချက်အား ထည့်သွင်းဖော်ပြရမည်။

( င ) တရားရုံးမှ ထိုလျှောက်လွှာအပေါ် ကြားနာရန်အတွက် ရုံးချိန်းပေးသည့်နေ့ရက်မတိုင်မီ အနည်းဆုံး အလုပ်လုပ်ကိုင်ရက် ၅ ရက်ကြိုတင်၍ နည်းဥပဒေများဖြင့်သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ တရားရုံးသို့ ဤပုဒ်မအရ လျှောက်ထားခဲ့သည့် လျှောက်လွှာအား မှန်ကန်ကြောင်း ကျမ်းကျိန်လွှာမိတ္တူ၊ ပုဒ်မ ၂၅၀ အရ အကြောင်းကြားစာတို့နှင့်အတူ မြီစားထံသို့ ပေးပို့ရမည်။

( စ ) တင်သွင်းသည့်လျှောက်လွှာပါ ကြွေးမြီသည် အောက်ပါကြွေးမြီ တစ်ရပ်ရပ်ဖြစ်ကြောင်း ယုံကြည်ရန်အကြောင်းရှိမှသာလျှင် တရားရုံးသည် လူမွဲအဖြစ်ခံယူစေသည့် အမိန့်ချမှတ်ရမည် –

(၁) ထိုကြွေးမြီသည် လျှောက်လွှာတင်သွင်းသောနေ့တွင် ပေးဆပ်ရန်ရှိသည့် ကြွေးမြီကိုပေးဆပ်ခြင်း သို့မဟုတ် အာမခံတင်သွင်းခြင်း သို့မဟုတ် ညှိနှိုင်းခြင်းမပြုသည့် ကြွေးမြီ ဖြစ်ခြင်း၊

(၂) ပြန်လည်ပေးဆပ်ရန် အချိန်ကျရောက်သော်လည်း ထိုမြီစားအနေဖြင့် ယင်းကို ပြန်လည်ပေးဆပ်ရန် ကျိုးကြောင်းဆီလျော်သော အလားအလာမရှိသည့် ကြွေးမြီဖြစ်ခြင်း။

(ဆ) ပုဒ်မ ၂၄၈ အရ လျှောက်ထားသည့်ကိစ္စတွင် တရားရုံးသည် အကြောင်းကြားစာ ချအပ်သည့်နေ့မှ ၂၁ ရက် မကုန်ဆုံးမီ အချိန်ကာလအတွင်း လူမွဲအဖြစ်ခံယူစေသည့် အမိန့်ချမှတ်ခြင်း မပြုရ။

( ဇ ) မြီစားအနေဖြင့် ၎င်း၏ကြွေးမြီများကို ပြန်လည်ပေးဆပ်လိမ့်မည်ဖြစ်ကြောင်း ကျေနပ်မှုရှိလျှင် သို့မဟုတ် အောက်ပါအခြေအနေများနှင့် ကိုက်ညီကြောင်း ယုံကြည်ကျေနပ်လျှင် တရားရုံးသည် လျှောက်ထားလာသည့် လူမွဲခံယူခြင်းဆိုင်ရာ လျှောက်လွှာကို ပလပ်နိုင်သည်–

(၁) လျှောက်လွှာတွင်ဖော်ပြထားသည့် ကြွေးမြီအတွက် အာမခံချက်ပေးခြင်း သို့မဟုတ် ညှိနှိုင်းခြင်းပြုရန်အတွက် မြီစားသည် ကမ်းလှမ်းချက်တစ်ရပ်ကို ပြုလုပ်ခဲ့ခြင်း၊

(၂) အထက်ပါကမ်းလှမ်းချက်ကို တစ်ဖက်မှသဘောတူလက်ခံခဲ့သဖြင့် လျှောက်ထားမှုကို ပယ်ဖျက်ရန် အမှန်တကယ် လိုအပ်ခြင်း၊

(၃) ထိုကမ်းလှမ်းချက်ကို ကျိုးကြောင်းဆီလျော်မှုမရှိဘဲ မြီရှင်က ငြင်းပယ်ခဲ့ခြင်း။

သို့ရာတွင် တရားရုံးသည် ဤပုဒ်မခွဲပါ ပြဋ္ဌာန်းချက်များအလို့ငှာ မြီစားမှ ၎င်း၏ ကြွေးမြီကို ပြန်လည်ပေးဆပ်လိမ့်မည် ဟုတ် မဟုတ် သုံးသပ်ရာ၌ မြီစားထံတွင် တည်ရှိနေဆဲဖြစ်သော ကြွေးမြီများနှင့် ပေါ်ပေါက်လာမည့် တာဝန်ရှိမှုများကိုလည်း ထည့်သွင်းစဉ်းစားရမည်။

**မြီစားသည် မိုက်ခရို၊ အသေးစားနှင့် အလတ်စားလုပ်ငန်းဖြစ်လျှင်**

၂၅၄။ (က) လျှောက်ထားခံရသူမြီစားသည် မိုက်ခရို၊ အသေးစားနှင့် အလတ်စားလုပ်ငန်းတစ်ရပ်အား မိမိတစ်ဦးတည်းပိုင်အဖြစ် ဖြစ်စေ၊ အခြားသူများနှင့် အစုစပ်လုပ်ငန်းအဖြစ်ဖြစ်စေ လုပ်ကိုင်သော လုပ်ငန်းရှင်ဖြစ်ကြောင်းပေါ်ပေါက်လျှင် တရားရုံးသည် ယင်းလုပ်ငန်းနှင့်စပ်လျဉ်း၍ အပိုင်း (၆) လုပ်ငန်းစဉ်တစ်ရပ် စတင်ရန်အတွက် အမိန့်ချမှတ်နိုင်သည်။

( ခ ) ဤပုဒ်မအရ လျှောက်ထားမှုတစ်ရပ်ကို မြီစားကိုယ်တိုင်ဖြစ်စေ၊ မိုက်ခရို၊ အသေးစားနှင့် အလတ်စား လုပ်ငန်းရှင်တစ်ဦး သို့မဟုတ် တစ်ဦးထက်ပိုသောသူများမှဖြစ်စေ၊ မြီရှင်တစ်ဦး သို့မဟုတ် တစ်ဦးထက်ပိုသူများကဖြစ်စေ တရားရုံးသို့ လျှောက်ထားနိုင်သည့်အပြင် တရားရုံးအနေဖြင့်လည်း သင့်သည် ထင်မြင်သည့် အမိန့်တစ်ရပ်ရပ် ချမှတ်နိုင်သည်။

( ဂ ) တရားရုံးသည် ပုဒ်မခွဲ(က) အရ အောက်ပါအမိန့်တစ်ရပ်ရပ် ချမှတ်ရမည် –

(၁) အပိုင်း(၆) လုပ်ငန်းစဉ်အရ ဆောင်ရွက်ရန်ရှိသည်များကို ဆောင်ရွက်နေစဉ်ကာလအတွင်းဖြစ်လျှင် ထိုမြီရှင်၏ လျှောက်ထားချက်ကို ရွှေ့ဆိုင်းသည့်အမိန့်၊

(၂) မြီရှင်၏ လျှောက်ထားချက်ကို ပလပ်သည့်အမိန့်။

**မြီရှင်၏လျှောက်ထားချက်အရ ယုံမှတ်အပ်နှံခြင်းခံရသူ သို့မဟုတ် တရားဝင် ပစ္စည်းထိန်းကို ခန့်အပ်ခြင်း**

၂၅၅။ (က) မြီရှင်၏လျှောက်ထားမှုကြောင့် လူမွဲအဖြစ်ခံယူစေရန် အမိန့်ကို ချမှတ်ရာတွင် လူမွဲပိုင်ပစ္စည်းများနှင့်စပ်လျဉ်း၍ ယုံမှတ်အပ်နှံခြင်းခံရသူအဖြစ် တရားရုံးသည် တရားဝင် ပစ္စည်းထိန်းကို ဖြစ်စေ၊ ဤဥပဒေအပိုင်း (၃) အရ သတ်မှတ်ထားသော အရည်အချင်းရှိသည့် လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူကိုဖြစ်စေ ခန့်အပ်ရမည်။

( ခ ) ပုဒ်မခွဲ (က) အရ ခန့်အပ်ခြင်းခံရသူသည် (တရားဝင်ပစ္စည်းထိန်းမှလွဲ၍) ထိုသို့ခန့်ထားခြင်းကို လက်ခံကြောင်း စာဖြင့်ရေးသား သဘောတူရမည်ဖြစ်ပြီး ယင်းသို့ သဘောတူကြောင်းကို တရားရုံးသို့ တင်ပြရမည်။ ထိုသို့ခန့်ထားခြင်းကို သဘောတူကြောင်း စာဖြင့်ရေးသား တင်ပြခြင်းမရှိလျှင် တရားရုံးသည် တရားဝင်ပစ္စည်းထိန်းအား ပုဒ်မ ၂၅၆ တွင် ပြဋ္ဌာန်းထားသည့်အတိုင်း မြီရှင်များအစည်းအဝေးကို ခေါ်ယူကျင်းပနိုင်ရန်အတွက် ယာယီပစ္စည်းထိန်းအဖြစ် ခန့်အပ်ရမည်။

( ဂ ) ထိုအမိန့်ကို ချမှတ်ခြင်းမပြုမီ အပိုင်း(၆) လုပ်ငန်းစဉ်ကို လုပ်ဆောင်နေသော လုပ်ငန်းတစ်ရပ်၏ လုပ်ငန်းရှင်တစ်ဦးနှင့် ပတ်သက်၍ လူမွဲအဖြစ်ခံယူစေရန် အမိန့်ကိုချမှတ်ရာတွင် တရားရုံးသည် ပြန်လည်ထူထောင်ရေးအကြံပေးကို လူမွဲပိုင်ပစ္စည်းများနှင့် စပ်လျဉ်း၍ ယုံမှတ်အပ်နှံခြင်းခံရသူအဖြစ် ပြောင်းလဲခန့်အပ်နိုင်သည်။ သို့ရာတွင် ထိုသူ၏သဘောတူညီချက် ရယူခြင်းမပြုဘဲ ခန့်အပ်ခြင်း မပြုရ။

**တရားဝင်ပစ္စည်းထိန်းအဖြစ် ခန့်အပ်ခြင်း**

၂၅၆။ (က) တရားရုံးမှ တရားဝင်ပစ္စည်းထိန်းအား ပုဒ်မ ၂၅၅ အရ ယာယီပစ္စည်းထိန်းအဖြစ်ခန့်အပ်ခဲ့လျှင် ၎င်းသည် အောက်ပါကိစ္စတစ်ရပ်ရပ်အလို့ငှာ မြီရှင်များ အစည်းအဝေးတစ်ရပ်ကို ခေါ်ယူကျင်းပရမည်–

(၁) တရားဝင်ပစ္စည်းထိန်း၏နေရာတွင် လူမွဲပိုင်ပစ္စည်းများနှင့်စပ်လျဉ်း၍ ယုံမှတ်အပ်နှံခြင်းခံရသူအဖြစ် ဆောင်ရွက်ရန် အပိုင်း (၃) ပါ လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူအဖြစ် အရည်အချင်းရှိသော လူတစ်ဦးကို ရွေးချယ်ခြင်း၊

(၂) ထိုတရားဝင်ပစ္စည်းထိန်းအား ယုံမှတ်အပ်နှံခြင်းခံရသူအဖြစ် ခန့်အပ်ခြင်း။

( ခ ) လူမွဲအဖြစ်ခံယူစေသည့်အမိန့် ချမှတ်သည့်နေ့မှ ၂၁ ရက်ထက် နောက်မကျစေဘဲ ပုဒ်မခွဲ (က) အရ မြီရှင်များ အစည်းအဝေးကို ကျင်းပရန် ဆင့်ခေါ်ရမည်။

( ဂ ) ပုဒ်မခွဲ (က) အရ မြီရှင်များအစည်းအဝေးကျင်းပရန် အောက်ပါအတိုင်း ဆောင်ရွက်ရမည် –

(၁) ထိုအစည်းအဝေးကျင်းပမည့် နေ့ရက်မတိုင်မီ အလုပ်လုပ်ကိုင်ရက် ၅ ရက်ထက် နောက်မကျစေဘဲ မြီရှင်များထံသို့ စာဖြင့်ရေးသား၍ နည်းဥပဒေများဖြင့် သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ အကြောင်းကြားခြင်း၊

(၂) နည်းဥပဒေများဖြင့် သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ ကြေညာခြင်း၊

(၃) နည်းဥပဒေများဖြင့် သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ အစည်းအဝေးကို ကျင်းပခြင်း။

(ဃ) ပုဒ်မခွဲ (က) အရ မြီရှင်များအစည်းအဝေးကို ကျင်းပခြင်းမပြုမီ မည်သည့်အချိန်တွင်မဆို လူမွဲပိုင်ပစ္စည်းများနှင့်စပ်လျဉ်း၍ တရားဝင်ပစ္စည်းထိန်းသည် ယုံမှတ်အပ်နှံခြင်းခံရသူအဖြစ် ဆက်လက်ဆောင်ရွက်နိုင်သည်။

( င ) ဤပုဒ်မအရခန့်အပ်ခြင်းခံရသော တရားဝင်ပစ္စည်းထိန်းသည် လူမွဲပိုင်ပစ္စည်းများ၏ ယုံမှတ်အပ်နှံခြင်းခံရသူအဖြစ် ဆက်လက်ဆောင်ရွက်သည့်အခါ–

(၁) ပုဒ်မခွဲ (က) မှ (ဃ) အထိပါ ပြဋ္ဌာန်းချက်များသည် သက်ဆိုင်ခြင်းမရှိစေရ၊

(၂) တရားရုံးမှခန့်အပ်သည့် ယုံမှတ်အပ်နှံခြင်းခံရသူတစ်ဦးကဲ့သို့ ၎င်းသည် ပုဒ်မ ၂၆၄ ပါ ပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်ရမည်။

( စ ) တရားဝင်ပစ္စည်းထိန်းသည် ဤပုဒ်မအရခန့်အပ်ခြင်းခံရသော လူမွဲပိုင်ပစ္စည်းများ၏ ယုံမှတ်အပ်နှံခြင်းခံရသူအဖြစ် ဆောင်ရွက်သည့်အခါ ၎င်းအား ဤအပိုင်းအရခန့်ထားသည့် ယုံမှတ်အပ်နှံခြင်းခံရသူအဖြစ် မှတ်ယူရမည်။

## မြီစားက လျှောက်ထားခြင်း

**မြီစား၏ လျှောက်လွှာ**

၂၅၇။ (က) မြီစားသည် ကြွေးမြီကို ပြန်လည်ပေးဆပ်နိုင်ခြင်းမရှိပါက ဤဥပဒေပုဒ်မ ၂၄၅ ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် (၂) အရ လူမွဲအဖြစ်ခံယူစေသည့် အမိန့်ချမှတ်ပေးရန် တရားရုံးသို့ လျှောက်လွှာကို တင်သွင်းနိုင်သည်။ *စာမျက်နှာ ၂၁ သို့*

*စာမျက်နှာ ၂၀ မှ*

( ခ ) ပုဒ်မခွဲ (က) အရ တင်သွင်းသည့်လျှောက်လွှာကို သတ်မှတ်ထားသည့်ပုံစံအတိုင်း လျှောက်လွှာတင်သွင်းရမည်ဖြစ်ပြီး သတ်မှတ်ထားသော ရုံးခွန်တော်ကိုလည်း ထမ်းဆောင်ရမည်။

( ဂ ) ပုဒ်မခွဲ (က) အရ တင်သွင်းသည့် လျှောက်လွှာနှင့်အတူ သတ်မှတ်ထားသည့်အတိုင်း မြီစားသည် မိမိ၏ ငွေရေးကြေးရေးအခြေအနေနှင့် မြီရှင်များ၏ အချက်အလက်များ အပါအဝင် လုပ်ငန်းအခြေအနေများကို ဖော်ပြသည့် လုပ်ငန်းကိစ္စများနှင့်စပ်လျဉ်းသည့် ထုတ်ဖော်ကြေညာချက်တစ်ရပ်ကို ပူးတွဲတင်ပြရမည်။

(ဃ) မြီစား၏လျှောက်လွှာပါအချက်အလက်များနှင့် ပူးတွဲတင်ပြထားသော ထုတ်ဖော်ကြေညာချက်တွင်ပါရှိသော အချက်အလက်များသည် မှန်ကန်ကြောင်း ကျမ်းကျိန်လွှာဖြင့် ပူးတွဲတင်ပြရမည်။

**မြီစားက လျှောက်ထားနိုင်သည့်အကြောင်းအချက်များ**

၂၅၈။ ကြွေးမြီများကို ပြန်လည်ပေးဆပ်နိုင်ခြင်းမရှိကြောင်း အကြောင်းပြချက်ဖြင့်သာ မြီစားသည် တရားရုံးသို့ တင်ပြလျှောက်ထားနိုင်သည်။

**လျှောက်လွှာအပေါ် အရေးယူဆောင်ရွက်ခြင်း**

၂၅၉။ လျှောက်လွှာအပေါ် ကြားနာပြီးနောက် အောက်ပါအခြေအနေ တစ်ရပ်ရပ်ရှိကြောင်း ပေါ်ပေါက်လျှင် တရားရုံးသည် မြီစားအား လူမွဲအဖြစ်ခံယူစေရန် အမိန့်ချမှတ်ခြင်း မပြုရ–

(က) မြီစားမှပေးရန်ရှိသော ကြွေးမြီသည် အာမခံအကျိုးခံစားခွင့်မရှိသော ကြွေးမြီဖြစ်သည့်အပြင် ထိုကြွေးမြီစုစုပေါင်းသည် ပုဒ်မ ၂၄၈ ပုဒ်မခွဲ ( ခ ) ပုဒ်မခွဲငယ် (၁) အလို့ငှာ သတ်မှတ်ထားသော ပမာဏထက် လျော့နည်းနေခြင်း၊

( ခ ) လူမွဲပိုင်ပစ္စည်းများ၏ တန်ဖိုးသည် နည်းဥပဒေများဖြင့် ပြဋ္ဌာန်းသတ်မှတ်ထားသည့် ပမာဏနှင့်ညီမျှသော သို့မဟုတ် ပိုမိုသော ပမာဏရှိခြင်း၊

( ဂ ) ဤလျှောက်လွှာကို တင်သွင်းသည့်နေ့မှစ၍ လွန်ခဲ့သည့် ငါးနှစ်တာကာလအတွင်း မြီစားသည် လူမွဲအဖြစ်ခံယူစေရန် အမိန့်ချမှတ်ခံရဖူးခြင်းမရှိသည့်အပြင် ကြွေးမြီများပေးဆပ်ရန် ၎င်း၏ မြီရှင်များနှင့် ညှိနှိုင်းသဘောတူညီချက် ရယူဆောင်ရွက်ခဲ့မှု မရှိခဲ့ဖူးခြင်း၊

(ဃ) မြီစားသည် မိုက်ခရို၊ အသေးစားနှင့် အလတ်စား လုပ်ငန်းတစ်ခု၏ ပိုင်ရှင်တစ်ဦးဖြစ်ပြီး ဤဥပဒေ၏ အပိုင်း (၆) အရ လုပ်ငန်းစဉ်မှာ ပြီးပြတ်မှုမရှိသေးခြင်း။

**ယုံမှတ်အပ်နှံခြင်းခံရသူ သို့မဟုတ် တရားဝင်ပစ္စည်းထိန်းခန့်အပ်ခြင်း**

၂၆၀။ (က) တရားရုံးသည် မြီစားတစ်ဦး၏လျှောက်ထားချက်အရ လူမွဲအဖြစ်ခံယူစေရန် အမိန့်ချမှတ်ရာတွင် တရားဝင်ပစ္စည်းထိန်း သို့မဟုတ် အပိုင်း (၃) အရ လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူအဖြစ် ဆောင်ရွက်ရန် အရည်အချင်းရှိသူတစ်ဦးအား ထိုလူမွဲပိုင်ပစ္စည်းများ နှင့်စပ်လျဉ်း၍ ယုံမှတ်အပ်နှံခြင်းခံရသူအဖြစ် ခန့်ထားရမည်။

( ခ ) ပုဒ်မခွဲ(က) အရ ခန့်အပ်ခြင်းခံရသူသည် (တရားဝင်ပစ္စည်းထိန်းမှလွဲ၍) ထိုသို့ခန့်ထားခြင်းကို လက်ခံကြောင်း စာဖြင့်ရေးသားသဘောတူရမည်ဖြစ်ပြီး ယင်းသို့သဘောတူကြောင်းကို တရားရုံးသို့ တင်ပြရမည်။ ထိုသို့ခန့်ထားခြင်းကို သဘောတူကြောင်း စာဖြင့်ရေးသား တင်ပြခြင်းမရှိလျှင် တရားရုံးသည် တရားဝင်ပစ္စည်းထိန်းအား အောက်ပါပုဒ်မခွဲများတွင် ပြဋ္ဌာန်းထားသည့်အတိုင်း မြီရှင်များအစည်းအဝေးကို ခေါ်ယူကျင်းပနိုင်ရန်အတွက် ယာယီပစ္စည်းထိန်းအဖြစ် ခန့်အပ်ရမည်။

( ဂ ) ပုဒ်မခွဲ ( ခ ) အရ ခန့်ထားခြင်းမပြုမီ အပိုင်း (၆) လုပ်ငန်းစဉ်ကို လုပ်ဆောင်နေသော လုပ်ငန်း၏ လုပ်ငန်းရှင်တစ်ဦးနှင့် ပတ်သက်၍ လူမွဲအဖြစ်ခံယူစေရန် အမိန့်ကိုချမှတ်ရာတွင် တရားရုံးသည် ပြန်လည်ထူထောင်ရေးအကြံပေးကို လူမွဲပိုင်ပစ္စည်းများနှင့်စပ်လျဉ်း၍ ယုံမှတ်အပ်နှံခြင်းခံရသူအဖြစ် ပြောင်းလဲခန့်အပ်နိုင်သည်။

(ဃ) ဤပုဒ်မအရ တရားဝင်ပစ္စည်းထိန်းကို ခန့်အပ်သည့်အခါ ပုဒ်မ ၂၅၆ သည် သက်ဆိုင်စေရမည်။

**မိုက်ခရို၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများ မဟုတ်သော မြီစားများ**

**မိုက်ခရို၊ အသေးစားနှင့် အလတ်စားလုပ်ငန်းမဟုတ်သော မြီစားများနှင့် ပတ်သက်၍ လျှောက်ထားမှုများ**

၂၆၁။ (က) မိုက်ခရို၊ အသေးစားနှင့် အလတ်စားလုပ်ငန်းတစ်ရပ်မဟုတ်သူ မြီစားတစ်ဦးနှင့် ပတ်သက်၍ တရားရုံးသို့ လူမွဲအဖြစ်ခံယူစေသည့် အမိန့်ချမှတ်ပေးရန် လျှောက်လွှာတင်သွင်းလျှင် တရားရုံးသည် အောက်ပါအမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည်–

(၁) မြီစားအနေဖြင့် ငွေကြေးဆိုင်ရာ တိုင်ပင်ဆွေးနွေးမှု ခံယူစေသည့်အမိန့်၊

(၂) အပိုင်း (၃) အရ လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူတစ်ဦးအဖြစ် ဆောင်ရွက်ရန် အရည်အချင်းရှိသူ သို့မဟုတ် တရားဝင်ပစ္စည်းထိန်းအား ဤအပိုင်း၏ အခန်း(၁) အရ အဆိုပြုခံရသူအဖြစ် ခန့်အပ်ရန်နှင့် ဤအပိုင်းအရ သင့်တော်သည်ဟု ထင်မြင်ယူဆသော အခြားအမိန့်၊

(၃) ပုဒ်မ ၂၆၂ အရ မြီစားအား မြီရှင်များနှင့် စေ့စပ်ဖျန်ဖြေစေသည့် အမိန့်။

( ခ ) တရားရုံးသည် ပုဒ်မခွဲ (က) အရ အမိန့်တစ်ရပ်ချမှတ်သည့်အခါ သင့်သည်ဟု ထင်မြင်လျှင် ထိုလျှောက်ထားချက်ကို ရွှေ့ဆိုင်းခြင်း သို့မဟုတ် မြီရှင်၏လျှောက်ထားချက်ကို ပလပ်ခြင်း ပြုနိုင်သည်။

**စေ့စပ်ဖျန်ဖြေသူအား ခန့်အပ်ခြင်း**

၂၆၂။ မြီစားသည် ကြွေးမြီကို ပြန်လည်ပေးဆပ်နိုင်ခြင်း မရှိကြောင်း သို့မဟုတ် ပြန်လည်ပေးဆပ်နိုင်တန်ရာအကြောင်း မရှိကြောင်း မိမိကိုယ်မိမိ ထင်မြင်ယူဆသည့်အခါ စေ့စပ်ဖျန်ဖြေသူအား ခန့်အပ်၍ အောက်ပါကိစ္စတစ်ရပ်ရပ်ကို ဆောင်ရွက်စေနိုင်သည် –

(က) မြီစားက ပေးဆပ်ရန် ပေါ်ပေါက်နေသော ကြွေးမြီ သို့မဟုတ် ကြွေးမြီများနှင့်စပ်လျဉ်း၍ အငြင်းပွားမှုတစ်ရပ်ရပ်ကို စေ့စပ်ဖျန်ဖြေခြင်း၊

( ခ ) ဤအပိုင်း၏ အခန်း (၁) ပါ ပြဋ္ဌာန်းချက်များအရ မိမိဆန္ဒအလျောက် အစီအစဉ် ပြုလုပ်ရန်အတွက် မြီရှင်များနှင့် ညှိနှိုင်းဆွေးနွေးမှုကို အထောက်အကူပေးခြင်း။

**ဆိုင်းငံ့မိန့် (Moratorium Order)**

၂၆၃။ (က) ပုဒ်မ ၂၆၂ အရ စေ့စပ်ဖျန်ဖြေသူအား ခန့်အပ်ခဲ့သည့် မြီစား၏ လျှောက်ထားချက်အရ တရားရုံးသည် အောက်ပါအရေးယူဆောင်ရွက်ချက်များကို ရပ်ဆိုင်းထားစေရန် ဆိုင်းငံ့မိန့်တစ်ရပ်ချမှတ်နိုင်သည် –

(၁) တစ်စုံတစ်ဦးက မြီစားထံတွင် တင်ရှိနိုင်သော သို့မဟုတ် အခိုင်အမာ တောင်းဆိုထားသော ကြွေးမြီ သို့မဟုတ် တောင်းဆိုမှုနှင့်စပ်လျဉ်း၍ ထိုသူက မြီစားအပေါ် အမှုတစ်ရပ်ရပ် စတင်တရားစွဲဆိုခြင်း သို့မဟုတ် စွဲဆိုထားသော အမှုကို ဆက်လက်ဆောင်ရွက်ခြင်းမှ တားမြစ်ခြင်း၊

(၂) မြီစားအပေါ်တွင် လူမွဲအဖြစ်ခံယူစေသည့် အမိန့်ချမှတ်ခြင်းမှ တားမြစ်ခြင်း၊

(၃) မြီစားပိုင်ပစ္စည်းတွင် ရရှိထားသော အာမခံအကျိုးခံစားခွင့် တစ်ရပ်ရပ်ကို အတည်ပြု ဆောင်ရွက်ရန်အတွက် တစ်စုံတစ်ဦးက အရေးယူဆောင်ရွက်ခြင်းအား တားမြစ်ခြင်း။

( ခ ) ပုဒ်မခွဲ (က) အရ ချမှတ်သော ဆိုင်းငံ့မိန့်တစ်ရပ်တွင် ယင်းအမိန့် အကျိုးသက်ရောက်စေရမည့် အချိန်ကာလတစ်ရပ်ကို သတ်မှတ်ဖော်ပြရမည်။ သို့ရာတွင် ထိုသတ်မှတ်ကာလသည် ထိုအမိန့်ကို ချမှတ်သည့်နေ့မှစ၍ ၂၈ ရက်ထက် ကျော်လွန်ခြင်း မရှိစေရ။

( ဂ ) ဤပုဒ်မအရ ချမှတ်သော ဆိုင်းငံ့ကာလကို တရားရုံးသည် ထိုမြီစား၏ လျှောက်ထားချက်အရ နောက်ထပ် ၂၈ ရက်အထိ တိုးချဲ့သတ်မှတ်ပေးနိုင်သည်။ သို့ရာတွင် ထိုမြီစားက ထိုသို့လျှောက်ထားမည်ဖြစ်ကြောင်း မြီရှင်တစ်ဦးချင်းစီထံသို့ အကြောင်းကြားစာ ပေးပို့ခဲ့ကြောင်းနှင့် အောက်ပါအခြေအနေတစ်ရပ်ရပ် ရှိနေကြောင်း တရားရုံးသည် ယုံကြည်ကျေနပ်မှသာ ထိုသို့ အချိန်တိုးချဲ့သတ်မှတ်သည့်အမိန့်ကို ချမှတ်ပေးရမည်–

(၁) ထိုသို့သက်တမ်းတိုးခြင်းကို မည်သည့်မြီရှင်ကမျှ ကန့်ကွက်မှုမရှိခြင်း၊

(၂) ဆိုင်းငံ့မိန့်၏သက်တမ်းတိုးပေးရန်လျှောက်ထားချက်အပေါ် တင်သွင်းခဲ့သော ကန့်ကွက်ချက် (ရှိလျှင်) ကို ငြင်းပယ်သင့်ကြောင်း တရားရုံးက ထင်မြင်ယူဆခြင်း။

(ဃ) ပုဒ်မခွဲ (က) သို့မဟုတ် ပုဒ်မခွဲ (ဂ) အရ လျှောက်ထားချက်တစ်ရပ်ကို လက်ခံရရှိသည့် တရားရုံးသည် အောက်ပါအချက်များကို ထည့်သွင်းစဉ်းစားနိုင်သည်–

(၁) စေ့စပ်ဖျန်ဖြေရာ၌ ပါဝင်ခြင်းမရှိသည့် မြီရှင်များအပါအဝင် မြီရှင်အားလုံးအပေါ် ထိုအမိန့်၏ အကျိုးသက်ရောက်မှု၊

(၂) ပုဒ်မ ၂၆၂ ပုဒ်မခွဲ (က) တွင် ဖော်ပြထားသည့် ကိစ္စနှင့်စပ်လျဉ်း၍ စေ့စပ်ဖျန်ဖြေခြင်း အောင်မြင်စွာ ဆောင်ရွက်နိုင်မှု အလားအလာများ၊

(၃) စေ့စပ်ဖျန်ဖြေခြင်း အောင်မြင်စွာဆောင်ရွက်နိုင်မှု အလားအလာများနှင့်စပ်လျဉ်း၍ စေ့စပ်ဖျန်ဖြေသူက တင်ပြသည့် ထင်မြင်ယူဆချက်။

( င ) ဤပုဒ်မအရ ဆိုင်းငံ့မိန့် ချမှတ်ပြီးနောက် ထိုမြီစားသည် မြီရှင်တစ်ဦးချင်းစီထံသို့ ထိုအမိန့်၏ မိတ္တူကို ချက်ချင်းပေးပို့ရမည်။

**ယုံမှတ်အပ်နှံခြင်းခံရသူအဖြစ် ခန့်အပ်ပြီးကြောင်း အကြောင်းကြားစာ**

၂၆၄။ (က) လူမွဲအဖြစ်ခံယူစေသည့် အမိန့်မိတ္တူ ရရှိသည်နှင့်တစ်ပြိုင်နက် လူမွဲပိုင်ပစ္စည်းများနှင့် စပ်လျဉ်း၍ ခန့်အပ်ခြင်းခံရသော ယုံမှတ်အပ်နှံခြင်းခံရသူသည် အောက်ပါတို့ကို ဆောင်ရွက်ရမည်–

(၁) ထိုသို့ခန့်အပ်ထားကြောင်းကို နေရပ်လိပ်စာသိရှိသည့် မြီရှင်များထံသို့ အကြောင်းကြားစာပေးပို့ခြင်း၊

(၂) ထိုသို့ခန့်အပ်ထားကြောင်းကို နည်းဥပဒေများဖြင့် သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ ကြေညာခြင်း။

( ခ ) ပုဒ်မခွဲ (က) အရ ပေးပို့သော အကြောင်းကြားစာနှင့် ကြေညာစာတွင် အောက်ပါသတင်းအချက်အလက်များပါရှိရမည် –

(၁) လူမွဲ၏အမည်နှင့် နေရပ်လိပ်စာ၊

(၂) လူမွဲအဖြစ်ခံယူစေသည့် အမိန့်နှင့်စပ်လျဉ်းသည့် အသေးစိတ်အချက်အလက်များ၊

(၃) ယုံမှတ်အပ်နှံခြင်းခံရသူနှင့်စပ်လျဉ်းသည့် အသေးစိတ်အချက်အလက်များ၊

(၄) နည်းဥပဒေများဖြင့် သတ်မှတ်ထားသော အခြားအချက်အလက်များ။

**လူမွဲဖြစ်မှု စတင်ခြင်းနှင့် ရပ်စဲခြင်း**

**လူမွဲဖြစ်မှု စတင်ခြင်းနှင့် အကျိုးသက်ရောက်ခြင်း**

၂၆၅။ သာမန်လူပုဂ္ဂိုလ်တစ်ဦးအပေါ် လူမွဲအဖြစ်ခံယူစေသည့် အမိန့်တစ်ရပ်ချမှတ်သည့်အခါ ထိုသူနှင့်စပ်လျဉ်း၍ လူမွဲဖြစ်မှုသည်–

(က) ထိုအမိန့်ကို ချမှတ်သည့်နေ့မှ စတင်ရမည်ဖြစ်သည်၊

( ခ ) ဤအခန်းပါ ပြဋ္ဌာန်းချက်များအရ ထိုသူအား လူမွဲဖြစ်မှုရပ်စဲသည့် အချိန်ကာလအထိ ဆက်လက်အကျိုးသက်ရောက်စေရမည်။

**လူမွဲဖြစ်မှု အချိန်ကာလ**

၂၆၆။ (က) တရားရုံးက အခြားနည်းဖြင့် အမိန့်ချမှတ်ထားခြင်းမရှိလျှင် သာမန်လူပုဂ္ဂိုလ်တစ်ဦး၏ လူမွဲဖြစ်မှုသည် ၎င်းအပေါ် လူမွဲအဖြစ်ခံယူစေသည့် အမိန့်ချမှတ်သည့်နေ့ရက်မှ စတင်၍ နောက်သုံးနှစ်တာကာလ ကုန်ဆုံးသည့်နေ့ရက်တွင် ရပ်စဲစေရမည်။

( ခ ) ယုံမှတ်အပ်နှံခြင်းခံရသူက ပုဒ်မ ၂၇၄ အရ ဆောင်ရွက်သည့် လူမွဲ၏အပြုအမူနှင့် အရေးအရာကိစ္စရပ်များကို စုံစမ်းစစ်ဆေးခြင်းသည် မလိုအပ်ကြောင်း သို့မဟုတ် ပြီးဆုံးပြီဖြစ်ကြောင်းကို သတ်မှတ်ကာလမကုန်ဆုံးမီ တရားရုံးသို့ အကြောင်းကြားတင်ပြလာသည့်အခါ ယင်းသို့တင်ပြသည့်အချိန်မှစ၍ လူမွဲဖြစ်မှုရပ်စဲစေရမည်။

( ဂ ) ယုံမှတ်အပ်နှံခြင်းခံရသူ၏ လျှောက်ထားချက်အရ ပုဒ်မခွဲ (က) ၌ သတ်မှတ်ဖော်ပြထားသော အချိန်ကာလသည် အောက်ပါအခြေအနေတစ်ရပ်ရပ်တွင် ရပ်စဲစေရမည်ဟု တရားရုံးက အမိန့်ချမှတ်နိုင်သည်–

(၁) သီးခြားအချိန်ကာလတစ်ရပ် ကုန်ဆုံးသည့်အခါ၊

(၂) သီးခြားကိစ္စတစ်ရပ် ပြီးမြောက်သည့်အခါ။

(ဃ) လူမွဲသည် ဤအပိုင်းတွင်ပြဋ္ဌာန်းထားသော တစ်ခု သို့မဟုတ် တစ်ခုထက်ပိုသော တာဝန်များကို ဆောင်ရွက်ရန် ပျက်ကွက်နေကြောင်း သို့မဟုတ် ပျက်ကွက်ခဲ့ကြောင်း ကျေနပ်မှသာလျှင် တရားရုံးသည် အထက်ပါ ပုဒ်မခွဲ (ဂ) အရ အမိန့်တစ်ရပ်ကို ချမှတ်နိုင်သည်။

( င ) ပုဒ်မခွဲ ( ဂ ) ပုဒ်မခွဲငယ် (၂) တွင် ဖော်ပြပါရှိသော သီးခြားကိစ္စဆိုသော စကားရပ်တွင် တစ်စုံတစ်ရာကို တရားရုံးက ယုံကြည်ကျေနပ်၍ သတ်မှတ်ထားသောကိစ္စလည်း ပါဝင်စေရမည်။

( စ ) ဤပုဒ်မပါပြဋ္ဌာန်းချက်များသည် လူမွဲအဖြစ်ခံယူစေသည့်အမိန့်ကို ပယ်ဖျက်နိုင်သည့် တရားရုံး၏ လုပ်ပိုင်ခွင့်အာဏာတစ်ရပ်ရပ်ကို ထိခိုက်စေခြင်းမရှိစေရ။

**လူမွဲအဖြစ်မှ ကင်းလွတ်ခွင့်ပေးခြင်း၏ အကျိုးသက်ရောက်မှုများ**

၂၆၇။ (က) လူမွဲတစ်ဦးအဖြစ်မှ ရပ်စဲသည့်အခါ လူမွဲပိုင်ပစ္စည်းအပေါ်တွင် ဆန့်ကျင်သက်သေပြနိုင်သော ကြွေးမြီ သို့မဟုတ် တောင်းဆိုချက်များ အားလုံးနှင့်စပ်လျဉ်း၍ တာဝန်သည် ရပ်စဲစေရမည်။ သို့ရာတွင် အောက်ပါကိစ္စရပ်များအပေါ် အကျိုးသက်ရောက်မှု မရှိစေရ–

(၁) လူမွဲပိုင်ပစ္စည်းများနှင့်စပ်လျဉ်း၍ ဆက်လက်ဆောင်ရွက်ရန်ရှိသော ယုံမှတ်အပ်နှံခြင်းခံရသူ၏ လုပ်ငန်းတာဝန်များ၊

(၂) ဤအပိုင်းပါပြဋ္ဌာန်းချက်များနှင့်အညီ ယင်းလုပ်ငန်းတာဝန်များကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ချက်များ။

( ခ ) လူမွဲအဖြစ်မှရပ်စဲခြင်းသည် ယင်းလူမွဲမှုခင်းတွင် အကျုံးဝင်သည့် ကြွေးမြီတစ်ရပ်ရပ်အတွက် သက်သေပြသနိုင်သည့် မြီရှင်များ၏ အခွင့်အရေးကို ထိခိုက်ခြင်းမရှိစေရ။

( ဂ ) လူမွဲအဖြစ်မှ ရပ်စဲခြင်းသည် အာမခံအကျိုးခံစားခွင့်ရ မြီရှင်က ၎င်း၏ကြွေးမြီ ပြန်လည်ရရှိရေးအတွက် အာမခံပစ္စည်းကို အတည်ပြုဆောင်ရွက်နိုင်သည့် အခွင့်အရေးကို ထိခိုက်ခြင်း မရှိစေရ။

(ဃ) လူမွဲအဖြစ်မှ ရပ်စဲခြင်းသည် ၎င်းက ပူးပေါင်းကျူးလွန်သော လိမ်လည်မှု သို့မဟုတ် မရိုးမဖြောင့်သောသဘောဖြင့် ယုံမှတ်အပ်နှံရေးဖောက်ဖျက်မှု တစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ ၎င်းက ပေးရန်ရှိသော ကြွေးမြီ သို့မဟုတ် တောင်းဆိုချက်တစ်ရပ်ရပ်မှ ကင်းလွတ်ခွင့် မရှိစေရ။

( င ) လူမွဲအဖြစ်မှ ရပ်စဲခြင်းသည် ထိုလူမွဲအပေါ် တရားရုံး အာမခံအရ တာဝန်ရှိမှု သို့မဟုတ် ပြစ်မှုကျူးလွန်သည့်အတွက် တပ်ရိုက်သည့် ဒဏ်ကြေးငွေမှ ကင်းလွတ်ခွင့် မရရှိစေရ။

( စ ) တရားရုံးက ညွှန်ကြားသတ်မှတ်နိုင်သည့် အတိုင်းအတာနှင့် စည်းကမ်းချက်များအရ မှတစ်ပါး မြီစားဖြစ်သူအား လူမွဲအဖြစ်မှ ရပ်စဲခြင်းသည် အောက်ပါကြွေးမြီ သို့မဟုတ် တောင်းဆိုမှု တစ်ရပ်ရပ်အပေါ် ပေးရန်တာဝန်မှ ကင်းလွတ်ခွင့်မရှိစေရ–

*(ဆက်လက်ဖော်ပြပါမည်)*

# ကန့်ဘလူမြို့နယ် မလယ်ကျေးရွာတွင် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်

**ကန့်ဘလူ မတ် ၄**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် မလယ်ကျေးရွာသည် ဧရာဝတီမြစ်ကမ်းဘေးတွင် တည်ရှိပြီး မြစ်ကမ်းတစ်လျှောက် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများကို ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေကျပ်သန်း ၉၆ ဒသမ ၃၀၀ ဖြင့် အနိုင်းမဲ့ဆောက်လုပ်ရေးကုမ္ပဏီက တာဝန်ယူတည်ဆောက်လျက်ရှိကြောင်း မလယ်ကျေးရွာအုပ်ချုပ်ရေးမှူး ဦးအောင်ဇော်ထွန်းထံမှ သိရသည်။

အဆိုပါကျေးရွာတွင် မိုးရာသီရေများချိန်၌ ရေစီးဆင်းနှုန်းများသဖြင့် မြစ်ကမ်းအိကျခြင်း၊ မြစ်ကမ်းပြိုကျခြင်းများကြောင့် ကမ်းပြိုကာကွယ် ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

ယင်းလုပ်ငန်းများကို နေရာလေးနေရာတွင် ကျောက်စီမြေထိန်းနံရံနှင့်တမံ ပေ ၆၀၊ ပေ ၂၁၀၊ ပေ ၁၁၀ နှင့် ပေ ၆၅၀ ရှိ တည်ဆောက်ရေးလုပ်ငန်းများကို ယခုနှစ် ဖေဖော်ဝါရီ ၁၇ ရက်မှ စတင်ဆောင်ရွက်နေခြင်းဖြစ်ပြီး မေလကုန်တွင် အပြီးတည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**



မလယ်ကျေးရွာတွင် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်နေစဉ်။

# သီပေါ - ပေါ်ကြို ဗုဒ္ဓပူဇနိယပူဇော်ပွဲ ကျင်းပ

**သီပေါ မတ် ၄**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် ရေးဟောင်းသမိုင်းဝင် ပေါ်ကြိုဘုရားကြီး ဗုဒ္ဓပူဇနိယပူဇော်ပွဲနှင့် မဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲကို မတ် ၃ ရက်က ဘုရားကြီးအရှေ့မုခ်ရင်ပြင်၌ကျင်းပရာ မြို့နယ်သံဃနာယက အဖွဲ့ဥက္ကဋ္ဌ ဆရာတော်ဘဒ္ဒန္တမိလိန္ဒအရှင်သူမြတ် အမှူးပြုသော ဆရာတော် သံဃာတော်များ ကြွရောက်၍ အခမ်းအနားကို ဖွင့်လှစ်ပေးတော်မူသည်။

မြို့နယ်သံဃနာယကဥက္ကဋ္ဌဆရာတော်ထံမှ အနုမောဒနာတရားနာယူ၍ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဒေသခံတိုင်းရင်းသားများ၊ ပြည်နယ်ဒုတိယ အုပ်ချုပ်ရေးမှူး ဦးကျော်သူဇော်နှင့် သဒ္ဓါကြည်လင်ပါရမီရှင်များကမုဋ္ဌော စေတီတော်မြတ်အတွင်း ကိန်းဝပ်စံပယ်ကြသော ဗုဒ္ဓရုပ်ပွားတော်လေးဆူအား ရွှေသင်္ကန်းကပ်လှူပူဇော်ကြသည်။

**စိုင်း (သီပေါ)**

# ပွင့်ဖြူမြို့နယ် တောင်မုန်းမြောင်းမကြီး၏ လက်တံမြောင်းများ ရေစီးရေလာကောင်းရန် ရှင်းလင်း

**ပွင့်ဖြူ မတ် ၄**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ၂၀၁၉-၂၀၂၀ နွေသီးနှံ စိုက်ရာသီတွင် မဲဇလီ ရေလွှဲဆည်မှရေဖြင့် နွေစပါး ဧက ၁၄၃၈၀ နှင့် နွေနှမ်း ၄၀၀၇၇ ဧကကို စိုက်ပျိုးသွားရန် လျာထားကြောင်း၊ ယခုအချိန်သည် မြို့နယ်အတွင်းရှိ တောင်သူများ နွေသီးနှံနှင့် နွေစပါးများ စတင်စိုက်ပျိုးသည့် ရာသီဖြစ်သည့်အတွက် သီးနှံအောင်ရေ အပြည့်အဝရရှိစေရန် တောင်မုန်းမြောင်းမကြီး၏ လက်တံ(၁၃) မြောင်းအတွင်း ရေစီးရေလာ ကောင်းမွန်ရေးအတွက် ရှင်းလင်းခြင်းလုပ်ငန်းကို မတ် ၂ ရက်က မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှဦးစီးအရာရှိ ဦးမြတ်ဇော်သိန်း ဦးဆောင်၍ ဆည်ရေပေးဝေရေးလုပ်သားအဖွဲ့ခေါင်းဆောင် ဦးညွန့်ဝင်းနှင့် လုပ်သားများက ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ပွင့်ဖြူမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် မြို့နယ်အတွင်းရှိ တောင်သူများ နွေစပါး၊ မိုးစပါးနှင့် ဆောင်းသီးနှံများ စိုက်ပျိုးရာတွင် အချိန်မီစိုက်ပျိုးနိုင်ရေးအတွက် နှစ်စဉ်မဲဇလီရေလွှဲဆည်မှ ရေများကို တောင် မုန်းမြောင်းမကြီးနှင့် မြောက်မုန်းမြောင်းမကြီးတို့မှ တစ်ဆင့် လက်တံမြောင်းများဖြင့် ဖြန့်ဝေပေးလျက်ရှိသည့်အပြင် မင်းဘူး(စကု) မြို့နယ် အိုင်းမရေလွှဲဆည်နှင့် စလင်းမြို့နယ် လင်းဇင်းရေလွှဲဆည်တို့မှလည်း စိုက်ပျိုးရေများ ဖြန့်ဝေလျက်ရှိသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**



ဆည်မြောင်းလုပ်သားများ ရေပေးလက်တံမြောင်းအတွင်း တူးဖော်ရှင်းလင်းနေစဉ်။

# အမြို့မြို့အနယ်နယ်၌ ကိုရိုနာဗိုင်းရပ်စ်အကြောင်း အသိပညာပေးလုပ်ငန်းများဆောင်ရွက်

## မုဒုံ

မွန်ပြည်နယ် မုဒုံမြို့နယ်အတွင်းမှ ပြည်သူများအနေဖြင့် ကိုရိုနာဗိုင်းရပ်စ်အကြောင်းနှင့် အဆုတ်ရောင်ရောဂါအကြောင်း သိရှိစေရန်နှင့် ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်အတွက် မုဒုံမြို့နယ် ကြက်ခြေနီအသင်းခွဲမှ ဒုတပ်ဖွဲ့မှူး ဦးအောင်ဆန်းထွန်း ဦးဆောင်သည့် တပ်ဖွဲ့ဝင်များနှင့် စေတနာရှင်များစုပေါင်းကာ မြို့နယ်အတွင်းရှိ ပြည်သူများထံသို့ အသိပညာပေး လက်ကမ်းစာစောင်များ မတ် ၂ ရက်က ဖြန့်ဝေပေးခဲ့ပြီး နံရံကပ်ပိုစတာများကိုလည်း ဆေးရုံ၊ ဆေးခန်းများနှင့် လူစည်ကားရာနေရာများ၌ ကပ်ထားပေးခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

## ဟားခါး

ချင်းပြည်နယ် ဟားခါးမြို့ အဝေးပြေးယာဉ်ရပ်နားစခန်းတွင် ကိုရိုနာဗိုင်းရပ်စ် ရောဂါကူးစက်ခံရမှုမှ ကင်းဝေးနိုင်ရေး အသိပညာပေးဆွေးနွေးပွဲနှင့် လက်တွေ့သရုပ်ပြခြင်းများ နေ့စဉ်ဆောင်ရွက်လျက်ရှိရာ မတ် ၃ ရက်က ပူးပေါင်းအဖွဲ့များက ကွင်းဆင်းဆောင်ရွက်သည်။

အဆိုပါပူးပေါင်းအဖွဲ့တွင် ပြည်နယ်ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ ဒေါက်တာ အောင်ငွေစံနှင့် ကျန်းမာရေးဝန်ထမ်းများ၊ ပြည်နယ်ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှူး ဦးမျိုးလွင်ဦး၊ ပြည်နယ်လုပ်ငန်းလိုင်စင်နှင့် သယ်ယူပို့ဆောင်ရေးကြီးကြပ်ညှိနှိုင်းရေးဌာန ပြည်နယ်ဦးစီးမှူး ဦးစောမြင့်လွင်နှင့် တာဝန်ရှိသူများ ပါဝင်ဆောင်ရွက်ခဲ့ကြပြီး ကိုရိုနာဗိုင်းရပ်စ် ကြိုတင်ကာကွယ်နိုင်ရေး၊ ဆောင်ရန်၊ ရှောင်ရန်များကို အသိပညာပေးဟောပြောခြင်း၊ လက်တွေ့သရုပ်ပြခြင်းများပြုလုပ်ကြပြီး အသိပညာပေး လက်ကမ်းစာစောင်များ ဝေငှခဲ့ကြကြောင်း သိရသည်။

**မြင့်နိုင်စိုး (ပြန်/ဆက်)**

## ကြံခင်း

ဧရာဝတီတိုင်းဒေသကြီး ဘက်ရဲမြို့တွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှု အန္တရာယ် အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းကို မတ် ၃ ရက်က လူစည်ကားရာ ဘက်ရဲဈေးနှင့် ဈေးရှေ့လမ်းတစ်လျှောက်တွင် ဆောင်ရွက်သည်။

အဆိုပါ ဖြန့်ဝေမှုကို ဘက်ရဲမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့အုပ်ချုပ်ရေးမှူး ဦးအောင်ကိုကိုနှင့် ဝန်ထမ်းများ၊ ပြည်သူ့ကျန်းမာရေးမှ တာဝန်ရှိဝန်ထမ်းများ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဝန်ထမ်းများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ရပ်ကျေးအုပ်ချုပ်ရေးမှူးများနှင့် တာဝန်ရှိသူများ ပါဝင်ဆောင်ရွက်ခဲ့ပြီး ကိုရိုနာဗိုင်းရပ်စ် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါနှင့်ပတ်သက်၍ ပြည်သူများ သိသင့်သိထိုက်သည့်အချက်များ ပါဝင်သည့် လက်ကမ်းစာစောင်များကို ဖြန့်ဝေခဲ့ကြောင်း သိရသည်။

**မိုးမိုး(ပြန်/ဆက်)**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် ညောင်ကိုင်းကျေးရွာအနီး တောင်ငူတက္ကသိုလ်ကျောင်းသားသမဂ္ဂက ဦးဆောင်ကာ ကျောင်းတွင်း သင်္ကြန်ပွဲတော်ကို မတ် ၃ ရက်က စည်ကားသိုက်မြိုက်စွာ ကျင်းပစဉ်။
(အဆိုပါ ကျောင်းတွင်း သင်္ကြန်ပွဲတော်ကို မတ်လ ၃ ရက် နံနက် ၉ နာရီခွဲမှ ညနေ ၃ နာရီကျော်အထိ ကျင်းပခဲ့ခြင်းဖြစ်ပြီး ယခုအကြိမ်သည် ဒုတိယအကြိမ်မြောက် ကျင်းပခြင်း ဖြစ်သည်။)

**သူရ (တောင်ငူ)**



# လူထုအခြေပြုဗဟိုဌာန(ဗဟန်း)၌ ဇာမဏီမြန်မာနိုင်ငံသားစွမ်းရည်မြှင့်သင်တန်းဖွင့်

**ရန်ကုန် မတ် ၄**

ရန်ကုန်အနောက်ပိုင်းခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဇာမဏီမြန်မာအသိပညာပေးရေးအဖွဲ့တို့ ပူးပေါင်းဖွင့်လှစ်သည့် ဇာမဏီ မြန်မာနိုင်ငံသားစွမ်းရည်မြှင့်သင်တန်းကို ယမန်နေ့က လူထုအခြေပြုဗဟိုဌာန (ဗဟန်း)၌ ကျင်းပသည်။

သင်တန်းတာဝန်ခံ ဦးသန့်ဇင်(ဇာမဏီမြန်မာ)က သင်တန်းဖွင့်လှစ်ရခြင်း၏ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး (ဇာမဏီမြန်မာ)အဖွဲ့၏ နာယက ဦးလတ်(ပြည့်ဖြိုးစွမ်းအင်)က သင်တန်းနှင့်ပတ်သက်၍ သိကောင်း စရာများကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းတွင် ဒီမိုကရေစီနိုင်ငံသားပြည်သူ့နီတိသင်ယူပွား၊ အခြေခံအုပ်ချုပ်ရေးပညာနှင့် နည်းပညာအခြေခံများ၊ ခေါင်းဆောင်ကောင်းနှင့် နောက်လိုက်ကောင်း၊ နိုင်ငံသားလုံခြုံရေးနှင့် လုံခြုံမှုအခြေခံများ၊ စွဲစေတတ်သောအပြုအမူများကို ဆန့်ကျင်ခြင်းနှင့် ဆန္ဒနှင့်ဘဝ ထုတ်ဖော်ခြင်းတို့ကို (အခမဲ့) သင်ကြားပို့ချပေးမည်ဖြစ်သည်။

သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၃၀ တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ မတ် ၃ ရက်မှ မတ် ၅ အထိဖြစ်ကြောင်း သိရသည်။

**အောင်မြင့်(ပြန်/ဆက်)**



ပန်းတနော်မြို့နယ်၌ မြင်းဒုန်းစီးပြိုင်ပွဲ ကျင်းပစဉ်။

## ပန်းတနော်မြို့နယ်၌ ဖိတ်ခေါ်မြန်မာ့ရိုးရာ မြင်းဒုန်းစီးပြိုင်ပွဲ ကျင်းပ

**ပန်းတနော် မတ် ၄**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော် မြို့နယ် သမိုင်းဝင် ရွှေမြင်တင်စေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်အထိမ်းအမှတ် ဖိတ်ခေါ် မြန်မာ့ရိုးရာ မြင်းဒုန်းစီးပြိုင်ပွဲကို ယမန်နေ့က ကျင်းပသည်။

မြင်းဒုန်းစီးပြိုင်ပွဲတွင် အကြီးတန်း မြင်းဒုန်းစီးပြိုင်ပွဲနှင့် အငယ်တန်း မြင်းဒုန်းစီးပြိုင်ပွဲ ထည့်သွင်း ကျင်းပရာ အနယ်နယ်အရပ်ရပ်မှ မြင်းစီးဝါသနာရှင်များ လာရောက် ယှဉ်ပြိုင်ခဲ့ကြပြီး မတ် ၃ ရက်မှ ၈ ရက်အထိ ကျင်းပမည်ဖြစ်သည်။

အဆိုပါ ဖိတ်ခေါ်မြန်မာ့ရိုးရာ မြင်းဒုန်းစီးပြိုင်ပွဲတွင် ဆုကြေးငွေ အဖြစ် အကြီးတန်း မြင်းဒုန်းစီးပြိုင်ပွဲ တွင် ပထမဆု ငွေကျပ်သုံးသိန်း၊ ဒုတိယဆု ငွေကျပ်နှစ်သိန်းနှင့် အငယ် တန်းမြင်းဒုန်းစီးပြိုင်ပွဲတွင် ပထမဆု ငွေကျပ်သုံးသိန်း၊ ဒုတိယဆုငွေကျပ် နှစ်သိန်း ချီးမြှင့်ပေးမည်ဖြစ်ကြောင်း သိရသည်။

**အေးချမ်းအောင်(ပန်းတနော်)**

## နွေရာသီကာလ ရိုးရာမြေအိုးများ တစ်ဆင့်ပြန်လည်ရောင်းချသူများက ဝယ်ယူမှုမြင့်တက်

**ရေတာရှည် မတ် ၄**

မြန်မာတို့၏ မိရိုးဖလာ မြေအိုးလုပ်ကိုင်သူများသည် လက်ရှိဈေးကွက်အနေအထားအရ ကုန်ကြမ်းမြေရှားပါးမှုနှင့် လုပ်သားရှားပါးမှုကြောင့် တွက်ခြေကိုက်မှု နည်းပါးသော်လည်း သင်္ကြန်ကာလနီးကပ်လာသည်နှင့်အမျှ သောက်ရေအိုး၊ ရေစစ်အိုး၊ ချိုးရေအိုး၊ အတာသင်္ကြန်အိုးငယ်များ ကြိုတင်မှာယူမှု မြင့်တက်လျက်ရှိကြောင်း ရေတာရှည်မြို့နယ် သာဂရမြို့ ကံကြီးရပ်ကွက်နေ အိုးလုပ်ငန်းလုပ်ကိုင်သူတစ်ဦးက ပြောသည်။

"အိုးလုပ်ငန်းကတော့ ပုံမှန်ပါပဲ အခုလိုပူပြင်းတဲ့ နွေရာသီရောက်ရင် တစ်ဆင့်ပြန်လည်ရောင်းချတဲ့ ဆိုင်တွေက အခုကတည်းက ကြိုတင်မှာယူ ကြတာရှိပါတယ်။ ခက်တာက ကုန်ကြမ်းမြေရဖို့က မလွယ်တော့ဘူး မြေနေရာလည်း မဝယ်နိုင်တော့ အဆင်ပြေတဲ့နေရာတွေက ရှာပြီးယူရတာပဲ"ဟု ၎င်းက ဆက်လက်ပြောသည်။

ရိုးရာမြေအိုး လုပ်ကိုင်သူများ ယခင်ကထက် ရှားပါးလာသော်လည်း ဘိုးဘွားလက်ထက်ကတည်းက လုပ်ကိုင်လာကြသူများအနေဖြင့် မိမိတို့တတ်ကျွမ်းသည့် လုပ်ငန်းကို စွန့်လွှတ်ရန် မဖြစ်နိုင်သည့်အတွက် အခက်အခဲများ ရှိသော်လည်း ဆက်လက်လုပ်ကိုင်နေကြခြင်းဖြစ်ကြောင်း တောင်ငူမြို့နယ် စစ်တောင်းမြစ်အရှေ့ဘက်ကမ်းရှိ ညောင်ပင်သာကျေးရွာမှ မြေအိုးလုပ်ငန်းလုပ်ကိုင်သူ တစ်ဦးက ပြောသည်။

"ကျွန်တော်တို့က ဒီမှာ အထိုင်လုပ်တာ ဈေးကွက်ကို လိုက်ရောင်းစရာမလိုဘူးလေ။ သင်္ကြန်အတွက် တောင်ငူမြို့ပေါ်က ဖောက်သည်တွေ၊ အတာအိုးငယ်တွေ မှာယူမှုကတော့ အရင်နှစ်ကထက်များတယ်။ ဈေးကတော့မတက်ပါဘူး။ တစ်အိုးမှ ငွေကျပ် နှစ်ရာပဲ ရောင်းတယ်။ ခါတိုင်းအချိန်ဆိုရင်တော့ အခြားဆိုက်စုံ အိုးတွေကို ဈေးကွက်သို့ တင်ပို့ရောင်းချပါတယ် "ဟု ၎င်းက ဆက်လက်ပြောသည်။



ရိုးရာမြေအိုး လုပ်ကိုင်သူများအနေဖြင့် မြို့ပြတွင် ဈေးကွက်ရရှိနိုင်မှု ကျဆင်းလာသော်လည်း ကျေးလက်ဒေသများတွင် အသုံးပြုသူ ပမာဏမှာ ကျဆင်းသွားခြင်း မရှိသည့်အတွက် ပုံမှန်အရောင်းအဝယ်ရှိနေပြီး အိုးလုပ်ငန်းလုပ်ကိုင်သူများအနေဖြင့် မြေရရှိနိုင်မှု၊ ကုန်ကျစရိတ်၊ အလုပ်သမားစရိတ်တို့အားလုံး ခြုံငုံတွက်ချက်ကြည့်လျှင် အကျိုးအမြတ်ရနိုင်မှု နည်းပါးလာခြင်းကြောင့် ရိုးရာမြေအိုးလုပ်ကိုင်သူများ ကွယ်ပျောက်လုနီးပါး ဖြစ်နေကြောင်း သိရသည်။

**သန်းလွင်**



၂၀၂၀ ပြည့်နှစ် စစ်ကိုင်းပညာရေးကောလိပ်ကျောင်းတွင်း အတာသင်္ကြန်အကြို ရေသဘင်ပွဲတော်ကို မတ် ၃ ရက်က အဆိုပါ ပညာရေးကောလိပ် ကျောင်းဝင်းအတွင်း၌ ကျင်းပစဉ်။

(အတာသင်္ကြန် အကြိုရေသဘင်ပွဲတော်အား စစ်ကိုင်းပညာရေးကောလိပ်ကျောင်းအုပ်ကြီး၊ ဒုတိယကျောင်းအုပ်ကြီးနှင့် ကျောင်းသားသမဂ္ဂဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကျောင်းသားကျောင်းသူများအား ငွေဖလားနှင့် သပြေခက်တို့ဖြင့် အတာရေပက်ဖျန်းပေးခဲ့ကြသည်။)

**ခရိုင်(ပြန်/ဆက်)**

## မင်းရွာကျေးရွာတွင် နယ်လှည့်စာကြည့်တိုက်နှင့် ဟောပြောပွဲကျင်းပ

**နွားထိုးကြီး မတ် ၄**

နွားထိုးကြီးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဦးစီး၍ နယ်လှည့် စာကြည့်တိုက်နှင့် ဟောပြောပွဲကို လစဉ်ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ ယမန်နေ့က မင်းရွာကျေးရွာ အလင်းပျိုးအိမ် စာကြည့်တိုက်သို့ ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ရုပ်သံ-၃ ဦးနိုင်လင်းက ကျေးလက်နေပြည်သူများ အသိပညာ တိုးပွားစေရန် ရည်ရွယ်၍ စာဖတ်ဝိုင်းများ ပြုလုပ်ပေးခြင်းဖြစ်ကြောင်း၊ နွေရာသီကျောင်းပိတ်ရက်ဖြစ်သည့်အတွက် မိမိတို့၏ ရင်သွေးငယ်များ၊ ကျောင်းသား ကျောင်းသူများကို စာကြည့်တိုက်တွင် စာဖတ်ခြင်းဖြင့် အသိပညာတိုးပွားစေကြောင်း ပြောကြားခဲ့သည်။

**သန်းအောင်ဇော်**

## အွန်လိုင်းမှ GAP အသိအမှတ်ပြုလက်မှတ် လျှောက်ထားခြင်းဆိုင်ရာ လုပ်ငန်းစဉ်များ သင်တန်းဖွင့်

**ဂန့်ဂေါ မတ် ၄**

စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ (Good Agricultural Practices–GAP) စနစ်ဖြင့် စိုက်ပျိုးသည့် သီးနှံများအား GAP အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးနိုင်ရေးအတွက် အွန်လိုင်းမှ အလွယ်တကူ လျှောက်ထားနိုင်ရန် အွန်လိုင်းမှ GAP အသိအမှတ်ပြု လက်မှတ်လျှောက်ထားခြင်းဆိုင်ရာ လုပ်ငန်းစဉ်များကို ဂန့်ဂေါခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူးရုံးတွင် ယမန်နေ့မှ စတင်ကာ သင်တန်းဖွင့်လှစ် ပို့ချလျက်ရှိသည်။

သင်တန်းတွင် ခရိုင်စိုက်ပျိုးရေးဦးစီးဌာနနှင့် ဂန့်ဂေါ၊ ထီးလင်းနှင့် ဆောမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနတို့မှ စီမံကိန်းတာဝန်ခံနှစ်ဦးစီ တက်ရောက်ပြီး ခရိုင်ဦးစီးမှူးနှင့် စိုက်ပျိုးရေးဦးစီးဌာန(ရုံးချုပ်)တွင် သင်တန်းတက်ရောက်ခဲ့ကြသော ဝန်ထမ်းများက ဆင့်ပွားသင်တန်းပို့ချဆွေးနွေးကြသည်။

GAP အသိအမှတ်ပြုလက်မှတ်လျှောက်လွှာများကို အင်တာနက်ဝက်ဘ်ဆိုက် အသုံးပြု၍ အွန်လိုင်းမှ လျှောက်ထားခြင်းကို လက်တွေ့ပြုလုပ်လေ့ကျင့်ကြပြီး သင်တန်းကာလ နှစ်ရက်ဖြစ်ကြောင်း သိရသည်။

**၁၄၄**

## ပင်လည်ဘူး၌ စေတနာ့ဝန်ထမ်းမူးယစ်ကြီးကြပ်ရေးမှူး သင်တန်းဖွင့်

**ပင်လည်ဘူး မတ် ၄**

လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြန်လည်ထူထောင်ရေးဦးစီးဌာနနှင့် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သည့် စေတနာ့ဝန်ထမ်း မူးယစ်ကြီးကြပ်ရေးမှူးသင်တန်းဖွင့်ပွဲကို ယမန်နေ့က စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကင်းပန်းကျေးရွာ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ကော်မတီဥက္ကဋ္ဌ ဦးခိုင်လင်းနိုင်က အမှာစကားပြောကြားပြီး ပြန်လည်ထူထောင်ရေးဦးစီးဌာနမှ လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်အေးအေးလွင်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ အဆိုပါသင်တန်းအား မတ် ၃ ရက်မှ ၇ ရက် အထိ သင်တန်းသားသင်တန်းသူ ၃၀ ဖြင့် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်ရွှေဝင်း(ပြည်)**



## အိမ်မဲမြို့နယ်၌ အိမ်သွယ်ရေမီတာစနစ် ဆောင်ရွက်မှုနှင့် ချောင်းကူးသံတံတားတည်ဆောက်

**အိမ်မဲ မတ် ၄**

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ်အတွင်း၌ အိမ်သွယ်ရေမီတာစနစ် ဆောင်ရွက်ခြင်းနှင့် ချောင်းကူးတံတား တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ ကျေးရွာများတွင် အဆိုပါလုပ်ငန်းများကို မြောင်းမြခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးသင်းဦးနှင့် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးဦးဇေယျာလင်းတို့က ကန်ကြီးဒေါင့်ကျေးရွာတွင် အိမ်သွယ်ရေမီတာစနစ် ဆောင်ရွက်ရန် ကျေးရွာကော်မတီ၊ ကျေးရွာပြည်သူများနှင့် တွေ့ဆုံ၍ ဆောင်ရွက်ရမည့် အခြေအနေ၊ ဌာနမှပံ့ပိုးဆောင်ရွက်ပေးနိုင်မည့် ရေဖြန့်ဝေပိုက်များ ထောက်ပံ့ပေးမည့် အခြေအနေနှင့် ကျေးရွာမှ ပူးပေါင်းဆောင်ရွက်ရမည့်ကိစ္စများ ဆွေးနွေးခဲ့သည်။

ဆက်လက်ပြီး ခရိုင်ကျေးလက်ဦးစီးမှူးနှင့်အဖွဲ့သည် ဖိုးအောင်နီကျေးရွာတွင် မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေဖြင့် တည်ဆောက်ပြီးစီးသော ကျေးရွာတွင်း ချောင်းကူးသံတံတား တည်ဆောက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ချစ်သက်လယ် (ပြန်/ဆက်)**

## စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## စိုက်ပျိုးရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စိုက်ပျိုးရေးဦးစီးဌာန၊ထောက်ပံ့ဖြည့်တင်းရေးဌာနခွဲမှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ဖေဖော်ဝါရီလမှ ဧပြီလအထိ (၃)လစာအတွက် လိုအပ်သောစက်သုံးဆီ 92Ron (၉၆၀၀)ဂါလန်နှင့် ဒီဇယ်ဆီ ၇၅၀၀၀ ဂါလန်တို့အား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၅-၃-၂၀၂၀ရက်မှ၁၄-၃-၂၀၂၀ ရက်အထိ (ရုံးချိန်အတွင်း)

၃။ **တင်ဒါပုံစံရောင်းချမည့်နေရာ** - စိုက်ပျိုးရေးဦးစီးဌာန၊ ထောက်ပံ့ဖြည့်တင်းရေးဌာနခွဲ၊ ရုံးအမှတ်(၄၃)၊ နေပြည်တော်

၄။ **တင်ဒါလျှောက်လွှာပိတ်ရက်** - ၁၈-၃-၂၀၂၀ရက် ၊ ၁၃:၀၀ နာရီ

၅။ အသေးစိတ်သိရှိလိုပါက စိုက်ပျိုးရေးဦးစီးဌာန၊ ထောက်ပံ့ဖြည့်တင်းရေးဌာနခွဲ၊ ရုံးအမှတ်(၄၃)၊ နေပြည်တော်တွင် ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်၍လည်းကောင်း၊ ဖုန်း-၀၆၇-၃၄၁၀၂၁၀၊ ၀၆၇-၃၄၁၀၅၁၈ တို့သို့ ဆက်သွယ်၍လည်းကောင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**စိုက်ပျိုးရေးဦးစီးဌာန**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန

၁။ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် သာမန်အသုံးစရိတ် ခွင့်ပြုရန်ပုံငွေဖြင့် ဝယ်ယူမည့် ဓာတ်ခွဲခန်းသုံးဓာတုပစ္စည်းနှင့် မီဒီယာ(၃၀၂)မျိုး၊ ဓာတ်ခွဲခန်း လုပ်ငန်းသုံးပစ္စည်း(၁၇၈)မျိုး၊ စုစုပေါင်း(၄၈၀)မျိုးအား ဝယ်ယူရန်အတွက် မြန်မာကျပ်ငွေဖြင့် ဈေးနှုန်းအဆိုပြုလွှာတင်သွင်းနိုင်ကြောင်း ဒုတိယအကြိမ် ကြေညာအပ်ပါသည်။

၂။ ဈေးနှုန်းအဆိုပြုလွှာပုံစံများကို မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ စီမံရေးရာဌာနခွဲ၊ ဖြည့်တင်းရေးနှင့်သိုလှောင်ရေးဌာနစိတ်၊ ရုံးအမှတ်(၃၆)၊ နေပြည်တော်တွင် ၂၄-၂-၂၀၂၀ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး ၂၃-၃-၂၀၂၀ရက်တွင် တင်ဒါပုံစံများကိုပိတ်သိမ်း၍ 1% P.O Cheque လက်ခံမည်ဖြစ်ကာ ၂၄-၃-၂၀၂၀ရက်တွင် တင်ဒါဖွင့်လှစ်မည်ဖြစ်ပါသည်။ အသေးစိတ်သိရှိလိုပါက ဖုန်းအမှတ် ၀၆၇-၃၄၀၈၁၇၇ နှင့် ၀၆၇-၃၄၀၈၄၆၄ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံး ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
### မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်တရားရုံးတော်၌
### ၂၀၁၉ ခုနှစ် တရားမကြီးမှုအမှတ် - ၄၉

| | | |
|---|---|---|
| ဒေါ်မိုးမိုးကြည် | နှင့် | (၁) ဦးမြင့်ဝေ |
| | | (၂) ဒေါ်ဌေးဌေးယဉ် |
| **တရားလို** | | **တရားပြိုင်** |

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ကျောက်ပန်းတောင်းမြို့၊ ဈေးကွက်သစ်ကွက်နေ ဦးမြင့်ဝေ (ဘ)ဦးအောင်မြင့်နှင့် ဒေါ်ဌေးဌေးယဉ် (ဘ)ဦးတင်အုန်း (ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ကတိစာချုပ်ဖြင့် ပေးဆပ်ရန် ကတိပြုထားသည့်ငွေ(၁၂၅၀၀၀၀၀ိ/-)(ကျပ်သိန်းတစ်ထောင့်နှစ်ရာ့ငါးဆယ်)ရလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၀ ပြည့်နှစ် ဧပြီ ၇ ရက် (၁၃၈၁ ခုနှစ်၊ တန်ခူးလပြည့်နေ့) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် အထက်ပါရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၀ ပြည့်နှစ် မတ် ၃ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သူဇာအောင်)**
**ခရိုင်တရားသူကြီး**
**ညောင်ဦးခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၄/ရွှေကြာပင်)၊ ဦးဆွန်ဒုတ်ကျင့်အမည်ပေါက် မြေကွက်အမှတ် (၉-၂၃၀၃)၊ ဧရိယာ ၀ ဒသမ ၆၅၂ ဧကရှိ နှစ်(၃၀)မြေငှားစာချုပ်မြေကွက်ကို နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၂၈၄/၂၀၁၆)ရရှိထားသူ ဒေါ်ယဉ်ယဉ်ထွန်း (ဘ)ဦးထွန်းအေး ၁၂/ပဘတ(နိုင်)၀၀၀၄၄၂ မှ ဦးမောင်မောင်အေး (ခ)ရစ်ဘွန်ရှု ၁၂/လသန(နိုင်)၀၀၆၂၆၉ နှင့် မှတ်ပုံတင်အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာခြင်းကို ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြပြီး နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ယနေ့မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီ မြေပုံ/မြေရာဇဝင် ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။ **ဌာနမှူး (ကိုယ်စား)**
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**

## ကွာရှင်းပြတ်စဲပြီးစီးကြောင်းကြေညာခြင်း

ကျွန်မ ဒေါ်အိခင်ခင် ၃/ဘအန(နိုင်)၂၂၅၂၉၃(ဘ)ဦးစိန်ဝင်း နှင့် ဦးညာဏ်လင်းထွန်း ၁၂/မရက(နိုင်)၁၄၀၉၀၄ (ဘ)ဦးမြင့်သိန်း တို့သည် ၈-၈-၂၀၁၉ ရက်တွင် ရှေ့နေများရှေ့မှောက်၌ အကြင်လင်မယားအဖြစ်မှ တရားဝင်ကွာရှင်းပြတ်စဲပြီးစီးပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်အိခင်ခင် ၃/ဘအန(နိုင်)၂၂၅၂၉၃**

**တစ်ဦးတည်း ဖြစ်ပါကြောင်း**

ကြာအင်းဆိပ်ကြီးမြို့နယ်၊ မြို့ဟောင်းကျေးရွာနေ စောအောင်သူ ၃/ကဆက(နိုင်)၀၄၉၈၁၄၏ ဖခင်ဦးရွှေကြည်နှင့် ဦးရွှေကြက် ၃/ပဆက(နိုင်)၀၁၅၇၀၁မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

စစ်တွေမြို့၊ ဆတ်ရိုးကျတစ်ဖက်ကမ်းနှင့် စစ်တွေ-မင်းဂံသင်္ဘောဆိပ်သွားလမ်းအကြားရှိ စက်မှုရပ်ကွက်(ဆတ်ရိုးကျ)၊ ၆/မင်းဒရားချိတ်အနောက်ဘက် မြေကွက်အမှတ် ၂၆၅ (ပထမတန်းစား) မြေချိန်ဧရိယာ ၀ ဒသမ ၄၅၉ ဧက၏ မြေပေးမိန့်မူရင်းမှာ ပျောက်ဆုံးသွားပါသဖြင့် မြေပေးမိန့်မိတ္တူထုတ်ပေးနိုင်ပါရန် ကျေးပင်ကြီးရပ်ကွက်နေ ဦးအောင်ကျော်ဇံမှ စာရွက်စာတမ်းအထောက်အထားများဖြင့် စစ်တွေခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်လိုသူများသည် ကြော်ငြာသည့်ရက်မှစ၍ ၁၅ ရက်ပြည့်မြောက်သည့်ရက်အထိ စစ်တွေခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် ကန့်ကွက်လွှာလာရောက်တင်နိုင်ကြောင်း၊ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ မြေပေးမိန့်မိတ္တူထုတ်ပေးမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**စစ်တွေမြို့**

## သက်ဆိုင်သူများနှင့် အများသိစေရန်ကြေညာခြင်း

ပြည်မြို့၊ နဝင်းရပ်ကွက်၊ နဝင်းကွက်သစ်၊ (၁၂)လမ်းနေ မကေခိုင်ဦး ၇/အဖန(နိုင်)၁၀၀၀၃၁ (ဘ)ဦးလှိုင်ငွေ(Kay Khine Oo Facebook Account)ပိုင်ရှင်၏ လွှဲအပ်ညွှန်ကြားချက်အရ သက်ဆိုင်သူများနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်မိတ်ဆွေ မကေခိုင်ဦးသည် Facebook Online ပေါ်တွင် (Kay Khine Oo Facebook Account) အမည်ဖြင့် Online လေလံစုမဲများစုဆောင်းခြင်း Facebook Online အခြား Account ပိုင်ရှင်များထံမှ Online စနစ်ဖြင့် ဆောင်ရွက်သည့် လေလံစုမဲများကို ဝယ်ယူခဲ့ပါသည်။ ထိုသို့ဝယ်ယူခဲ့သည့်အတွက် သက်ဆိုင်သူများမှ (Kay Khine Oo Facebook Account)ပိုင်ရှင် ကျွန်ုပ်မိတ်ဆွေ မကေခိုင်ဦးထံ ဆက်သွယ်ပြီး ၎င်းတို့သဘောဆန္ဒအရ Online လေလံစုမဲများတွင် အဖွဲ့ဝင်အဖြစ် ပါဝင်စုဆောင်းလိုကြောင်း၊ လေလံစုမဲဝယ်ယူခြင်းများတွင်လည်း ပါဝင်ဆောင်ရွက်လိုကြောင်း ပြောဆိုခဲ့ရာ မကေခိုင်ဦးမှ အခြားသောFacebook Online Account အမည်ပိုင်ရှင်တို့အား လေလံစုမဲများစုဆောင်းသူ၊ ရောင်းချသူများနှင့်ဆက်သွယ်၍ မဲအဖွဲ့ဝင်သက်ဆိုင်သူများအား လေလံစုမဲများတွင် ပါဝင်စုဆောင်းပေးခြင်း၊ ဝယ်ယူပေးခြင်း၊ ရောင်းချပေးခြင်းတို့ကို မကေခိုင်ဦးမှ ပြုလုပ်ဆောင်ရွက်ပေးခဲ့ရာ လေလံစုမဲအဖွဲ့ဝင်သက်ဆိုင်သူများသည် အကျိုးအမြတ်များစွာရရှိခံစားခဲ့ပြီးဖြစ်ကြောင်း ပြောပြသိရှိရပါသည်။ သို့သော် ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလအတွင်းမှစ၍ သက်ဆိုင်သူများနှင့် မကေခိုင်ဦးတို့ ပါဝင်စုဆောင်းခဲ့သော Online လေလံစုမဲများတွင် မဲအဖွဲ့ဝင်အဖြစ် ပါဝင်စုဆောင်းသူ ၁၀ ဦးကျော်ခန့်မှာ ၎င်းတို့အလှည့်ကျရရှိသည့် လေလံစုမဲငွေများကို မကေခိုင်ဦးထံမှ ထုတ်ယူပြီးနောက် ၎င်းတို့ဆက်လက်ထည့်ဝင်ရန် ကျန်ရှိသောစုမဲငွေများကို ဆက်လက်ထည့်ဝင်ခြင်းမရှိတော့ဘဲ မကေခိုင်ဦးအား အဆက်အသွယ်ဖြတ်တောက်ခြင်း၊ ၎င်းတို့၏ Facebook Accountများကို ပိတ်သိမ်းခြင်း၊ (Block)ခြင်း၊ မကေခိုင်ဦးမှ ဖုန်းဖြင့်ဆက်သွယ်သည်ကို မကိုင်တော့ဘဲ ရှောင်တိမ်းနေခြင်းများ ပြုလုပ်လာခဲ့ပါသည်။ ထို့ပြင် လေလံစုမဲတွင်ပါဝင်သည့် အဖွဲ့ဝင်အချို့မှာလည်း ကတိစာချုပ်ချုပ်ဆို၍ ၎င်းတို့လေလံစုမဲများအား ရောင်းချထားပြီးနောက် ရောင်းချထားသောလေလံစုမဲငွေများကို မကေခိုင်ဦးထံ ဆက်လက်မထည့်တော့ဘဲ ရှောင်တိမ်းနေသဖြင့် မကေခိုင်ဦးတွင် ငွေကြေးမြောက်များစွာ ဆုံးရှုံးနစ်နာခဲ့ရပြီး ငွေကြေးအကျပ်အတည်းများ ကြုံတွေ့ခဲ့ရပါသည်။ သို့သော်လည်း မကေခိုင်ဦးမှာ ကျန်ရှိသည့် မဲအဖွဲ့ဝင်သက်ဆိုင်သူများအား မိမိကိုယ်ပိုင်ငွေကြေးများဖြင့်စိုက်၍ ညှိနှိုင်းဖြေရှင်းငွေပေးအပ်ခြင်း၊ အကျိုးဆောင်ရှေ့နေနှင့် စာချုပ်ချုပ်၍ ငွေပေးအပ်ရန် ညှိနှိုင်းဆောင်ရွက်ပေးသော်လည်း လေလံစုမဲအဖွဲ့ဝင် သက်ဆိုင်သူတချို့မှ မကေခိုင်ဦးအား ငွေယုံကြည်အပ်နှံခြင်း ကတိစာချုပ် အိမ်ခြံမြေအရောင်းအဝယ် ဟန်ဆောင်ကတိစာချုပ်များ အတင်းအကျပ်လက်မှတ်ထိုးခိုင်းခြင်း၊ Facebook Online လူမှုကွန်ရက်စာမျက်နှာပေါ်မှလည်းကောင်း၊ Facebook Messenger မှလည်းကောင်း၊ မကေခိုင်ဦးနှင့် ၎င်း၏မိဘများ၊ မိသားစုများဂုဏ်သိက္ခာကျ ထိခိုက်နစ်နာအောင် စာရေးသားပို့စ်တင်ခြင်း၊ ရေးသားပေးပို့ခြင်း၊ Facebook Account အတုများဖြင့် မဟုတ်မမှန်စွပ်စွဲပြောဆိုခြင်း၊ ညစ်ညမ်းရိုင်းပျစွာ ဆဲဆိုတိုင်းထွာခြင်း၊ မကေခိုင်ဦး၏စီးပွားရေးလုပ်ငန်းများကို နှောင့်ယှက်ခြင်းစသည့် ပြုလုပ်ဆောင်ရွက်မှုများကို ပြုမူဆောင်ရွက်လာပါက ထိုသို့ပြုလုပ်ဆောင်ရွက်သူများကို မကေခိုင်ဦးမှ တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် မကေခိုင်ဦးမှလည်း ၎င်းရရန်ရှိသော နစ်နာဆုံးရှုံးခဲ့သည့် ငွေကြေးများကို ဥပဒေနှင့်အညီ ပြန်လည်တောင်းခံ တရားစွဲဆိုဆောင်ရွက်ပြီး၊ လေလံစုမဲအဖွဲ့ဝင်သက်ဆိုင်သူများ အမှန်တကယ်ရရန်ရှိသည့် လေလံစုမဲငွေများကို ဆက်လက်ညှိနှိုင်းပေးအပ်သွားမည်ဖြစ်ကြောင်း လေလံစုမဲအဖွဲ့ဝင်သက်ဆိုင်သူများနှင့် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**မကေခိုင်ဦး၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သင်းသင်းအေး (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၇၈၇)**
**အမှတ် ၃၈၊ ပြည်တော်သာလမ်း၊ ချောင်းနားတန်း၊ နဝင်းရပ်ကွက်၊ ပြည်မြို့**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
### (တရားမကျင့်ထုံး ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
### ရွှေပြည်သာမြို့နယ်တရားရုံးတော်
### ၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ် - ၁၆

| | | |
|---|---|---|
| ဦးခင်သိန်း | နှင့် | ဒေါ်မိုးမိုး |
| **တရားလို** | | **တရားပြိုင်** |

အထက်အမည်ပါ တရားပြိုင် ဒေါ်မိုးမိုး (အမှတ်-၅၂၄/(ခ)) အောင်စေတနာလမ်း၊ (၁၄)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ် တရားလို ဦးခင်သိန်းက လင်မယားကွာရှင်းပေးစေလိုမှု လျှောက်ထားစွဲဆိုထားချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၀ ပြည့်နှစ် မတ် ၁၃ ရက် (၁၃၈၁ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၅ရက်) မွန်းမတည့်မီ ၁၀ : ၀၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာ၌ ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ ၂၈ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ရဲသီဟဇော်)**
**ဒုတိယမြို့နယ်တရားသူကြီး(၂)**
**ရွှေပြည်သာမြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း

ကျောက်ဆည်မြို့၊ အေးမြကြည်လင်အရှေ့ရပ်ကွက် ဦးပိုင်အမှတ်(၁၄)ဒေါ်ဆွေဝင်း ၉/တတဥ(နိုင်)၀၈၀၃၄၁ ပိုင်ဆိုင်သော (၂၅ပေx၅၀ပေ)ရှိ မြေပေါ်တွင် အဆောက်အအုံဆောက်လုပ်မည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း။ **ဒေါ်ဆွေဝင်း**

**၉/တတဥ(နိုင်)၀၈၀၃၄၁**
**ဖုန်း-၀၉-၄၀၂၇၈၂၇၇**

## ဘဝနတ်ထံပျံလွန်တော်မူခြင်း
### သက်တော်ရှည် ဆရာတော်
# ဘဒ္ဒန္တရဋ္ဌသာရမဟာထေရ်
### (အဂ္ဂမဟာပဏ္ဍိတ၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်)
### သက်တော် (၉၄)နှစ်၊ သိက္ခာတော် (၇၄)ဝါ

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ သိမ်ဖြူလမ်း၊ မင်္ဂလာရာမပါဠိတက္ကသိုလ်ကျောင်းတိုက်၏ ဦးစီးပဓာနနာယက သက်တော်ရှည် ကျေးဇူးတော်ရှင်ဆရာတော်ကြီး ဘဒ္ဒန္တ ရဋ္ဌသာရမဟာထေရ်သည် (၁၃၈၁ ခုနှစ် တပေါင်းလဆန်း ၁၀ ရက်) ၃-၃-၂၀၂၀ ရက် (အင်္ဂါနေ့) နံနက် ၃:၅၀ နာရီတွင် SSC ဆေးရုံ၌ ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၈၁ ခုနှစ် တပေါင်းလပြည့်ကျော် ၆ရက်)၁၄-၃-၂၀၂၀ရက်(စနေနေ့) မွန်းလွဲ ၁၂:၃၀ နာရီတွင် မင်္ဂလာရာမပါဠိတက္ကသိုလ်ကျောင်းတိုက်၌ အန္တိမအဂ္ဂိဈာပနပူဇာသဘင်အခမ်းအနား ဆင်ယင်ကျင်းပပြီးလျှင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့်သံဃာ၊ ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

**ဈာပနကျင်းပရေးကော်မတီ**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9I/2844 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**

## ခရစ်တော်၌အိပ်ပျော်ခြင်း
### နော်အောလစ်(သန်လျင်)
### အသက် (၇၀)

(ဦးစောလတ်စတင်-နော်အက်စီ)တို့၏သမီး၊ (ဦးဘိုးကျော်-ဒေါ်အေးသာ)တို့၏သမီးချွေးမ၊ ဦးစောညွန့်(ဆ.လ.က တိုင်းဆောက်-၁၁၊ ငြိမ်း)၏ ချစ်လှစွာသောဇနီး၊ ဦးစောမူလာ-နော်ဆာဘလု၊ ဦးစောဆန်နီ-နော်ဆာအယ်တို့၏ညီမ၊ ကိုထွဋ်သီဟ-နော်မိုးမိုးအေး၊ ကိုအေးသူရ-နော်အက်စတာထူး(မဒုံး)၊ ကိုမောင်မောင်သက်ထွန်း-မချောစုမွန်၊ ကိုရှုမောင်-မချောစုငြိမ်းတို့၏ ချစ်လှစွာသောမိခင်၊ မောင်ပီတာငြိမ်းမောင်၊ နော်ထားစီးယိုတို့၏အဘွား နော်အောလစ်သည် ၃-၃-၂၀၂၀ရက် (အင်္ဂါနေ့) နံနက် ၁:၄၅နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၅-၃-၂၀၂၀ရက် (ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် သန်လျင်ကရင်နှစ်ခြင်းအသင်းတော်၌ ဝတ်ပြုဆုတောင်းပြီး သန်လျင် အမိုးနီခရစ်ယာန်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8M/6666 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်မြောက်ပိုင်း)၊ အင်းစိန်**

## ဘုရား၊ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး
# ဦးကျော်စိုး
### မော်လမြိုင် ကျော်သရေကွင်း(ညောင်ပင်လေးဈေး)
### အသက် (၅၆)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ ဒေါ်ဌေးဌေးကြည်၏ခင်ပွန်း၊ မဌေးစိုးမိုး၊ မောင်ဝေလင်းစိုး၊ မအိအိရတနာစိုးတို့၏ ဖခင်သည် ၃-၃-၂၀၂၀ရက် နံနက် (၁၀:၃၀)နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၃-၂၀၂၀ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာမည်။ ကွယ်လွန်သူအားရည်စူး၍ ၈-၃-၂၀၂၀ရက်(တနင်္ဂနွေ နေ့)နံနက် ၇နာရီမှ ၁၀ နာရီအထိ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ၂၁/၂၃ဗမ္မာရုံလမ်း၊ မြေညီထပ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9B/3488 NISSAN DIESEL/DUMP TRUCK (6x4)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်တင်နုရီ ၁၂/မရက(နိုင်)၁၁၇၄၈၄က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံးခွဲ**
**(ရွာသာကြီး)**

## အင်္ဂလိပ်ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5F/8563 ၏ အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2G/6503 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၂ယ/၂၈၂၂၆ Honda Dream ND 125 m/ ဆိုင်ကယ်ယာဉ်လက်ဝယ်ရှိသူ ဦးတင်မောင်ဦး ၁၀/သဖရ(နိုင်)၀၈၅၂၉၅က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အမှတ် (၅) ရပ်ကွက်၊ အောင်မင်္ဂလာ(၂)လမ်းရှိ အလျား(၂၁)ပေ အနံ(၅၀)ပေရှိ အမှတ်(၂၃)ဟု ခေါ်တွင်သော အိမ်ခြံမြေအား ပိုင်ရှင်ဖြစ်သူ ဦးအောင်သွင် ၁၂/တတန(နိုင်)၀၅၁၆၃၃ ထံမှ ဝယ်ယူမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် ယနေ့မှ ခုနစ်ရက်အတွင်း ဖုန်းဖြင့်ဖြစ်စေ (၀၉-၇၈၇၈၆၆၈၆၆၊ ၀၉-၄၅၁၁၉၉၅၉၉) လူကိုယ်တိုင်ဖြစ်စေ ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်းနှင့် ၎င်းရက်ကျော်လွန်ပါက အပြီးအပြတ်ဝယ်ယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ဦးကျော်လင်း**
**ဖုန်း-၀၉-၇၆၆၅၄၃၁၅၁**

## မွေးသက္ကရာဇ်အမှန်

ကသာမြို့နယ်၊ ဝက်တူးအုပ်စု၊ ကျွဲခြံကျေးရွာနေ (ဘ)ဦးနိုင်ဦး၏သမီး မစန္ဒာထွန်း(MA-(Myan))၏ မွေးသက္ကရာဇ်အမှန်မှာ ၂၁-၁၂-၉၂ ဖြစ်ပါကြောင်း။

၂၁-၁၂-၉၂

## ဖခင်အမည်မှန်

ကသာမြို့၊ ထခွဲလ(၁)၊ အဌမတန်း (B)မှ မောင်ဂျူလီဆာ၏ ဖခင်အမည်မှန်မှာ ဦးဒါနီရဲ့ ၁/မကန(နိုင်)၀၉၄၅၈၈ ဖြစ်ပါကြောင်း။

**ဦးဒါနီရဲ့**

**သွေးသည် အသက်**

## ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး လျှောက်ထားခြင်း

ယာဉ်အမှတ် 7G/3066 Nissan Candor MK 37A/Truck (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးစံမင်း ၁၀/သထန(နိုင်)၀၇၀၆၆၆ မှ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(သထုံ)**

## ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး လျှောက်ထားခြင်း

ယာဉ်အမှတ် 2L/6199 Forlond D/T (4x2)L ယာဉ်လက်ဝယ်ရှိသူ ဦးကျော်မျိုးထွန်း ၁၀/ပမန(နိုင်)၀၀၄၇၇၉ မှ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(သထုံ)**



မိတ္ထီလာခြေလျင်နှင့်တောင်တက်အသင်း ဖုန်ကန်ရာဇီရေခဲတောင်ပေါ်သို့ ယမန်နှစ်က တက်ရောက်ခဲ့စဉ်။ ဓာတ်ပုံ- ကိုထွန်းလွင်

# ဖုန်ကန်ရာဇီရေခဲတောင်ပေါ်သို့ မိတ္ထီလာခြေလျင်နှင့် တောင်တက်အသင်း တတိယအကြိမ် တက်ရောက်မည်

**မိတ္ထီလာ မတ် ၄**

ပူတာအိုမြို့နယ်အတွင်းရှိ ဖုန်ကန်ရာဇီရေခဲတောင် (အမြင့်ပေ ၁၁၉၂၀) ပေါ်သို့ လာမည့် မတ် ၃၁ ရက်တွင် မိတ္ထီလာခြေလျင်နှင့် တောင်တက်အသင်းမှ တာဝန်ရှိသူများနှင့် အသင်းသားများပါဝင်သည့် အဖွဲ့အနေဖြင့် တတိယအကြိမ်မြောက် တက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

“မိတ္ထီလာခြေလျင်နှင့် တောင်တက်အသင်းအနေနဲ့ ဖုန်ကန်ရာဇီရေခဲတောင်တက်ခရီးကို တတိယအကြိမ် တက်ရောက်သွားမှာဖြစ်ပါတယ်။ မတ် ၃၀ ရက်မှာ မိတ္ထီလာကနေ ပူတာအိုကို စတင်ထွက်ခွာပြီး မတ် ၃၁ ရက်မှာ အမြင့်ပေ ၁၁၉၂၀ ရှိတဲ့ ဖုန်ကန်ရာဇီရေခဲတောင်ပေါ်ကို စတင်တက်ရောက်မှာ ဖြစ်ပါတယ်။ ဖုန်ကန်ရာဇီရေခဲတောင်ခြေအထိ အသင်းက စုစုပေါင်း ကိုးဦး သွားရောက်မှာ ဖြစ်ပါတယ်။ တောင်ခြေ ရွာဖြစ်တဲ့ ဇီယာဒမ်းရွာမှာ ကျွန်တော်တို့ဇနီးမောင်နှံက အနီးနားရွာတွေက ဒေသခံတွေကို ကျန်းမာရေးစောင့်ရှောက် ဆေးကုသပေးတဲ့ အလုပ်တွေကို ဆောင်ရွက်သွားမှာဖြစ်ပြီး ကိုဇေယျာအပါအဝင်

*စာမျက်နှာ ၁၂ ကော်လံ ၄* ✻

## မြန်မာနိုင်ငံစစ်တုရင်ချန်ပီယံ အင်တာနေရှင်နယ်မာစတာ ဝင်းဇော်ထွန်း ချန်ပီယံဆွတ်ခူး

**ရန်ကုန် မတ် ၄**

မြန်မာနိုင်ငံ စစ်တုရင်ချန်ပီယံ အင်တာနေရှင်နယ်မာစတာ ဝင်းဇော်ထွန်းနှင့် စင်ကာပူနိုင်ငံ စစ်တုရင်ချန်ပီယံ အင်တာနေရှင်နယ်မာစတာ ကီဗင်ဂိုဝီမင်းတို့၏ ချန်ပီယံနှစ်ဦး ထိပ်တိုက်တွေ့ဆုံမှုမှာ ပြီးဆုံးခဲ့ပြီဖြစ်သည်။ စစ်တုရင်စီးချင်းထိုးပြိုင်ပွဲကို မတ် ၁ ရက်မှ ၄ ရက်အထိ ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း၊ OK Art Gallary ခန်းမတွင် နံနက် ၉ နာရီတစ်ပွဲ၊ ညနေ ၃ နာရီ တစ်ပွဲ တစ်နေ့လျှင် နှစ်ပွဲနှုန်းဖြင့် ယှဉ်ပြိုင်ခဲ့ကြခြင်းဖြစ်သည်။

အဆိုပါ စစ်တုရင်စီးချင်းထိုး ပြိုင်ပွဲတွင် Standard Chess ပုံမှန်ပွဲစဉ်၊ စစ်တုရင်အမြန်ရွှေ့ (Rapid) ပြိုင်ပွဲ၊ လျှပ်တစ်ပြက် (Blitz) ပြိုင်ပွဲဟူ၍ ပြိုင်ပွဲအမျိုးအစား သုံးမျိုး ယှဉ်ပြိုင်ကစားရပြီး တစ်မျိုးလျှင် ပွဲစဉ်ခြောက်ပွဲ ယှဉ်ပြိုင်ကစားခဲ့ကြသည်။ မတ် ၁ ရက်မှ ၃ ရက်အထိ စစ်တုရင် Standard Chess ပုံမှန်ပွဲစဉ် ကစားခဲ့သည်။ ခြောက်ပွဲကစားပြီးချိန်တွင် စင်ကာပူနိုင်ငံ စစ်တုရင်ချန်ပီယံ အင်တာနေရှင်နယ်မာစတာ ကီဗင်ဂိုဝီမင်းက နှစ်ပွဲနိုင်၊ လေးပွဲသရေဖြင့် အနိုင်ရရှိနေခဲ့ကာ ပြတ်ပြတ်သားသား ဦးဆောင်နေခဲ့သည်။

*စာမျက်နှာ ၁၂ ကော်လံ ၁* ✻



မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမောင်မောင်လွင် ချန်ပီယံအင်တာနေရှင်နယ်မာစတာ ဝင်းဇော်ထွန်းအား ဆုချီးမြှင့်စဉ်။

## FA Cup 2020 (Round to Final) ပွဲစဉ်များအနက် Derby County နှင့် Man United ပွဲစဉ်တို့အား မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (MRTV) နှင့် MRTV Sports Channel တို့တွင် တိုက်ရိုက်ထုတ်လွှင့်ပြသမည်

**နေပြည်တော် မတ် ၄**

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် နိုင်ငံတကာဘောလုံးပြိုင်ပွဲများဖြစ်သည့် FA Cup 2020 (Round to Final) ပွဲစဉ်များအနက် မတ် ၆ ရက်၊ မြန်မာစံတော်ချိန် နံနက် ၂ နာရီ ၁၅ မိနစ်တွင် ယှဉ်ပြိုင်ကစားမည့် Derby County နှင့် Man United အသင်းတို့၏ ပွဲစဉ်အား မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (MRTV) နှင့် MRTV Sports Channel တို့မှ အဆိုပါနေ့ နံနက် ၂ နာရီမှစတင်၍ တိုက်ရိုက်ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## အာဆီယံ ယူ-၁၈ အမျိုးသမီးပြိုင်ပွဲအတွက် မြန်မာအသင်း ပြင်ဆင်မည်



မြန်မာ ယူ-၁၈ အသင်းတွင် ပါဝင်လာဖွယ်ရှိသည့် တိုက်စစ်မှူး မြတ်နိုးခင်။ ဓာတ်ပုံ- စိုးညွန့်

**ရန်ကုန် မတ် ၄**

အာဆီယံ ဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် ၂၀၂၀ အာဆီယံ ယူ-၁၈ အမျိုးသမီးပြိုင်ပွဲအတွက် မြန်မာ ယူ-၁၈ အမျိုးသမီးအသင်းသည် မေလတွင် စတင်လေ့ကျင့်မည်ဖြစ်သည်။

မြန်မာ ယူ-၁၈ အမျိုးသမီးအသင်းသည် မေ ၁ ရက်တွင် စတင်လေ့ကျင့်ရန် စီစဉ်ထားပြီး ကစားသမား ၃၀ ကျော်ဖြင့် ဖွဲ့စည်းမည်ဖြစ်သည်။ မြန်မာ ယူ-၁၈ အမျိုးသမီးအသင်းသည် နှစ်ဆန်းပိုင်းတွင် လေ့ကျင့်ခဲ့သော်လည်း ကစားသမားအများစုမှာ တက္ကသိုလ်ဝင်တန်းစာမေးပွဲ ဖြေဆိုရန်ရှိသောကြောင့် လေ့ကျင့်မှုရပ်နားကာ မေလမှ ပြန်လည်လေ့ကျင့်မည် ဖြစ်သည်။ ယင်းအသင်းကို နည်းပြချုပ်အဖြစ် ဒေါ်သက်သက်ဝင်းက ဆက်လက်ကိုင်တွယ်မည်ဖြစ်ပြီး ပြီးခဲ့သည့်နှစ်က *စာမျက်နှာ ၁၂ ကော်လံ ၁* ❍

## COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

### (၄-၃-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

၁။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ကမ္ဘာ့နိုင်ငံ (၇၂) နိုင်ငံတွင် ကူးစက်ပျံ့နှံ့လျက်ရှိသည့် COVID-19 လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါဖြစ်ပွားမှုဖြစ်စဉ်နှင့် ပတ်သက်၍ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများအား အပြည်ပြည်ဆိုင်ရာ ဝင်ပေါက်၊ ထွက်ပေါက်ဂိတ်များတွင် လည်းကောင်း၊ ဆေးရုံအခြေပြုအဖြစ် လည်းကောင်း၊ ပြည်သူလူထုအခြေပြု စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများဖြင့် လည်းကောင်း၊ ပုဂ္ဂလိကဆေးရုံများနှင့် ပူးပေါင်း၍လည်းကောင်း ဆောင်ရွက်လျက်ရှိပါသည်။

၂။ ထိုသို့ဆောင်ရွက်ရာတွင် -

(က) ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ်တွင် နေထိုင်သော အသက် (၂၈ နှစ်) အရွယ် အမျိုးသားတစ်ဦးသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ထိန်ချုံးပြည်နယ်၌ သွားရောက်အလုပ်လုပ်ကိုင်ခဲ့ပြီး (၁-၃-၂၀၂၀) ရက်နေ့တွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိရာ ဝိုင်းမော်မြို့နယ် ကန်ပိုင်တီးနယ်စပ်ဂိတ်တွင် ကိုယ်အပူချိန်မြင့်တက်နေကြောင်း တွေ့ရှိခဲ့ရသဖြင့် ကန်ပိုင်တီးတိုက်နယ်ပြည်သူ့ဆေးရုံသို့ လွှဲပြောင်း၍ ကျန်းမာရေးစစ်ဆေးခဲ့ရာ လူနာသည် (၂၃-၂-၂၀၂၀) ရက်နေ့မှစတင်၍ ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူကျပ်ခြင်း၊ မောခြင်းစသော ပြင်းထန်အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါလက္ခဏာများ ခံစားခဲ့ရကြောင်း တွေ့ရှိရသည့်အတွက် ၎င်းအား စောင့်ကြည့်လူနာအဖြစ် သတ်မှတ်၍ သီးခြားထားရှိ ကုသမှုပေးလျက်ရှိပြီး ဓာတ်ခွဲနမူနာ ရယူ၍ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) သို့ ပေးပို့စစ်ဆေးရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

*စာမျက်နှာ ၁၂ ကော်လံ ၁* ❒